
# မိုးကျော်ဂျ



သိုင်းလောက၏ လူစိမ်းဧည့်သည်

စာမူကြိုတင်ခွင့်ပြုအမှတ် ၅၈၆/၉၃(၉)
မျက်နှာဖုံး ခွင့်ပြု အမှတ် ၆၉၁/၉၃(၁၀)

ပထမအကြိမ်
၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလ
အုပ်ရေ [၄၀၀]
တန်ဖိုး ၅၅/-

ထုတ်ဝေသူ ဦးလှရွှေး(မြဲ၀၁၁၈၃)
လှရွှေးစာပေ
အမှတ် ၂၅၊ ၁၂၆ လမ်း
တာမွေ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ဒေါ်ကျင်ငွေ(မြဲ ၀၃၁၄၆)
ဇမ္ဗူအောင်ပုံနှိပ်တိုက်
အမှတ်(၁)၊ စပယ်ခြံ(၃)လမ်း၊
ကမာရွတ်၊ ရန်ကုန်။

မျက်နှာဖုံးရိုက် ဦးတိုးဝင်း(မြဲ ၀၂၄၃၁)
နေလရောင် အော့ဖ်ဆက်
၉၆။ ၁၁ လမ်း၊
ရန်ကုန်မြို့။

# မိုးကျော်သူ

# သိုင်းလောက လူစိမ်းဧည့်သည်

(ပထမပိုင်း)

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး.... (ဒို့အရေး)
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး.... (ဒို့အရေး)
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး.... (ဒို့အရေး)

စည်းကမ်းလိုက်နာ ဘေးကင်းကွာ။
စည်းကမ်းရှိမှ တိုးတက်မည်။
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ပဓာနကျသောတာဝန်ဖြစ်သည်။

ပွင့်စာပေ
အမှတ် ၁၅/၁၃၈၊ ဖြလမ်း
တောင်ငူမြို့
ဖုန်း ၂၀၄၅၅

နေရောင်ခြည် ဖြာကျနေသည်။ ဝန်းကျင်တစ်ခုလုံး သာယာလှပနေ၏။

အဝေးတွင် မှိုင်းညို့ညို့ တောင်တန်းကြီးများကို မြင်တွေ့နေရသည်။

စိမ်းလန်းသော သစ်တောကြီးများ၏ အရိပ်အောက်၌ ဝါးပင်ကလေးများမှာ လှပဘင့်တယ်စွာ တည်ရှိ နေလေသည်။

ထိုရွာကလေးတွင် အိမ်ခြေ တစ်ရာကျော်ခန့်ရှိပြီး လယ်သမား၊ ယာသမားများ မှီတင်းနေထိုင်ကြ၏။

‘နောင်နောင်... နောင်နောင်’

သာယာသော မောင်းသံ ထွက်ပေါ်လာသည်။ အသက်တစ်ဆယ့် ငါးနှစ်ခန့်ရှိ လူငယ်လေးတစ်ယောက်သည် မောင်းတစ်ခုကိုကိုင်တွယ်ကာ ခပ်ဖွဖွတီးရင်း ရွာထဲမှ ထွက်လာ၏။

ထိုလူငယ်၏နောက်တွင် အသက် ငါးဆယ်ခန့်ရှိ ရသေ့ကြီးတစ်ပါးသည် သပိတ်ကိုပိုက်ကာ ကျနွေသိက္ခာ အပြည့်ဖြင့် ထမြည်းမြည်းချင်း လိုက်ပါလာ၏။

ရွာထိပ် အိမ်ကလေး တစ်လုံးရှေ့သို့ ရောက်သည့်အခါ...

'ရပ်တော်မူပါဦး ရသေ့ကြီး'

အမျိုးသမီးကြီး တစ်ယောက် ထွက်လာကာ ရသေ့ကြီး အတွက် မုန့်များ လောင်းလှူလေသည်။

'သာဓု...သာဓု...သာဓု'

ရသေ့ကြီးက ကောင်းချီးပေးလိုက်သည်။ ထို့နောက်ရှေ့ဆက် လျှောက်လှမ်း သွားလေသည်။ ရသေ့ကြီးနှင့် လူငယ်လေးတို့သည် ရွာအပြင်သို့ ရောက်လျှင် တောင်တန်းကလေး တစ်ခုဆီသို့ ဦးတည် လျှောက် သွားလေသည်။

တောင်ကုန်းကလေးပေါ်တွင် ဝါးဖြင့် ဆောက်လုပ်ထားသော ကျောင်းသင်ခန်းတစ်ခုရှိနေပါသည်။

ရသေ့ကြီးနှင့် လူငယ်လေးတို့ ကျောင်းသင်ခန်းရှေ့သို့ ရောက်ရှိသည်နှင့် ရသေ့ကြီးက...

'ဖုကျိ...မင်းရဲ့မောင်းကိုသိမ်းပြီး ငါ့အတွက် ရေနွေးတစ်အိုး တည်ပေးပါ'

ဟု မိန့်ကြားလေသည်။

ဖုကျိ ဆိုသော လူငယ်လေးက ဦးညွှတ်လိုက်သည်။

'အမိန့်အတိုင်းပါ ရသေ့ကြီး'



ဖုကျိသည် မောင်းကို ကျောင်းသင်ခန်းထောင့် တစ်နေရာတွင် တင်ထားလိုက်ပြီး နောက်ဘက်သို့ ကွေ့ပတ် လျှောက်သွားလေသည်။

ခပ်သွက်သွက်ရှိလှသော ဖုကျိ၏ကျောပြင်ကို စိုက်ကြည့်ရင်း ရသေ့ကြီး ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

'အင်း...ဖုကျိကို ရထားတာ ငါ ကံကောင်းတာပဲ'

မှန်ပါသည်။ ဖုကျိမှာ ရသေ့ကြီး၏ ဝေယျာဝစ္စ ကိစ္စ အဝဝကို တစ်ဦးတည်း ဒိုင်ခံ ပြုလုပ်ပေးနေသူ ဖြစ်လေသည်။

ယခုလည်း ရသေ့ကြီး ကိုယ်လက်မအီမသာ ဖြစ်နေမှန်း သိ၍ ဆေးဆောက်ရန်အတွက် ရေနွေးတစ်အိုး ပြေးလွှားတည် နေခြင်းဖြစ်သည်။

သူရှိနေခြင်းကြောင့် ရသေ့ကြီး အဆင် ပြေနေရသလို ရသေ့ကြီးနှင့် နေရခြင်းကြောင့် ဖုကျိအတွက်လည်း ကံကောင်းလေသည်။ လွန်ခဲ့သည့် ငါးနှစ်ခန့်က ဝါးပင်ရွာကလေးတွင် ဝမ်းရောဂါကပ်ဆိုးကြီး ကျရောက်ခဲ့သည်။

လယ်ယာလုပ်သားကြီးများဖြစ်ကြသော ဖုကျိ၏ မိဘနှစ်ပါးစလုံး ဝမ်းရောဂါကြောင့် တိမ်းပါးသွားကြသည်။

ဖုကျိမှာ လောကအလယ်တွင် တစ်ကောင်ကြွက် တစ်မျက်နှာဖြစ်ကာ ကျန်ရစ်ခဲ့လေသည်။

ထိုစဉ်က ဆယ်နှစ်ခန့်သာရှိသေးသော ဖုကျိမှာ ဆွေမျိုး ညာတိမရှိရခြင်းကြောင့် နေရေးထိုင်ရေး၊ စားရေး သောက်ရေးအတွက် ကြီးစွာ အတိဒုက္ခရောက်ခဲ့ရလေသည်။

ရှာသူရှာသားများမှာ အကြင်နာတရား ရှိကြသော်လည်း လူတိုင်းလိုလို အခက်အခဲ ကြုံတွေ့နေကြသဖြင့် ဖုကျိအား ငဲ့စောင်းမကြည့်နိုင်ဘဲ လျစ်လျူရှုထားကြရပေသည်။

ဤတွင် ဖုကျိနှင့်ရသေ့ကြီးတို့ တွေ့ဆုံရန် အကြောင်းဖန်လာသည်။ ရသေ့ကြီးကဖုကျိအား သူ၏ကျောင်းသင်ခန်းသို့ ခေါ်သွားပြီး ကျွေးမွေး စောင့်ရှောက် ထားလေသည်။

ထိုအချိန်မှစ၍ ဖုကျိမှာ နေရေး၊ စားရေး မပူပင်ရတော့ဘဲ အစစအရာရာ ပြည့်စုံခဲ့သည်ဟု ဆိုရပေမည်။

ဖုကျိကလည်း ရသေ့ကြီးအတွက် အစစအရာရာလိုလေသေးမရှိအောင် လုပ်ကိုင်ဆောင်ရွက်ပေးသည်။

ဖုကျိသည် ရေနွေးမြန်မြန်ဆူစေရန် မီးဖိုထဲသို့ ထင်းများထည့်ကာ တဖူးဖူးမြည်အောင် မှုတ်နေ၏။

ထိုအချိန်မှာပင်....

'ဖုကျိ....ဖုကျိ မြန်မြန်လာခဲ့စမ်း'

ရသေ့ကြီး၏ အထိတ်တလန့်အော်သံ ထွက်ပေါ်လာလေသည်။

တဖူးဖူးမှုတ်နေသော ဖုကျိမှာ ဆတ်ခနဲပင် ထရပ်လိုက်မိ၏။

'ရသေ့ကြီး....ဘာများဖြစ်လို့ပါလိမ့်'

ကျောင်းသင်ခန်းရှေ့ဘက်သို့ အပြေးအလွှား ထွက်လာမိလေသည်။ ရသေ့ကြီးမှာကျောင်းသင်ခန်းရှေ့၌ပင် ရှိနေသေးသည်။

သူ၏အနီးသို့ ဖုကျိရောက်သွားသောအခါ....



'ဖုကျိ ဟိုမှာကြည့်စမ်း'

ရသေ့ကြီးက တစ်နေရာသို့ လက်ညှိုးညွှန်ကာ ပြောလေသည်။ ဖုကျိ ကြောင်အမ်းအမ်းဖြင့် လှမ်းကြည့်လိုက်ရာ....

'ဟာ....သွေးကွက်တွေပါလား'

မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရသည့် မြင်ကွင်းကြောင့် ဖုကျိ လွှတ်ခနဲ အော်လိုက်မိလေသည်။

မှန်ပါသည်။

သွေးကွက်များသည်မြေပြင်ပေါ်၌လည်း ကောင်း၊ ကျောင်းသင်ခန်းပေါ်သို့ တက်သည့်လှေကားပေါ်၌လည်းကောင်း စွန်းထင်းပေကျံနေသည်ကို တွေ့ရ၏။

ထိုသွေးကွက်များသည် အလိုအလျောက် စွန်းထင်းပေကျံနေမည်မဟုတ်ပါ။

တစ်စုံတစ်ခုသော ကြောင်းခြင်းရာကြောင့် စွန်းထင်းပေကျံနေခြင်း ဖြစ်မည်။

ဖုကျိနှင့် ရသေ့ကြီးတို့ တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်မိကြလေသည်။

'ဖုကျိ....ကျောင်းပေါ် တက်ကြည့်စမ်း'

ရသေ့ကြီး၏အသံက မသိမသာ တုန်ယင်နေ၏။ အခြေအနေ ထူးခြားနေမှန်း သိသော်လည်း ရသေ့ကြီး၏ ခိုင်းစေမှုကို ဖုကျိက စောဒကမတက်ပါ။

'ကောင်းပါပြီ ရသေ့ကြီး'

ပြောပြီးသည်နှင့် ကျောင်းပေါ်သို့ လှမ်းတက် လိုက်လေသည်။ သေွးကွက်များကိုရှောင်ပြီး သတိထား၍ ခြေလှမ်း တက်သွားခြင်း ဖြစ်လေသည်။

ကျောင်းသင်ခန်းမှာကြီးမားကျယ်ဝန်းလှသည် မဟုတ်ပါ။ ထို့ကြောင့် ကျောင်းပေါ်သို့ ရောက်သွားသည်နှင့် ကြမ်းပြင်ပေါ်တွင် မှောက်ခုံကြီးလဲကျနေသူတစ်ယောက်အား ဘွားခနဲ တွေ့မြင်လိုက်ရလေသည်။

'အမယ်လေး၊ လူတစ်ယောက် သေနေတယ်ဗျ'

ဖုကျိ အထိတ်တလန့်ဖြင့် အသံကုန် ဟစ်အော်လိုက်မိလေတော့သည်။

....၀....



ကျောင်းပေါ်တွင် လူတစ်ယောက် မှောက်ခုံကြီး လဲကျနေ၏။

မလှုပ်မယှက် ငြိမ်သက်နေကာ အဝတ်အစားတွင် သွေးများ စွန်းထင်းပေကျံနေလေသည်။

'ဖုကျိ ...ဖုကျိ'

ရသေ့ကြီးသည် ကျောင်းပေါ်သို့ချက်ချင်း ရောက်ရှိလာလေသည်။

ဖုကျိက ထိတ်ထိတ်ပျာပျာဖြင့် ညွှန်ပြရင်း...

'ရသေ့ကြီး...ဟိုမှာကြည့်ပါဦး'

အမှန်တော့ သူ ညွှန်ပြစရာပင် မလိုအပ်တော့ပါ။

ရသေ့ကြီးမှာ ကျောင်းပေါ်သို့ ရောက်လာသည်နှင့် အနိဌာရုံမြင်ကွင်းအား တွေ့မြင်သွားပြီ ဖြစ်လေသည်။

'ဒါ...ဒါက ဘယ်လိုဖြစ်ရတာလဲ'

ဖုကျိ ခေါင်းခါယမ်းလိုက်သည်။

'ကျွန်...ကျွန်တော် မသိဘူး'

'စားပါဟာ... ငါက မင်းကို အပြစ်တင်တာ မဟုတ်ပါဘူး'

ရသေ့ကြီးက ဖုကျိပခုံးအား တစ်ချက်ပုတ်လိုက်ပြီး....

'သူ့ကို ပက်လက်လှန်လိုက်ပါလား၊ ဒါမှ သူ့မျက်နှာကို တွေ့ရမှာ၊ ဘယ်သူဘယ်ဝါဆိုတာ သိရတာပေါ့'

'ဟာ... ကျွန်တော် သွားမကိုင်ရဲဘူး'

ဖုကျိက အထိတ်တလန့်ဖြင့် ကပျာကယာ ပြန်ပြောလိုက်သည်။

ရသေ့ကြီး စိတ်မရှည်နိုင်သလို ဖြစ်သွားသည်၊

'ဒါဖြင့်... ရွာသားတွေ သွားခေါ်ကွာ'

တရားအားထုတ်သည့်ကျောင်းသင်ခန်းနှင့်လူသေအလောင်းမှာ မည်သို့မျှ ဆက်စပ်မှုမရှိပါ။ အမြန်ဆုံး ရှင်းလင်းပစ်ရန် လိုအပ်ပေသည်။

'ကောင်းပါပြီ ရသေ့ကြီး'

ဖိုးကျော်က ပြောပြောဆိုဆို ပြေးထွက်သွားရန် ဟန်ပြင်လိုက်သည်။ ထိုစဉ်မှာပင်....

'အင်း....အင်း'

လဲကျနေသူထံမှ ညည်းညူသံသဲ့သဲ့ ထွက်ပေါ်လာသည်။

ညည်းညူသံနှင့်အတူ မှောက်ခုံကြီးလဲကျနေသူမှာ လူးလွန့်လှုပ်ရှားလာသည်ကို တွေ့ရလေသည်။

'ဟာ....'

'ဟင်....'

ရသေ့ကြီးနှင့် ဖိုးကျော်တို့ ထိတ်လန့်အံ့သြကာ လွတ်ခနဲ အော်လိုက်မိကြလေသည်။ နှစ်ယောက်သား မျက်လုံးပြူးကြီးများဖြင့် ထိုသူ့ကို ငေးကြည့်မိကြ၏။

'ရေ...ရေပေးပါ'

လဲနေသူထံမှ တိုးတိုးညည်းညူသံ ထွက်ပေါ်လာ၏။ ထိုအခါမှ ရသေ့ကြီးနှင့် ဖိုးကျော်တို့ သတိဝင်လာကြလေသည်။

ရသေ့ကြီးက လဲနေသူကို မျက်လုံးကြီးဖြင့် ကြည့်ကာ....



'သူ...မသေသေးဘူးကွ'

'ဟုတ်တယ်....ဟုတ်တယ်၊ သူမသေသေးဘူး'

'သူ ရေဆာနေတယ်နဲ့ တူတယ်'

'ဟုတ်တယ်....ရေဆာလို့ ရေတောင်းနေတာ'

'မင်းပဲ ရေသွားခပ်ပြီး တိုက်လိုက်ပါကွာ'

'ဗျာ....'

ဖိုးကျော်မှာ မျက်လုံးပြူး မျက်ဆံပြူးဖြစ်ကာ ကယောင်ကတမ်း နောက်ဆုတ်သွားလေသည်။

ထို့နောက် ထိတ်ထိတ်ပျာပျာ လေသံဖြင့်....

'ကျွန်....ကျွန်တော် မတိုက်ရဲဘူးဗျ'

ရသေ့ကြီး မျက်နှာတည်သွားကာ....

'ဖိုးကျော်....ဒုက္ခရောက်နေတဲ့ သူကိုတွေ့ရင် ကူညီရမယ်လို့ မင်းကိုငါမှာထားတာ မေ့နေပြီလား'

'ရသေ့ကြီး....ကျွန်တော်....'

ဖိုးကျော်က စောဒကတက်ရန် ကြိုးစားလိုက်သော်လည်း....

'စကားမရှည်နဲ့၊ ခုချက်ချင်း ရေသွားခပ်ပြီး တိုက်လိုက်ပါ'

ရသေ့ကြီးက သူ့စကားကို ကြားဖြတ်ပြီး အမိန့်ပေးလိုက်သောကြောင့် ဖိုးကျော် စိတ်ပျက်သွားရလေတော့သည်။

ဦးခေါင်းကို တဗျင်းဗျင်းမြည်အောင် ကုတ်လိုက်ပြီး....

'ဒုက္ခပါပဲ'

ခပ်ညည်းညည်း ရေရွတ်ကာ သောက်ရေအိုးစင်ရှိရာသို့ မလှမ်းချင် လှမ်းချင် လှမ်းသွားလေသည်။

ထို့နောက် ရေတစ်ခွက်ခပ်ကာ ပြန်လှည့်လာပြီး ရေခွက်ကို ရသေ့ကြီးအား ထိုးပေးလိုက်လေသည်။

ရသေ့ကြီးက ခေါင်းခါယမ်းရင်း....

'မင်းပဲတိုက်လိုက်ပါ'

'ဟာ....ကျွန်တော် မတိုက်ရဲဘူးဗျ၊ ရသေ့ကြီး တိုက်လိုက်ပါ'

'လုပ်စမ်းပါကွာ၊ မင်းက လိမ်မာပါတယ်....တိုက်လိုက်စမ်းပါ'

'ကျွန်တော်....ကျွန်တော်....'

ရသေ့ကြီး စိတ်မရှည်နိုင်တော့ပါ။

'မင်း ကောင်တော် အသုံးမကျတဲ့ အကောင်ပဲ၊ ကဲ....ပေး....ပေး'

ရသေ့ကြီးသည် ပြောပြောဆိုဆိုပင် ဖုကျိုလက်ထဲမှ ရေခွက်ကို လှမ်းယူလိုက်၏။ အမှန်တော့ သူတို့နှစ်ယောက်စလုံး ထိတ်လန့်နေကြသည်။

သွေးရဲရဲ သံရဲရဲ သေလုမျောပါး ဖြစ်နေသူတစ်ယောက်အား ပထမဦးဆုံးအကြိမ် အနီးကပ်ရခြင်းကြောင့် ဖြစ်သည်။

သို့ဖြစ်၍ ရေတိုက်ရန် တစ်ယောက်ကိုတစ်ယောက် လွှဲချနေကြခြင်း ဖြစ်ပေတော့သည်။

နောက်ဆုံးတွင် ရသေ့ကြီးကိုယ်တိုင် မလွှဲမရှောင်သာဘဲ တာဝန်ယူလိုက်ရ၏။ လဲကျနေသူမှာ မှောက်ခုံကြီး ဖြစ်နေ၍....



'ဖုကျို....ဒီမှာလာပြီး ဝိုင်းကူပါဦးကွ၊ မှောက်ခုံကြီးဆိုတော့ ဘယ်လိုလုပ်ပြီး ရေတိုက်လို့ ရမှာလဲ'

ရသေ့ကြီးက အော်ခေါ်လိုက်ရာ ဖုကျို မကျေမနပ် ဖြစ်သွားလေသည်။

'တော်တော်ကပ်တဲ့ ရသေ့ကြီး'

ဖုကျိုသည် မကျေမနပ်ဖြင့် ရေရွတ်ပြီး လှမ်းသွားလေသည်။

'လာ....လာ....မင်းဒီဘက်ကမ ငါဟိုဘက်က မ,မယ်'

ပြောပြောဆိုဆို ရသေ့ကြီးက လဲကျနေသူ၏ ဝဲဘက်ပခုံးကို ဆုပ်ကိုင်လိုက်၏။ ဖုကျိုက ထိုလူ၏ ခြေထောက်ကို မ,ပံ့မရဲ ကိုင်လိုက်လေသည်။

သူတို့နှစ်ယောက် ဖြိုင်တူ ဆွဲမလိုက်ကြရာ ထိုသူမှာ ပက်လက် အနေအထားသို့ ရောက်ရှိသွားလေတော့၏။

'ရေ.. ရေပေးပါ'

ထိုလူထံမှ ညည်းတွားသံ ထွက်ပေါ်လာပြန်သည်။ လွန်စွာ အားနည်းနေ၍ ထိုသူ၏ အသံသည် သဲ့သဲ့မျှသာ ထွက်ပေါ်လာနိုင်ပေသည်။

ရသေ့ကြီးက ရေခွက်ကို ထိုလူ၏နှုတ်ခမ်း၌ တေ့ပေးရင်း နည်းနည်းချင်း တိုက်ကျွေးလိုက်၏။

ထိုလူမှာ ရေကို အငမ်းမရ သောက်လိုက်၏။ ရေသောက်လိုက်ရသဖြင့် အနည်းငယ် သက်သာလာပုံ ရလေသည်။

ရသေ့ကြီးနှင့် ဖုကျိုတို့အား မျက်လုံး ဖွင့်ကြည့်လာ၏။ ရသေ့ကြီး ဝမ်းသာသွားသည်။

'မင်းဘာမှ မပူနဲ့၊ ကျုပ်က မင်းကို သမားတော်ဆီ ပို့ပေးပါ့မယ်'

ထိုလူမှာ အသက်သုံးဆယ်ခန့် ရှိမည်ဟု ထင်ရလေသည်။ အဖြူရောင်ကိုယ်ကြပ်အင်္ကျီ ဝတ်ဆင်ထားသဖြင့် သိုင်းသမား တစ်ယောက် ဖြစ်ပုံရသည်။

သူ၏ ခန္ဓာကိုယ်ပေါ်တွင် ဒဏ်ရာဒဏ်ချက် မရှိဘဲ သွေးများ စွန်းထင်းပေကျံနေခြင်းကြောင့် အတွင်းဒဏ်ရာ ရလာခြင်း ဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပေသည်။

ထိုလူက အားယူ၍ ပြောလေသည်။

'သုံ့....လာနေပြီ'

ထိုသို့ ပြောလိုက်ချိန်တွင် ထိုလူ၏ အမူအရာမှာ အလွန် ကြောက်ရွံ့ ထိတ်လန့်နေသည့်အသွင် ဆောင်နေ၏။

သူ၏ ထိတ်ထိတ်ပျာပျာ အမူအရာကြောင့် ရသေ့ကြီးနှင့် ဖုကျိတို့ပင် မသိမသိ ကျောချမ်း သွားမိကြ၏။

'ဘယ်သူလဲ....'

ရသေ့ကြီးက အထိတ်တလန့် ပြန်မေးလိုက်သည်။

ထိုလူက အားယူရင်း ပြန်ပြော၏။

'ကြယ်....ကြယ်တံခွန်ဆရာ'

'ဘယ်လိုကွ ၊ ကြယ်တံခွန်ဆရာ ဟုတ်လား'

'ဆ...အ, အဘိုးအိုကို ဒုက္ခပေးတော့မယ်၊ ရှောင်လင် ကျောင်းတိုက်ကို မြန်မြန် သွားပြောပေးပါ'

ထိုလူသည် ထိတ်လန့်စရာ အရေးအခင်းတစ်ခုနှင့် ကြုံတွေ့ခဲ့ရပုံ ရလေသည်။



တုန်တုန်ယင်ယင်ဖြင့် သေရေး ရှင်ရေးကဲ့သို့ ပြောနေ လေသည်။

'မြန်မြန် သွားပြောပေးပါ'

'မြန်မြန် သွားပြောပေးပါ'

ထိုစကားကိုသာ ထပ်တလဲလဲ ပြောလျက် ရှိနေလေသည်။

'ရှောင်လင်ကျောင်းကို သွားပြောပေးရမယ် ဟုတ်လား'

ရသေ့ကြီးက မျက်မှောင်ကြုတ်ရင်း ပြန်မေးလိုက်၏။

'ဟုတ်တယ်၊ ကျောင်းထိုင် ဆရာတော်ကို ပြောမှဖြစ်မယ်၊ သူက လူ့ဗာလ လေးဖော်နဲ့ မိတ်ဖွဲ့ပြီး လူတွေကို ဒုက္ခ ပေးတော့မယ်'

'ဟော....'

ထိုလူ၏ စကားကြောင့်.... ရသေ့ကြီးပါးစပ် အဟောင်း သား ဖြစ်သွားရလေသည်။

'လူတွေကို ဒုက္ခ ပေးတော့မယ် ဆိုပါလားကွ'

'ဒါဆို ကျွန်တော်တို့လဲ ဒုက္ခရောက်တော့မှာပေါ့'

ဖုကျိက အလန့်တကြားဖြင့် သံယောင်လိုက်ကာ ပြောလေသည်။

'သူ့ကို ရှောင်လင်ကျောင်းထိုင်ကပဲ တားဆီးနိုင်လိမ့်မယ်'

ထိုလူသည် ပြောရင်း ပြောရင်းဖြင့် အသံများ တဖြည်းဖြည်း တိမ်ဝင်သွား၏။

ထို့နောက် အမောဖောက်ကာ ချောင်းတဟွပ်ဟွပ် ဆိုးလာလေတော့သည်။

ရသေ့ကြီးနှင့် ဖုကျိုတို့ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်သွားကြ၏။

'ဝေါ့...'

ရုတ်တရက် ထိုလူက သွေးများ အန်ထုတ်လိုက်သည်။

ဖုကျိုနှင့် ရသေ့ကြီးတို့ ကပျာကယာ နောက်ဆုတ် မိလိုက်ကြ၏။

ထိုလူသည် ကြမ်းပြင်ပေါ်မှ လူးလိမ့်သရန်း ကြိုးစားရင်း...

'ရွှောင်လင်ကျောင်းထိုင်ကို သွားပြောပေးပါ ကြယ်တံခွန်ဆရာ လာနေပြီ သူက...'

ထိုလူသည် စကားကို ဆုံးအောင် မပြောနိုင်တော့ပါ။

ခန္ဓာကိုယ် တွန့်လိမ်သွားပြီး ခေါင်းငိုက်စိုက်ကျကာ သေဆုံးသွားသည်။

ရသေ့ကြီးနှင့် ဖုကျိုတို့မှာ မျက်လုံးကြီးပြူးလျက် မင်တက်မိကာ ပါးစပ်အဟောင်းသား ဖြစ်သွားကြရတော့သည်။

....၀....



ရသေ့ကြီးနှင့် ဖုကျိုတို့ မျက်စိအောက်မှာပင် ဒဏ်ရာပြင်းထန်စွာ ရရှိထားသူမှာ သေဆုံးသွားပြီ ဖြစ်လေသည်။

ထိုလူသည် နောက်ဆုံးအချိန်တွင် အလွန်အရေးကြီးသော စကားများကို ကြိုးစားပြီး ပြောခဲ့ဟန်ရှိပေသည်။

ရသေ့ကြီးနှင့် ဖုကျိုတို့ ငေါငေါကြီးရပ်နေကြ၏။ သူတို့၏ မျက်စိရှေ့မှောက်မှာပင် သေဆုံးသွားရခြင်းဖြစ်၍ စိတ်မချမ်းမသာ ဖြစ်နေမိကြလေသည်။

အတန်ကြာသည်အထိ ငေးကြည့်နေပြီးမှ ရသေ့ကြီးက သက်ပြင်းချကာ....

'သူသေသွားပြီ'

ဖုကျိုအား ပြောလိုက်ခြင်းထက် ကိုယ့်ဘာသာတစ်ယောက်တည်း ရေရွတ်လိုက်ပုံမျိုး ဖြစ်ပေသည်။

ဖုကျို ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ သူသေသွားပြီ'

'သူ ဘာတွေ ပြောသွားခဲ့တာလဲကွ'

'ဟာ....ကျွန်တော် ဘယ်သိပါ့မလဲ၊ ကြယ်တံခွန်ဆရာရော၊ ရွှောင်လင် ကျောင်းထိုင်ဆရာရော၊ လူ့ဗာလတွေရော စုံနေတာပဲ၊ အဲဒါ ဘယ်သူတွေလဲဆိုတာ ရသေ့ကြီး သိလား'

ရသေ့ကြီး မျက်နှာ ရှုံ့မဲ့သွားသည်။

'ငါဘယ်လိုလုပ် သိမှာလဲကွ'

ရသေ့ကြီးနှင့် ဖုကျိတို့သည် ငါးပင်ရွာကလေးနှင့် ဆယ်မိုင်ခန့် ဝေးသည့်အရပ်သို့ပင် သွားရောက် ဖူးခဲ့ကြသူများ မဟုတ်ပါ။

ထို့ကြောင့် သိုင်းလောကနှင့်ပတ်သက်၍ အစိမ်းသက်သက် ဖြစ်နေကြရာ ထိုလူပြောသွားသည့် စကားကို လုံးဝနားမလည် နိုင်အောင် ဖြစ်နေမိကြလေတော့၏။

'ဒါဆို ကျွန်တော်တို့ ဘယ်လိုလုပ်မလဲ'

ဖုကျိက ကြံရာမရဟန်ဖြင့် မေးလိုက်ရာ ရသေ့ကြီး တွေဝေသွား၏။

သေဆုံးနေသူအား တစ်ချက်ကြည့်လိုက်ပြီး...

'သူ ဘယ်သူဘယ်ဝါဆိုတာ သိရင် သိပ်ကောင်းမှာပဲ'

'ကျွန်တော် ရွာထဲကလူတွေကို သွားခေါ် လိုက်ရမလား'

ဖုကျိက မေးလိုက်ရာ ရသေ့ကြီးက သဘောတူလိုက်၏။

'အေး....ကောင်းတယ်'

'ဒါဆို ကျွန်တော်သွားမယ်'

'အေးအေး၊ မြန်မြန်ပြန်လာခဲ့နော်'

လူသေအလောင်းနှင့် တစ်ကိုယ်တည်း ကျန်ခဲ့ရမည့်အဖြစ်ကို ရသေ့ကြီး နှစ်မြို့ပုံမရပါ။ ဖုကျိအား ခပ်သွက်သွက်ပြန်လာရန် အရေးတကြီး မှာလိုက်၏။

အမှတ် ၁၅/၁၃၈၊ ဖြ လမ်း



ရန်း ၂၁၇၄၄

ဖုကျိက ဘာမျှပြန်မပြောဘဲ တစ်ဟုန်ထိုး ပြေးထွက်သွားလေသည်။

....၀....

ရိုးသားဖြူစင်သူများ နေထိုင်ရာ ရွာကလေးသို့ လူတစ်ယောက် ရောက်ရှိလာသည်။

ထိုလူသည် ပြင်းထန်သော ဒဏ်ရာများ ရရှိကာ သေအံ့မူးမူး အချိန်တွင် ရောက်ရှိလာခြင်းဖြစ်၏။

ကြယ်တံခွန်ဆရာက 'လူဗာက'လေးဖော်အား အဖော်ပြု၍ လူအများကို ဒုက္ခပေးရန် လာနေကြောင်း၊ သူတို့ကိုတားမြစ်ရန် ရှောင်လင်ကျောင်းထိုင်အား ပြောပေးပါဟုမှာကြားကာ ထိုလူသေဆုံးသွားခဲ့ရသည်။

ထိုလူ၏စကားကြောင့် တရားအားထုတ် ကျင့်ကြံနေသည့် ရသေ့ကြီးမှာ စိတ်မချမ်းမသာ ဖြစ်ခဲ့ရသည်။

ရသေ့ကြီးသည် သတ္တဝါများ အပေါ် ကရုဏာ ပွားများသူဖြစ်၍ ထိုလူ၏စကားကို လျစ်လျူရှု မထားနိုင်ပေ။

'သူမှာခဲ့တဲ့အတိုင်း ရှောင်လင်ကျောင်းထိုင်ကို သွားပြော ပြဖို့ လိုလိမ့်မယ်၊ တို့ကသွားမပြောဘဲ ဉပေက္ခာ ပြုထားလိုက် မယ်ဆိုရင်လူတွေ ဒုက္ခရောက်လာတဲ့အခါ တို့မှာလဲ တာဝန် ကင်းတော့မှာ မဟုတ်ဘူး'

ရသေ့ကြီးက ဖုကျိကို ပြောပြသည်။

ဖုကျိလည်း ရှောင်လင် ကျောင်းထိုင်အား ပြောပြရန် အမှန်တကယ် လိုအပ်သည်ဟု ယုံကြည် လက်ခံလေသည်။

ဤသို့ဆိုလျှင် ရှောင်လင်ကျောင်းထိုင်အား မည်သူကသွား ပြောမည်နည်း။

'ဖုကျိ ရှောင်လင်ကျောင်းကို မင်းသွားရမယ်'

နောက်ဆုံးတွင် ရသေ့ကြီးသည် တစ်ချက်လွတ် အမိန့် ထုတ်ပြန်ကာ ဖုကျိအား တာဝန်ပေး စေလွှတ်လိုက်လေတော့ သည်။

....o....

## အကျဉ်းသား

မင်းလမ်းမကြီးတစ်လျှောက် လူအများဖြင့်စည်ကားလျက် ရှိနေသည်။

လမ်းမကြီး၏ ဝဲဘက် တစ်ဘက်တစ်ချက်တွင် စားသောက် ဆိုင်များ၊ ဈေးဆိုင်များ၊ တည်းခိုခန်းများ စသည်ဖြင့် အစီ အရီရှိနေ၏။

ဖုကျိသည် စားသောက်ဆိုင်တစ်ဆိုင်ရှေ့တွင် ရပ်ကာ မြို့ ကလေး၏ စည်ကား သိုက်မြိုက်ပုံကို ငေးမော ကြည့်ရှုနေမိ လေသည်။

သူ့အတွက် မြင်မြင်သမျှ အရာတိုင်းသည်ထူးဆန်းအံ့ဩဖွယ် ရာချည်း ဖြစ်နေပေသည်။

စားသောက်ဆိုင်ထဲမှ မွှေးကြိုင် သင်းပျံ့သော ဟင်းရနံ့များ အပြင်ဘက်သို့တိုင် လွင့်ပျံ့ထွက်လာလေသည်။

ငေးပေါနေသော ဖုကျိ မှာ နှာခေါင်း တရှုံ့ရှုံ့ ဖြစ်လာသည်။ ငမ်းဗိုက်ထဲ တကြုတ်ကြုတ် မြည်ကာ ဆာလောင်လာသည်။

'တစ်ခုခု စားဦးမှပဲ'

ဖုကျိ သည် ဆုံးဖြတ်ချက်နှင့်အတူ စားသောက်ဆိုင်ထဲ လှမ်းဝင်လိုက်လေသည်။ ဆိုင်လုလင်များသည် ဝတ်ကောင်းစားလှ ဝတ်ဆင်ထားကြသူများအား လိုက်လှဲပျူငှာစွာ ကြိုဆိုနေကြသည်။

သို့သော် ကပ္ပိယလေး တစ်ယောက်အသွင် အဖြူရောင် ပိတ်ကြမ်းအင်္ကျီ ဝတ်ဆင်ထားသည့် ဖုကျိ ကိုမူ ဆန့်ကျင်ဘက် ကြိုဆိုလေ၏။

'ဟေ့....ဘာလုပ်မလို့လဲကွ'

ဆိုင်ထဲ ငင်လာသည့် ဖုကျိကို ဆိုင်လုလင် တစ်ယောက်က အော်ငေါက် လာလေသည်။

ဖုကျိ ကြောင်အမ်းအမ်း ဖြစ်သွား၏။

'ဗိုက်ဆာလို့ တစ်ခုခု စားမလို့ပါဗျာ....'

'တစ်ခုခု စားမလို့ဟုတ်လား၊ မင်းမှာ ငွေဘယ်လောက် ပါလို့လဲ'

ဖုကျိက အင်္ကျီအိတ်ကပ်ကို လက်ဖြင့် ပုတ်ပြရင်း....



'ငွေတစ်ရာ ပါပါတယ်ဗျ....'

ဖုကျိက ခပ်ကြွားကြွားကလေး ပြောလိုက်သည်။ သူ၏ ဘဝတွင် ငွေတစ်ရာ မဆိုထားနှင့် ငွေတင်ဆယ်ပင် ပြည့်အောင် ကိုင်ဖူးသူမဟုတ်ပါ။

ဝါးတောရွာတွင် သူနှင့် ရသေ့ကြီးအတွက် ငွေရှိရန် မလိုပါ။ ယခု ငွေတင်ရာမှာ ရှောင်လင်ကျောင်းသို့ သွားမည်ဖြစ်၍ လမ်းခရီး၌ သုံးစွဲရန် ရသေ့ကြီးက ဆုဆောင်းထားသမျှ ခြစ်ချုပ် ထုတ်ပေးလိုက်ခြင်း ဖြစ်သည်။

ငွေတစ်ရာသည် ဖုကျိအတွက် အလွန်များပြားသော ငွေ ကြေးပမာဏ ဖြစ်နေတော့သည်။

သို့ရာတွင် ဆိုင်လုလင်အတွက်မှာမူ....

'ထွီ....ငွေလေးတစ်ရာနဲ့များ ငါတို့ဆိုင်ထဲ ဝင်စားဦးမတဲ့၊ မြန်မြန် ထွက်သွားစမ်းပါကွာ'

ဆိုင်လုလင်၏ စကားကြောင့်.... ဖုကျိ မျက်မှောင် ကြုတ် သွားသည်။

'ဘာဖြစ်လို့လဲဗျ ဝယ်စားလို့ မရဘူးလားလား'

'အေးဟုတ်တယ်၊ မင်းရဲ့ ပိုက်ဆံနဲ့ ဆန်ပြုပ်တစ်ခွက်တောင် မရဘူးကွ....'

ဆိုင်လုလင်က တမင်၍ ပြောလိုက်ခြင်း ဖြစ်လေသည်။ ဆိုင်ထဲ၌ လူကုံထံများ စားသောက် နေကြသည်ဖြစ်ရာ ဖုကျိကဲ့သို့ နွမ်းပါးသူ တစ်ယောက်ကို လက်ခံလိုက်လျှင် စိတ်ပျက်သွားကြ လိမ့်မည်ဟု ယူဆထားခြင်းကြောင့် ဖြစ်သည်။

ဖုကျိကြောင့် လူကုံထံများ စိတ်ပျက်သွားမည်ကို သူတို့ အမှန်ပင် မလိုလားကြပါ။

ဖုကျိသည် မကျေမနပ် ဖြစ်သွားလေသည်။

'ငွေတစ်ရာပေးလို့ ဆန်ပြုတ်တစ်ခွက်တောင် မရဘူးဟုတ်လား၊ ခင်ဗျားတို့ ဆိုင်က ဘယ်လိုဆိုင်လဲ ကျုပ်တို့ရွာမှာဆိုရင် ငွေတစ်ပြားမှ မပေးဘဲ ကြက်သားဟင်းတောင် စားလို့ရတယ်ဗျ....'

'အေး....မင်းရွာမှာ ပြန်စား၊ ဒီမှာတော့ မရဘူး'

ဆိုင်လုလင်က ပြောပြီး ခြေနှစ်ဘက်ကို ချဲကားလိုက်ပြီး လမ်းပိတ်၍ ရပ်နေလိုက်လေသည်။

ဖုကျိမှာ စိတ်ဆိုးသွားသော်လည်း သည်းခံလိုက်၏။

'ကောင်းပြီလေ၊ တစ်ခြားဆိုင် သွားစားရမှာပေါ့ဗျာ'

ဖုကျိသည် ပြောပြောဆိုဆိုဖြင့်ချ ာခနဲ လှည့်ထွက် လိုက်လေသည်။

ဤတွင်....

'အမေ့....'

မမျှော်လင့်ဘဲ လူတစ်ယောက်နှင့် ဝင်တိုက်ခိုက်မိသလို ဖြစ်သွားသောကြောင့်၊ ဖုကျိ ရင်ထိတ်သွား၏။

သေသေချာချာ ကြည့်လိုက်သောအခါ အသက်သုံးဆယ်ငါးနှစ်ခန့်ရှိ အမျိုးသမီး တစ်ယောက်ကို တွေ့ရလေသည်။

ထိုအမျိုးသမီးမှာ အနီရောင် အဝတ်အစားများ ဝတ်ဆင်ထားပြီး လွန်စွာမှပင် ချောမောလှပသူတစ်ယောက် ဖြစ်လေသည်။



ဖုကျိမှာ အားတုံ့အားနာ ဖြစ်သွားကာ....

'မတော်လို့ပါခင်ဗျာ၊ ကျွန်တော် တောင်းပန်ပါတယ်'

အမျိုးသမီးက ဘာမျှ မပြောသေးဘဲ ဖုကျိအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်နေ၏။

'ကျွန်တော့်ကို ခွင့်လွှတ်ပါခင်ဗျာ....'

ဖုကျိက ထပ်မံ တောင်းပန်ကာ ထွက်သွားရန် ဟန်ပြင်လိုက်သည်။

သို့သော်....

'နေဦး'

အမျိုးသမီးက ဟန့်တားလိုက်သောကြောင့် ဖုကျိမှာ တုန့်ခနဲ ရပ်သွား၏

ထိုအမျိုးသမီး၏ အသံသည် ချိုလွင်သာယာနေသည်။ ဆွဲဆောင်မှုအပြည့်ရှိသော အသံမျိုးဖြစ်သည်။ ဖုကျိ လှည့်ကြည့်လိုက်သောအခါ ထို အမျိုးသမီးက သူ့အား လှပစွာ ပြုံးပြနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ဖုကျိ မျက်လုံးဝိုင်းသွားသည်။

'အစ်မကြီးက ဘာပြောချင်လို့လဲဗျာ'

'မင်းဆိုင်ထဲဝင်မယ်လုပ်ပြီးမှ ဘာကြောင့် ပြန်ထွက်သွားရတာလဲ'

အမျိုးသမီး၏ အမေးစကားကြောင့် ဖုကျိ၏မျက်နှာ ရဲခနဲ ဖြစ်သွား၏။ ရှက်လည်း ရှက်သွား၏။

'ကျွန်....ကျွန်တော့်မှာ ပိုက်ဆံ မလောက်လို့ပါ ခင်ဗျာ'

ဗိုကျွိမှာ ရှိးသားသူပီပီ အမှန်အတိုင်း ဝန်ခံ လိုက်လေသည်။

'ခစ်....ခစ်.. ခစ်'

အမျိုးသမီးက ခပ်ဟဟကလေး ရယ်မောလိုက်၏။ ဖုကျွိ၏ မျက်နှာမှာ ပို၍ နီမြန်းသွားလေသည်။

ထိုအချိန်တွင် အခြေအနေ စောင့်ကြည့်နေသော ဆိုင်လုလင်က မျက်နှာသိုမျက်နှာရ ဝင်ပြောလာ၏။

'ဒီကောင့်ကို အဖက်လုပ်ပြီး ပြောမနေပါနဲ့ဗျာ၊ ကျုက်သရေယုတ်လို့ ဆိုင်ထဲတောင် အဝင်မခံဘဲ မောင်းထုတ်လိုက်တာပါ'

သူ၏စကားအဆုံးတွင်....

'ဖြန်း....'

မြည်သံတစ်ချက် ထွက်ပေါ်လာပြီး ဆိုင်လုလင် ချာခနဲ လည့်ထွက်သွားလေသည်။

'ဟာ....'

မမျှော်လင့်သော အဖြစ်ကြောင့် ဖုကျွိလွှတ်ခနဲ ရေရွတ်လိုက်မိ၏။ အမျိုးသမီးက ဆိုင်လုလင်အား ပါးရိုက်လိုက်ခြင်းဖြစ်ပေသည်။

ဆိုင်လုလင်သည် နီရဲသွားသော ပါးပြင်ကို လက်ဝါးဖြင့် ပွတ်ရင်း အမျိုးသမီးကို နားမလည်နိုင်စွာ ကြည့်လိုက်သည်။



'ကိုယ့်ဆိုင်လာတဲ့ ဧည့်သည်ကို ဒီလိုပဲ ဆက်ဆံရ သလား'

အမျိုးသမီးက ခပ်ထန်ထန် ငေါက်ငမ်းလိုက်ရာ...

'ကျွန်...ကျွန်တော်....'

ဆိုင်လုလင် ထစ်ထစ် ငေါ့ငေါ့ ဖြစ်နေသည်။

အမျိုးသမီးက နှုတ်ခမ်းတစ်ချက် မဲ့ရင်း....

'နောက်တစ်ခါဆိုရင် သေပို့သာ ဖြစ်ထား'

ထို့နောက် ဖုကျွိ၏လက်ကို ဆွဲကာ....

'လာ....မောင်လေး'

အမျိုးသမီးသည် ပြောပြောဆိုဆိုပင် ဖုကျွိကို ဆိုင်ထဲသို့ ခေါ်ဆောင်သွားလေသည်။

ဖုကျွိမှာ မရုန်းနိုင်ဘဲအားတုံ့အားနာဖြင့် လိုက်ပါသွားရလေတော့သည်။

....၀....

ဆိုင်ထဲ၌ကား လူစည်ကားနေသည်။

ဇွန်းသံ၊ ပန်းကန်သံ၊ ရယ်မောပြောဆိုနေသံများ စီစီညံနေ၏။ အမျိုးသမီးနှင့် ဖုကျိတို့သည် ပြတင်းပေါက်နှင့် ကပ်လျက်ရှိသော စားပွဲတစ်လုံးတွင် နေရာယူလိုက်ကြသည်။

အမျိုးသမီးကပင် ဦးဆောင်၍ စားသောက်ဖွယ်ရာများ မှာကြားလိုက်၏။ ဆိုင်လုလင်များမှာ သူမ၏စကားကို ရိုကျိုးစွာ အလေးအနက် ထားကြပေသည်။

ပျာပျာသလဲ လုပ်ကိုင် ဆောင်ရွက်ပေးကြ၏။

တခဏအတွင်းတွင် စားပွဲပေါ်၌ စားသောက်ဖွယ်ရာများဖြင့် ပြည့်လျှံသွားလေတော့သည်။

အမျိုးသမီးက ဖုကျိအား ပြုံးပြလိုက်ပြီး....

'ကဲ....မောင်လေး ဘာမှ အားနာစရာမလိုဘူး၊အားရပါးရ စားပေတော့'

စားပါဆိုမှ ဖုကျိမစားနိုင်တော့ပါ။ ဆာလောင်မွတ်သိပ်မှုများလည်း ဘယ်ဆီ ပျောက်ကွယ်ကုန်ပြီမသိ။

သူ့အား အရေးပေးဆက်ဆံနေသည့် အမျိုးသမီးကိုသာ အကြောင်သား ငေးမောကြည့်နေမိလေသည်။

'ဘာငေးနေတာလဲ မောင်လေးရဲ့၊စားလေ'

'ဟုတ်....ဟုတ်ကဲ့....'

ဖုကျိသည် အယောင်အယောင် အမှားမှားဖြင့် ဟင်းချိုတစ်ဇွန်းကို ခပ်သွက်သွက် ခပ်သောက်လိုက်သည်။



'ဖူး....ဖရူး....'

ဟင်းချိုမှာ ပူလောင်နေခြင်းကြောင့် ချက်ချင်းပင် မှုတ်ထုတ် မိလိုက်လေသည်။

လျှာတစ်ခုလုံး ထူပူသွား၏။

'ခစ်....ခစ်....ခစ်....'

အမျိုးသမီးက သဘောကျစွာ ရယ်မောလိုက်သည်။

'မောင်လေး မင်းဘယ်လို ဖြစ်တာလဲ'

'ကျွန်....ကျွန်တော်....'

'ဘာလဲ၊ မမကို အားနာနေလို့လား'

'ဟို....ဟို'

ဖုကျိမှာ တစ်ချိန်လုံး ယောင်ယောင်မှားမှားဖြစ်ကာ ဘာပြော၍ ဘာလုပ်ရမှန်း မသိအောင် ဖြစ်ကုန်တော့သည်။

'မမက မောင်လေးကို မြင်မြင်ချင်း ခင်မင်မိတာနဲ့ ခုလို ကျွေးမွေးတာပါကွယ်၊ အားနာစရာ မလိုပါဘူး'

'ကျေးဇူး တင်ပါတယ် ခင်ဗျာ....'

ဖုကျိက လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်ရင်း ပြောလိုက်လေသည်။ အမျိုးသမီးက....

'မမရဲ့နာမည် အော့လျှံလို့ ခေါ်တယ်၊မောင်လေးကရော၊ ဘယ်သူတဲ့လဲကွယ်'

'ကျွန်တော့်နာမည် ဖုကျိလို့ ခေါ်ပါတယ် ခင်ဗျာ'

အော့လျှံအမည်ရှိ အမျိုးသမီးက ဖုကျိကိုတစ်ချက် အကဲခတ်ရင်း....

'မောင်လေးကို ကြည့်ရကာ ဒီမြို့က မဟုတ်ဘူး ထင်ပါရဲ့'

'ဟုတ်ပါတယ်၊ ကျွန်တော်ဖခင် ဝါးတောရွာက လာခဲ့တာပါ'

'ဪ....ကိစ္စရှိလို့ ထွက်လာတာပေါ့'

'ဟုတ်ပါတယ်ခင်ဗျာ၊ ရွှေခင်လင်ကျောင်းကို သွားမလို့ပါ'

ဖုကျိ၏စကားကြောင့် အောင့်လျှံ မျက်နှာ ပျက်သွားသည်။ သို့သော်

ချက်ချင်းပင် ဣန္ဒြေ ဆည်လိုက်၏။

'ဘာကိစ္စများ ရှိနေလို့ လဲကွဲ့'

အောင့်လျှံ မျက်စိမျက်နှာ ပျက်သွားသည်ကို ဖုကျိ မရိပ်မိပါ။ ရိုးအ,သူပီပီ အရှိုးခံအတိုင်းပင် ပြန်ပြောလိုက်သည်။

'ထူးဆန်းတဲ့ သတင်းတစ်ခု သွားပို့မလို့ ပါ'

'ဘာလို၊ ထူးဆန်းတဲ့သတင်း ဟုတ်လား'

'ဟုတ်ပါတယ်ခင်ဗျာ၊ ကြယ်တံခွန်ဆရာဟာ 'လူ့ဗာလ' လေးယောက်ကို အဖော်ပြုပြီး လူတွေကို ဒုက္ခပေးဖို့ လာနေတာမို့ သူတို့ကို တားဆီးပေးဖို့ ရွှေခင်လင်ကျောင်းထိုင်ကို သတင်းသွားပို့ ရမှာပါ'

ရုတ်တရက် ဆိုသလိုပင် အောင့်လျှံသည် ခွက်ထိုးခွက်လန် ရယ်မောလိုက်လေသည်။ဖုကျိ ကြောင်အမ်းအမ်း ဖြစ်သွား၏။

'မမ ဘာဖြစ်လို့ လဲဟင်....'

'ဘာဖြစ်ရမလဲ၊ မင်းရဲ့စကားက ရယ်စရာ ကောင်းနေလို့ပေါ့...'

'ဗျာ....'



'ကြယ်တံခွန်ဆရာနဲ့ လူ့ဗာလ လေးယောက်ကို ဘယ်သူက ဟန့်တားနိုင်မှာမို့လဲ'

ဖုကျိ ခေါင်းကုတ်လိုက်သည်။

အောင့်လျှံသည် မည်သို့သော လူစားမျိုး ဖြစ်ပါသနည်းဟု ယခုမှ တွေးမိလာလေသည်။

သူမသည် ချောမောလှပသည်။ သဘောမနော ကောင်းပုံရသည်။ သို့သော် သူမထံမှ ကြောက်မက်ဖွယ် ကောင်းသည့် အငွေ့အသက်တစ်မျိုး ထွက်ပေါ်နေသည်ဟု ဖုကျိ အလိုလို ခံစားလာရလေသည်။

'ရွှေခင်လင်ကျောင်းထိုင်က ဘယ်လောက်များ အစွမ်းအစ ရှိလို့ လဲ'

အောင့်လျှံသည် ယခုတစ်ကြိမ်၌ ရယ်မောခြင်း မရှိတော့ပါ။ သူမ၏ မျက်နှာက ခက်ထန် တင်းမာလာ၏။

ဖုကျိက ပျာကယာ လက်ကာပြလိုက်ပြီး....

'ကျွန် ...ကျွန်တော်လဲ မသိပါဘူးခင်ဗျာ....'

'အေး မသိရင် မသိသလိုနေ၊ ကိုယ်နဲ့မဆိုင်တဲ့ ဝင်မရှုပ်နဲ့၊ မင်းဒုက္ခ ရောက်သွားလိမ့်မယ်'

အောင့်လျှံ၏ လေသံက သတိပေးခြင်းထက် ခြိမ်းခြောက်မှု သဘော ပို၍ သက်ရောက်နေ၏။

ဖုကျိ ခေါင်းငုံ့ ထားလိုက်လေသည်။ ထိုအချိန်မှာပင်....

'လက်စသတ်တော့ မင်းက ဒီမှာလာပြီး အပျော်ကြူးနေတာကိုး'

ကျယ်လောင်သော စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ဖုကျိ အမှတ်မထင် လှမ်းကြည့်လိုက်မိလေသည်။ ထိုအခါ အလွန်အရုပ်ဆိုး အကျည်းတန်သူ တစ်ယောက်သည် သူတို့ထံသို့ ခြေလှမ်းကျဲကျဲဖြင့် လှမ်းလာသည်ကို တွေ့မြင်လိုက်ရလေသည်။

....

လူတစ်ယောက် လှမ်းလာနေ၏။

အလွန် အရုပ်ဆိုး အကျည်းတန်သူ တစ်ယောက် ဖြစ်လေသည်။ မျက်လုံးပြူးပြူး၊ ပါးစပ်ကျယ်ကျယ်၊ ဦးခေါင်းအလွန်သေးပြီး ခန္ဓာကိုယ် ကြီးမားလှသူဖြစ်၏။ ဦးခေါင်းမှာခန္ဓာကိုယ်နှင့် မလိုက်အောင် သေးငယ်နေရုံမက မျက်လုံးနှင့် ပါးစပ်သည် မျက်နှာပြင်တစ်ခုလုံး နေရာယူထားသလို ရှိနေ၏။ ရုတ်တရက်ကြည့်လျှင် မိချောင်းကြီး တစ်ကောင်နှင့်ပင် တူနေပေသည်။ အော့လျှံသည် ထိုလူကို မြင်သည်နှင့် မျက်နှာ ပြုံးယောင်သမ်းသွားသည်။



‘ဩော်....ရှင်ရောက်လာပြီကိုး’

ထိုလူသည် သူတို့အနီးသို့ ရောက်လာပြီဖြစ်သည်။ ခုံတစ်လုံးဆွဲကာ ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီး....

‘ငါ မင်းကို လိုက်ရှာရတာ ခြေတိုနေပြီ၊ မင်းကတော့ ဒီမှာလာပြီး အပျော်ကြူးနေတာပေါ့လေ’

ဖုကျိမှာ ရိုးသားသော ကျေးတောသား တစ်ယောက်ဖြစ်သော်လည်း ထိုသူပြောသည့် စကား၏အဓိပ္ပာယ်ကို ကောင်းစွာ ရိပ်မိသည်။

ထို့ကြောင့် မျက်နှာကြီးတစ်ခုလုံး နီမြန်း သွားလေတော့သည်။

အော့လျှံလည်း ဒေါပွသွားမည်ဟု ထင်မိ၏။ သို့သော် သူ ထင်မြင်သလို ဖြစ်မလာပါ။ အော့လျှံသည် ထိုသူ၏စကားကြောင့် စိတ်ဆိုးခြင်း မရှိသည့်အပြင်....

သဘောကျစွာပင် ရယ်မောလိုက်လေသေးသည်။

‘ခစ်....ခစ်....ခစ်....’

‘အစ်ကိုကြီး မိချောင်းကလဲ ပြောရော့မယ်၊ ကျွန်မတောင် လေး ရှက်သွားပါဦးမယ်’

‘ဟာ....’

ဖုကျိမှာ မယုံကြည်နိုင်စွာဖြင့် အော့လျှံအား ကြည့်လိုက်မိလေသည်။ အော့လျှံသည် သူ့အပေါ်တွင် မည်သို့သော သဘောထား ရှိနေပါသနည်း။ သူ့အား ဖော်ဖော်ရွှေရွှေ အရေးပေး ဆက်ဆံနေသည်မှာ အကြောင်းရှိရမည်ဟု တွေးမိလာပြီး ကြက်သီးဖြန်းဖြန်း ထလာမိလေတော့သည်။

'ဟား....ဟား....ဟား....ဟား....'

'မိချောင်းအမည်ရှိ ရုပ်ဆိုးကြီးက အသံဝါကြီးဖြင့် ရယ်မောလိုက်လေသည်။

'ငါ့ညီမကတော့ စံပါပဲကွာ၊ ရောက်လေရာ အရပ်မှာ ယောက်ျားယူဖို့ပဲ စဉ်းစားနေတာကိုး'

'အို...ဒီလို မပြောပါနဲ့ရှင်၊ ကျွန်မက သူ့ကို မြင်တယ်ဆိုရုံနဲ့ တကာယ်ကို စွဲစွဲလမ်းလမ်း ဖြစ်သွားတာပါ၊ ကျွန်မ သူနဲ့ လက်ထပ်မှာပါ'

အောင့်လျှံ သည် ထိုသို့ပြောပြီး ဖုကျုံကို ကြည့်ကာ....

'မောင်လေး သဘောတူတယ် မဟုတ်လားဟင်...'

ဖုကျုံမှာ ချက်ချင်းပင် ထွက်ပြေးလိုစိတ်များ ဖြစ်ပေါ်လာလေတော့သည်။ ထိုင်ရာမှ ဆတ်ခနဲ ထလိုက်ပြီး....

'ကျွန်....ကျွန်တော့်ကို ခွင့်ပြုပါဦး ခင်ဗျာ'

ပြောပြောဆိုဆို ထွက်သွားရန် ဟန်ပြင် လိုက်လေ့သည်။

'ဟင်....ဘယ်လိုဖြစ်တာလဲ၊ လက်တောင် မထပ်ရသေးဘူး၊ သတို့သားက ထွက်ပြေးတော့မလို့ပါလား၊ မင်းကို တော်တော် မြတ်နိုးတယ် ထင်ပါရဲ့၊ ဟား....ဟား....ဟား....'

မိချောင်းက အောင့်လျှံအား လှောင်ပြောင်သရော် လိုက်လေသည်။

အောင့်လျှံမှာ ချက်ချင်းပင် မျက်နှာကြီး ညိုးလျှော့ကျသွားသည်။ သူမ၏ မျက်ဝန်းအစုံတွင် မျက်ရည်များ ရစ်ဝဲလာသည်။

'မောင်လေး....မမကို ပစ်သွားတော့မလို့လားဟင်'



သူမ၏ အသံက တုန်ယင်နေသည်။ ဖုကျုံ ခေါင်းနပန်းကြီး သွားလေ၏။

'ဒုက္ခပါပဲ....ဒီအမျိုးသမီး စိတ်မနှံ့ဘူး ထင်ပါရဲ့'

တွေးတောရင်း လန့်ဖျပ်နေစဉ် အောင့်လျှံက

'မောင်လေး...မင်း ထွက်သွားမှာကို မမ ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူးကွယ့်'

စကားဆုံးသည်နှင့် လက်တစ်ဘက် ဆန့်ထုတ်ကာ ဖုကျုံ၏ လက်ကောက်ဝတ်ကို ဖမ်းဆုပ်လိုက်လေသည်။ ဖုကျုံ မရုန်းနိုင်တော့ပါ။ အောင့်လျှံ၏ လက်ညှိုးသည် သူ၏ လက်ကောက်ဝတ်မှ နာကျင်စေသော သွေးကြော တစ်နေရာကို ထောက်မိမိလိုက်သဖြင့်....

'အမယ်လေးဗျ'

ဖုကျုံ အော်လိုက်မိသည်။ အောင့်လျှံက....

'မောင်လေးဟာ မမကို ပစ်ပြေးသွားမယ်ဆိုရင် မမတော့ သေပွဲဝင်ရမှာပါ'

သူမ၏ရှိုက်သံ ထွက်နေ၏။ သူမ၏ မျက်ဝန်းအစုံမှ မျက်ရည်များလည်း စီးကျလာ၏။ ထိုအချိန်မှာပင် နံဘေးရှိ စားပွဲတစ်ခုပေါ်မှ အရက်မူးနေသော လူငယ်တစ်ယောက်သည် အောင့်လျှံတို့၏ အဖြစ်အပျက်ကို တွေ့မြင်သွားပြီး ရယ်မောလိုက်လေသည်။

'ကျွန်တော်ကြည့်နေတာ ကြာပြီ၊ မမက သတို့သား လိုက်ရှာနေတာကိုး၊ အသုံးမကျတဲ့ ကာလသားလေးကို လွှတ်လိုက်စမ်းပါ၊ ကျွန်တော်က မမအတွက် သတို့သား လုပ်ပါ့မယ်'

ထိုလူငယ် ထိုင်ရာမှထကာ ပြောရင်း အော့လျ အနီးသို့ ချဉ်းကပ် လာလေသည်။ အော့လျ က ထိုလူငယ်အား လှည့်ကြည့်ပြီး ပြုံးပြလိုက်သည်။

'မင်းက သတ္တိသား လုပ်ချင်တယ် ဟုတ်လား'

'ဟာ....သိပ်ဟုတ်တာပေါ့ မမရယ်'

'မဆိုးဘူး... ငါ့အနားကို လာစမ်းပါဦး'

'စိတ်ချ....ကျွန်တော်လာမယ်'

လူငယ်သည် အော့လျ အနီးသို့ ပို၍တိုးကပ်လိုက်၏။ ထိုလူငယ်မှာ အရက်မူးနေသလို မကောင်းသည့် အကျင့်စရိုက် ရှိပုံလည်း ရလေသည်။

အော့လျ သည် ထိုလူငယ်အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး....

'ခစ်....ခစ်....ခစ်'

သဘောကျစွာ ရယ်မောလိုက်လေသည်။

လူငယ်ကလည်း ရယ်မောလိုက်၏။

'ဟဲ....ဟဲ....ကျွန်တော့် ကို သဘောကျတယ်မဟုတ်လား'

အော့လျ က ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

'သိပ်ကို သဘောကျစရာကောင်းတာပေါ့၊ ဒါပေမယ့် ငါ့တော့ မဟုတ်ဘူးနော်'

'ဟင်... မမ ဘာကိုဆိုလိုတာလဲ'

'မင်းကို မရဏသမီးတော်က သဘောကျမှာ'

စကားဆုံးသည်နှင့် ဝဲဘက်လက်ကို ရှေ့သို့ ဆန့်ထုတ်လိုက်သည်။ သူမ၏လက်ချောင်းကလေးများသည် ထိုလူငယ်၏ လည်



ပင်းကို ဖမ်းဆုပ်မိသွားပြီး အနည်းငယ် အားစိုက်ဖျစ်ညှစ်လိုက်သည်နှင့်....

'ဂစ်....ဂစ်'

လူငယ်မှာ မျက်လုံးကြီး ပြူးထွက်လာလေတော့သည်။

အော့လျ က....

'ကိုယ်နဲ့မဆိုင်တဲ ဝင်ရှုပ်ချင်ဦး'

ပြောရင်း လက်ကိုလွှဲယမ်းလိုက်ရာ....

'ဝုန်း....'

လူငယ်မှာ ခြေကားယားလက်ကားယားဖြင့် မြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ လွင့်စဉ်သွားလေတော့သည်။

ဖုကျိမှာ မျက်လုံးအပြူးသားဖြင့် မင်တက်မိနေ၏။

အော့လျ က ဖုကျိအား ပြုံးပြရင်း....

'သူက မောင်လေးနေရာကိုလုဖို့ ကြိုးစားနေတာလေ၊ မမ ဘယ်လက်ခံပါ့မလဲ'

ဖုကျိမှာ ငိုချင်စိတ်များပင် ဖြစ်ပေါ်လာလေသည်။ ယဉ်ယဉ်ကလေး ရူးနေသူတစ်ယောက်နှင့် တွေ့နေရပြီဟု တွေးရင်း စိတ်ပျက်လာမိတော့သည်။

'ညီမ၊ ဘာမှဟုတ်တဲ့ကိစ္စတွေနဲ့ အချိန်ဖြုန်းနေလို့ မဖြစ်ဘူး၊ ကြယ်တံခွန်ဆရာက စောစဝ်းဟိုကို ခြေရာခံမိထားပြီ၊ အစ်ကိုကြီးက တို့ကို ကြယ်တံခွန်ဆရာနောက်လိုက်သွားပြီး ကူညီရမယ်လို့ အမိန့်ပေးလိုက်တယ်'

မိကျောင်း၏စကားကြောင့် အော့လျ မကျေမနပ်ဖြစ်သွားလေသည်။

'ဒုက္ခပါပဲရှင်၊ သိုင်းလောကထဲ ခြေချပြီးကတည်းက တစ်ခါမှကို နားရတယ်မရှိသေးဘူး၊ ဇျိုင်းဖြူဘာလုပ်နေသလဲ၊ သူ့ကို နိုင်းပါလား'

'စိတ်ချ၊ မခိုင်းမှာမပူနဲ့၊ အခု ဇျိုင်းဖြူနဲ့ အစ်ကိုကြီး လိုက်သွားနေကြပြီ'

'ဒါဆို ကျွန်မတို့ သွားဖို့လိုသေးသလားရှင်'

'ဟ...လိုတာပေါ့၊ စောစင်းဟိုကို ကူညီမယ့်သူတွေ အများကြီး ရှိနေတယ်'

မိကျောင်းသည် တစ်ချက်ရယ်မောလိုက်ပြီး....

'ဟော... ဟော့... ပွဲကြီးပွဲကောင်းတော့ တွေ့ရမှာပဲကွ'

အော့လျှံ နှုတ်ခမ်းစူလိုက်လေသည်။ မသွား၍ မဖြစ်မှန်းနားလည်ထားပုံရသည်။

ထို့ကြောင့် အတော်ပင် စိတ်ပျက်သွားဟန်ရှိလေသည်။

'ဒါဆို အစ်ကိုကြီးမိကျောင်း သွားနှင့်၊ ကျွန်မ နောက်ကလိုက်လာခဲ့မယ်'

'ဟာ...မဖြစ်ဘူး... မဖြစ်ဘူး၊ အစ်ကိုကြီးက ဒါဆိုဒါမှကြိုက်တယ်ဆိုတာ ညီမလဲသိသားပဲ၊ ညီမပါမှလာရင် ငါ့ကိုအပြစ်တင်နေပါဦးမယ်'

မိကျောင်းက ခေါင်းခါခါ လည်ခါခါပြင်ပြောရာ အော့လျှံက သက်ပြင်းချလိုက်သည်။

ဖုကျိအား မချင့်မရဲ တစ်ချက်ကြည့်လိုက်ပြီး မိကျောင်းဘက်သို့ ပြန်လှည့်ကာ....



'အစ်ကိုကြီးမိကျောင်း၊ သူ့ကို သေသေချာချာ ကြည့်စမ်းပါ၊ ကျွန်မ နောက်တစ်ခါရှာလို့ ရနိုင်ပါတော့ဦးမလားရှင့်'

မိကျောင်းက ဖုကျိကို မကြည့်ဘဲနေလိုက်လေသည်။

အော့လျှံက...

'ကျွန်မ သူ့ကို လတ်ပေးလိုက်ရမှာ နှမြောနေတယ်ရှင့်'

ယခုမှ ဖုကျိ သတိဝင်လာလေသည်။

'မမ၊ ကျွန်တော့်လက်ကိုလွှတ်ပါ၊ ကျွန်တော်သွားပါရစေခင်ဗျာ'

ဖုကျိက ပျာပျာသလဲ တောင်းပန်လိုက်သည်။

အော့လျှံက သူ၏စကားကို အရေးမစိုက်ပါ။

'သူဟာ ရှောင်လင်ကျောင်းထိုင်ကို သွားပြီး အကူအညီတောင်းမယ့်လူရှင့်'

မိကျောင်းအား လှမ်းပြောလိုက်သည်။သူမ၏စကားကြောင့် မိကျောင်း မျက်မှောင်ကြုတ်သွားသည်။

'ဘာပြောတယ်၊ ရှောင်လင်ကျောင်းထိုင် ဟုတ်လား'

'ဟုတ်တယ်၊ ကြယ်တံခွန်ဆရာနဲ့ ကျွန်မတို့ပူးပေါင်းပြီး သူ့အဆရာကို လိုက်ရှာနေကြတယ်ဆိုတဲ့သတင်းကို ရှောင်လင်ကျောင်းထိုင်ဆီမှာ သတင်းပို့ပြီး သူ့အဆရာအတွက် အကူအညီတောင်းမယ့်လူရှင့်'

'ဟော...'

မိကျောင်း လူပ်လူပ်ရှားရှား ဖြစ်သွားလေသည်။ ဖုကျိအား မျက်လုံးပြူး၍ ကြည့်လိုက်ပြီး....

'မင်းက သူ့အဆရာရဲ့လူ ဟုတ်လား'

ဖုကျို ချက်ချင်း ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ပါဘူးခင်ဗျာ'

'ဘာမဟုတ်ရမှာလဲ၊ စောစောက မင်းပဲပြောခဲ့တယ်မဟုတ်လား'

အော့လျှံ၏ အော်ဟောက်သံကြောင့် ဖုကျို ပါးစပ်ပိတ်ထားလိုက်ရလေသည်။ မိကျောင်းက....

'နေစမ်းပါဦး၊ ငါ့နားလည်အောင်လဲ ရှင်းပြစမ်းပါဦး'

အော့လျှံက ဖုကျို၏ အကြောင်းကို ရှင်းပြလိုက်သည်။ သူမ၏စကားအဆုံးတွင် မိကျောင်း နှာခေါင်းရှုံ့လိုက်သည်။

'ဒါ တို့ကို အံတုဖို့ကြိုးစားတာပဲ'

မိကျောင်းက ခံပြင်းဟန်ဖြင့် ကြုံးဝါးကာ ဖုကျိုကို စိုက်ကြည့်လိုက်၏။

'ဟေ့ ကောင်လေး၊ မင်း သေဖို့သာပြင်ထား'

မိကျောင်းသည် ပြောပြောဆိုဆိုဖြင့် ဖုကျိုကို တိုက်ခိုက်ရန် ဟန်ပြင်လိုက်ရာ အော့လျှံ မျက်လုံးပြူးသွားပြီး ကပျာကယာ လက်ကာပြလိုက်လေသည်။

'မလုပ်ပါနဲ့ရှင်၊ ကျွန်မ တောင်းပန်ပါတယ်'

'ဒါဆို သူ့အတွက် ညီမ တာဝန်ယူမလား'

'ယူပါ့မယ်ရှင်'

'ကောင်းပြီ၊ ဒါဆို တို့လဲ အစ်ကိုကြီးတို့နောက်ကို လိုက်သွားကြရအောင်'



မိကျောင်းသည် စကားဆုံးသည်နှင့် ထိုင်ရာမှထကာ ခပ်သွက်သွက် လမ်းထွက်သွားလေသည်။ အော့လျှံက ဖုကျိုအား တစ်ချက်ကြည့်လိုက်ပြီး....

'မောင်လေး....မင်းကြားတယ် မဟုတ်လား၊ မမသာ အကာအကွယ်မပေးရင် သူက မောင်လေးကို သတ်ပစ်လိုက်မှာ အသေအချာပဲ'

'ကျွန်....ကျွန်တော်....'

ဖုကျိုမှာ ထိတ်လန့်တုန်လှုပ်မှုကြောင့် ဘာပြောရမှန်းပင် မသိနိုင်တော့ချေ။ မိကျောင်းနှင့် အော့လျှံတို့သည် ကြယ်တံခွန်ဆရာအား အကူအညီပေးနေသည့် လူ့ဗာလလေးဖော်တွင် ပါဝင်သူများဖြစ် ကြောင်း နားလည်လိုက်ပြီဖြစ်ရာ ဖုကျိုအဖို့ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားရတော့၏။ ကျားရှေ့မှောက်လျက်လဲကျသူလို ဖြစ်နေရချေပြီ။

'မောင်လေးအတွက် မမတာဝန်ယူပါတယ်၊ မမနဲ့လိုက်ခဲ့ပါ၊ မောင်လေး မွဲတစ်ပေါက် မစွန်းစေရပါဘူး'

အော့လျှံက ချိုလွင်သာယာဖွယ် စကားသံဖြင့် ဖုကျိုကို ချော့မော့၏။ ဖုကျိုက မလှုပ်မယှက် ဖြစ်နေရာ....

'အေး....မင်းမလိုက်ဘူးဆိုရင်တော့ ငါကိုယ်တိုင် မင်းကို သတ်ပစ်ရမှာပဲ'

ရုတ်ခြည်းပင် ခက်ထန်တင်းမာသည့်လေသံဖြင့် ခြိမ်းခြောက်လိုက်ပြန်သည်။

သိုင်းလောကနှင့် ပတ်သက်ပြီး အတွေ့အကြုံ လုံးဝမရှိသော ဖုကျိုမှာ ကြောက်ရွံ့စိတ် လွှမ်းမိုးသွားပြီဖြစ်ရာ အော့လျှံ၏

စကားကို တုန်တုန်ယင်ယင်ဖြင့်ပင် လက်ခံလိုက်ရလေတော့သည်။

'ကျွန်....ကျွန်တော် လိုက်ပါ့မယ်ခင်ဗျာ'

အော့လျှံ၏ မျက်နှာသည် ချက်ချင်းပင် ပြုံးရွှင်သွားလေ၏။

'မောင်လေးက သိပ်လိမ္မာတာပဲ၊ လာ....သွားကြစို့'

ပြောပြောဆိုဆို ဖုကျိ၏လက်ကိုဆွဲကာ ဆိုင်ထဲမှ ထွက်ခွာသွားလေသည်။

ထိုစဉ်....

'အစ်မကြီး နေပါဦးဗျ'

ဟန့်တားသံနှင့်အတူ ဆိုင်လုလင်တစ်ယောက် ပြေးထွက်လာသည်။ အော့လျှံ ခြေလှမ်းရပ်သွား၏။

ဆိုင်လုလင်အား မျက်မှောင်ကြုတ်၍ ကြည့်ကာ....

'ဘာကိစ္စလဲ'

'အစ်မကြီးတို့ စားသောက်သွားတာ ငွေလေးရာဖိုး ကျသင့်ပါတယ်ခင်ဗျာ'

အလွန်အာ နာနေသည့် အသံမျိုးဖြင့် ဆိုင်လုလင်က ပြောလိုက်သည်။ မှန်ပါသည်။ အော့လျှံပုံသဏ္ဌာန်မှာ စားသောက်ပြီး ငွေမပေးဘဲ ထွက်သွားသည့်အသွင်မျိုး မရှိချေ။

အရေးကြီးသော ကိစ္စရှိနေ၍ ငွေပေးရန် မေ့လျော့ကာ ကတိုက်ကရိုက် ထွက်သွားသည်ဟု ဆိုင်လုလင် ယူဆထား၏။ အော့လျှံ၏ အသွင်အပြင်ကလည်း အထင်သေးဝံ့စရာ မရှိအောင် ဟိတ်ဟန်အပြည့် ရှိပေသည်။



'ငွေလေးရာ ကျတယ် ဟုတ်လား'

'ဟုတ်ပါတယ် ခင်ဗျာ'

'ကျုပ်က မပေးဘူးဆိုရင်ရော'

'ဗျာ..'

ဆိုင်လုလင် ကြောင်အမ်းအမ်း ဖြစ်သွား၏။

အော့လျှံက မျက်နှာထားတင်းတင်းဖြင့်....

'နောက်တစ်ခါ ကျုပ်ဆီက ငွေတောင်းဖို့ကြိုးစားရင် မင်းသေသွားလိမ့်မယ်'

'ဟာဗျာ....အစ်မကြီးကလဲ ဒီလိုမကျိစယ်ပါနဲ့ဗျာ'

အော့လျှံက ဘာမျှမပြောဘဲ စိုက်ကြည့်နေ၏။ ဆိုင်လုလင်မှာ စိတ်မရှည်နိုင်တော့သလို ဖြစ်လာ၏။

'ကျသင့်တဲ့ ငွေလေးရာကိုပေး....'

စကားဆုံးအောင် မပြောလိုက်နိုင်ပါ။ အော့လျှံက လက်ဝါးဖြင့် ရိုက်ချလိုက်ခြင်းကြောင့် ဖြစ်လေသည်။

'ဖြန်း....'

'အား....'

စူးရှသောအသံများ ထွက်ပေါ်လာပြီး ဆိုင်လုလင်မှာ မြေပေါ် ခွေခွေကလေး လဲကျသွားလေသည်။

အော့လျှံက ဂရုမစိုက်ဘဲ ဖုကျိ၏လက်ကိုဆွဲကာ....

'လာ....သွားစို့'

ပြောရင်း ခပ်သွက်သွက် ထွက်သွား၏။

ဖုကျိုမှာ အော့လျှံနောက်သို့ ခပ်ကုပ်ကုပ်ကလေး လိုက်ပါသွားရလေသည်။ ရှောင်လင်ကျောင်းသို့သွားမည့် စေတမန်ဖုကျိုသည် မမျှော်လင့်ဘဲ လူဗလလေးဖော်ထဲမှ တစ်ယောက်အပါအဝင်ဖြစ်သော အရှုံးမအော့လျှံ၏ အကျဉ်းသား အဖြစ်လိုက်ပါသွားရလေတော့သည်။

....o....

## ဆရာကောင်းတပည့်

မြို့လယ်ဈေးကလေးရှေ့တွင် လူစည်ကားနေ၏။ တစ်နေရာတွင် ပို၍လူစည်ကားနေသည်ကိုတော့ တွေ့ရသည်။ မျက်လှည့်ဝိုင်းတစ်ခု ခင်းကျင်းပြသနေခြင်းကြောင့် လူအများ ဝိုင်းအုံကြည့်ရှုနေခြင်းဖြစ်သည်။

မျက်လှည့်ဆရာသည် အသက်လေးဆယ်ခန့်ရှိပြီး မုတ်ဆိတ်မွေးများသည် ရင်ဘတ်ထိအောင် ရှည်လျားနေပေသည်။ သူသည် သူ၏အဖော်ဖြစ်သော မိန်းကလေးတစ်ယောက်နှင့်အတူ မျက်လှည့်ပညာပြနေခြင်း ဖြစ်လေသည်။

'ဟောဒီမှာကြည့်ပါ'

မျက်လှည့်ဆရာသည် မိန်းကလေးလှမ်းပေးသော စက္ကူဘူးကလေးကိုယူကာ အဖုံးဖွင့်၍ ပရိသတ်ကို ပြသလိုက်၏။

'ဘူးထဲမှာ ဘာမှမရှိဘူးဆိုတာ အားလုံးအမြင်ပါပဲ'

စကားဆုံးသည်နှင့် ဘူးကလေးကို အဖုံးပြန်ပိတ်လိုက်၏။ ထို့နောက် ပဝါတစ်ထည်ဖြင့် အုပ်ထားလိုက်ပြီး မျက်လုံးစုံမှိတ်ကာ နှုတ်ခမ်းတလှုပ်လှုပ်ဖြင့် တစ်စုံတရာ တီးတိုးရေရွတ်နေသည်။

ဂါထာမန္တာန်ရွတ်ဖတ်နေပုံမျိုး ဖြစ်လေသည်။ ပရိသတ်များမှာ ငြိမ်၍ကြည့်နေကြလေသည်။

တစ်ခဏအကြာတွင် မျက်လှည့်ဆရာသည် မျက်လုံးပြန်ဖွင့်လိုက်သည်။ ပဝါအနီကလေးကို ဖယ်ရှားပြီး စက္ကူဘူး အဖုံးဖွင့်လိုက်၏။

ထိုအခါ တောင်ပံခတ်သံ ဘဖျပ်ဖျပ် ထွက်ပေါ်လာပြီး ဘူးထဲမှ ခိုဖြူလေးတစ်ကောင် ထွက်ပေါ်လာသည်ကို တွေ့ရလေသည်။

'ဟာ....ခိုဖြူကလေးဟေ့'

'သိပ်တော်တဲ့ မျက်လှည့်ဆရာကြီးပဲ'

'ဖြောင်း....ဖြောင်း....ဖြောင်း'

လက်ခုပ်သြဘာသံများ တစ်ခဲနက် ထွက်ပေါ်လာလေ၏။ ပရိသတ်များသည် မျက်လှည့်ဆရာကြီး၏ပညာကို လေးစားသည့်အနေဖြင့် ငွေစက္ကူများ ပစ်ချပေးကြလေသည်။



မိန်းကလေးက ငွေစများကို လိုက်လံကောက်ယူ သိမ်းဆည်းလိုက်သည်။ မျက်လှည့်ဆရာကြီးကလည်း အံ့သြဖွယ်ရာ ပြကွက်များကို တစ်ကွက်ပြီးတစ်ကွက် ဖော်ထုတ်ပြသလေသည်။

ပရိသတ်များကလည်း ပေးကမ်း ချီးကြဲကြလေသည်။ နေအတော်မြင့်လာသောအခါမှ မျက်လှည့်ဆရာကြီးက....

'ဒီကနေ့အဖို့တော့ ဒီ...ကွက်နဲ့ပဲ ရပ်လိုက်ပါဦးမယ်၊ မနက်ဖြန်မှပဲ ကျုပ်ရဲ့မျက်လှည့်ပညာကို ဆက်ပြီးပြသပါမယ်၊ အားပေးကြတဲ့ ပရိသတ်များကို အထူးပဲ ကျေးဇူးတင်ပါတယ် ခင်ဗျား'

ပြောရင်း မျက်လှည့်ပိုင်းကို သိမ်းလိုက်လေသည်။

ပရိသတ်များလည်း မျက်လှည့်ဆရာကြီး၏ အကြောင်းကို ချီးကျူးပြောဆိုရင်း အလျိုလျို ထွက်သွားကြရာ မကြာမီမှာပင် လူစုကွဲသွားလေတော့သည်။

မျက်လှည့်ဆရာက မိန်းကလေးအား ပြုံးပြလိုက်ပြီး....

'ကဲ....ရတဲ့ငွေတွေအားလုံး မင်းပဲယူသွားပေတော့'

မိန်းကလေးက မြေပေါ် ဒူးထောက်ချလိုက်ပြီး....

'ဆရာကြီးရဲ့ ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူးရှင်'

'ကိစ္စမရှိပါဘူး၊ မင်းအဖေနဲ့ ငါဟာ တစ်ချိန်က အင်မတန်ခင်မင်ရင်းနှီးခဲ့တဲ့ မိတ်ဆွေတွေပါ၊ သူကွယ်လွန်သွားပြီး မင်းတို့မိသားစု ကြပ်တည်းနေတဲ့အချိန်မှာ ကူညီဖို့ဝတ္တရား ငါ့မှာရှိပါတယ်'

မိန်းကလေးသည် မျက်လှည့်ဆရာအား ကြည်ညိုလေးစားစွာဖြင့် ငေးကြည့်နေမိလေသည်။

မျက်လှည့်ဆရာက တစ်ချက်ပြုံးလိုက်ပြီး....

'အင်း....အခုလို ချောချောမောမော ဖြစ်သွားတာပဲ ကံကောင်းလှပြီ၊ ငါမျက်လှည့်မပြတဲ့နေခဲ့တာ အတော်ကြာပြီကွယ့်၊ အမှားအယွင်း ဖြစ်မလားလို့တောင် စိုးရိမ်ခဲ့ရသေးတယ်၊ မင်းရဲ့ ကုသိုလ်ကံကြောင့် အဆင်ပြေသွားတာပဲ ဆိုပါတော့'

ပြောရင်း မျက်လှည့်ဆရာ၏ မျက်လုံးများ ရီဝေလာလေသည်။ သူသည် သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်ပြီး....

'ကဲ....ကဲ....ပစ္စည်းတွေ သိမ်းဆည်းပြီး အိမ်ပြန်ပေတော့၊ ကျုပ်လဲ သွားစရာရှိတာ သွားလိုက်ဦးမယ်'

မျက်လှည့်ဆရာသည် မိန်းကလေး၏ ပခုံးကို တစ်ချက်ပုတ်ကာ နှစ်သိမ့်လိုက်ပြီး ကျောခိုင်း ထွက်သွားလေသည်။

မိန်းကလေးသည် မျက်လှည့်ဆရာ၏ နောက်ကျောကို ကြည့်ရင်း ငေးမောကြည့်ရင်း ကျန်ခဲ့လေတော့သည်။

....၀....



မျက်လှည့်ဆရာသည် ခြေလှမ်းမှန်မှန်နှင့် လှမ်းသွားနေ၏။ သူ၏မျက်နှာမှာ ပြုံးရွှင်နေသည်။

သွားရင်းလာရင်း မိတ်ဟောင်းဆွေဟောင်း တစ်ယောက်၏ ဒုက္ခရောက်နေသော သမီးအား သူတတ်ထားသော မျက်လှည့်ပညာဖြင့် အကူအညီပေးနိုင်ခဲ့ခြင်းကြောင့် ကျေနပ်ဝမ်းမြောက်နေမိခြင်း ဖြစ်သည်။

သူကိုယ်တိုင်က မျက်လှည့်ပညာ ဝါသနာထုံသူဖြစ်သည်။ ငွေကြေးပေးကမ်း စွန့်ကြဲမှုကို မမျှော်ကိုးဘဲ မျက်လှည့်ပြနေရလျှင်ပင် ကျေနပ်နေတတ်သူ ဖြစ်သည်။

သို့သော် သူဝါသနာပါသော မျက်လှည့်ပညာအား အသုံးမပြုဘဲ မေ့ထားခဲ့ရသည်မှာ နှစ်ပေါင်းအတော်ကြာခဲ့ပြီ ဖြစ်သည်။

မျက်လှည့်ပြဖို့မဆိုထားနှင့် လူမြင်ကွင်းပင် မထွက်ဝံ့ဘဲ ဇာတ်မြှုပ်နေခဲ့ရသည်ဟုဆိုပါက ပို၍ မှန်ကန်ပေလိမ့်မည်။

သူတစ်ယောက်တည်းလား မဟုတ်။ သူနှင့် ပညာသင်ဘက်အားလုံး သိုင်းလောက၌ ဇာတ်မြှုပ်နေခဲ့ကြရခြင်း ဖြစ်လေသည်။

ယခုတော့ ထိုအခြေအနေသည် ကုန်လွန်သွားခဲ့ပြီ ဖြစ်လေသည်။ ပုန်းလျှိုးကွယ်လျှိုးဆက်နေရန် မလိုအပ်တော့ပါ။

အကြောင်းမှာ အမားအောင် စီမံအား ရန်သူက ခြေကုန်မိသွားပြီးကြောင့် ဖြစ်လေသည်။

သမားတော် စီးမုသည် သူ၏ ပညာသင်ဖက် ညီအစ်ကို တစ်ယောက်ဖြစ်သည်။ သမားတော်စီးမု ဒုက္ခရောက်နေသည်ဟု သတင်းကြားရသောအခါ သူသည် ဆက်လက် ဇာတ်မြှုပ် နေနိုင်ခြင်း မရှိတော့ပေ။ ဇာတ်မြှုပ်နေရာမှ ထွက်လာခဲ့တော့သည်။

ယခုအခါ မျက်လှည့်ဆရာသည် သမားတော် စီးမု နေထိုင်သော တောင်ကုန်းကလေးဆီသို့ ဦးတည်၍ သွားနေလေပြီ....။

....o....

တောင်ကုန်းလေးပေါ်တွင် အဆောက်အအုံတစ်ခု ရှိနေလေသည်။

မျက်လှည့်ဆရာသည် တောင်ကုန်းကလေးပေါ်သို့ ရောက်ရှိလာပြီ ဖြစ်၏။

ပတ်ဝန်းကျင် တစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်နေသည်။ လေဝေ့ယမ်း တိုက်ခိုက်သောအခါ မြေပေါ်တွင် ရှပ်တိုက်



ပြေးလွှားနေသည့် သစ်ရွက်ခြောက်များ၏ တစ်ရှဲရှဲမြည်သံမှလွဲ၍ ပကတိ တိတ်ဆိတ် ငြိမ်သက်နေပေသည်။

ပတ်ဝန်းကျင်တွင် လူရိပ်လူယောင် မတွေ့ရပါ။ အဆောက်အအုံမှ တံခါးများနှင့် ပြတင်းပေါက်များလည်း ဟာလာဟင်းလင်း ပွင့်နေ၏။

မျက်လှည့်ဆရာ၏ ရင်ထဲ၌ မကောင်းသည့် အတိတ်နိမိတ်များ ရုတ်တရက်ခံစားလာရလေသည်။ ချက်ချင်းပင် အဆောက်အအုံဆီသို့ လှမ်းသွားရန် ဟန်ပြင်လိုက်၏။ ထိုစဉ်မှာပင်....

'ဒင်ဒေါင်....ဒင်ဒေါင်....'

ချီလွင်သော ဗျတ်စောင်းသံများ ထွက်ပေါ်လာသည်။ အမျိုးသမီးတစ်ယောက်သည် ဗျတ်စောင်းတစ်လက်ကို တီးခတ်ရင်း တောင်ကုန်းပေါ်သို့ တက်လာနေသည်ကို တွေ့မြင်ရ၏။ မျက်လှည့်ဆရာ၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလဲ့ တောက်ပလာလေ၏။ ကျေနပ် သဘောကျစွာဖြင့် ခေါ်ဟစ်လိုက်ကာ....

'အမှတ်ငါး ညီမလေးလဲ ရောက်လာပြီကိုး'

နှုတ်မှ တီးတိုး ရေရွတ်လိုက်လေသည်။ မျက်လှည့်ဆရာ ကြည့်နေစဉ်မှာပင် အမျိုးသမီးသည် သူ၏ အနီးသို့ ရောက်ရှိလာလေသည်။ သူမသည် အသက် လေးဆယ်ခန့်ရှိပြီး ခန့်ချောချောသော အမျိုးသမီးတစ်ယောက် ဖြစ်သည်။

ရင်ထဲ၌ ပွေ့ပိုက်ထားသော ဗျတ်စောင်းကို အာရုံစိုက်၍ တီးခတ်လာရာ မျက်လှည့်ဆရာကိုပင် မမြင်ဘဲ ဖြတ်ကျော် သွားလေသည်။

'အဟမ်း....'

မျက်လှည့်ဆရာက ချောင်းတစ်ချက် ဟန့်လိုက်သည်။ ထိုအခါမှ အမျိုးသမီး၏ခြေလှမ်း တုန့်ခနဲ ရပ်သွား၏။ စောင်းသံလည်း ရုတ်တရက် ပျောက်သွား၏။ ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။ မျက်လှည့်ဆရာကို တွေ့မြင်လိုက်သည့်အခါ....

'ဟင်....အမှတ်တစ် အစ်ကိုကြီးပါလား'

မျက်လှည့်ဆရာ ခေါင်းညိတ်လိုက်သည်။

'ညီမလေးကို အခုလိုပြန်တွေ့ရတာ ကျုပ်ဖြင့် ဝမ်းသာလို့ မဆုံးပါဘူး'

'ကျွန်မလဲ ဝမ်းသာပါတယ် အစ်ကိုကြီးရ၊ ကျွန်မတို့မောင်နှမတွေ ခွဲခွာနေကြရတာ နှစ်အတော်ကြာပြီ မဟုတ်လား'

'ဒါနဲ့...ညီမလေးက အမှတ်သုံးရဲ့ သတင်းကို ကြားလို့ လိုက်လာခဲ့တာလား'

အမျိုးသမီး ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်...အစ်ကိုကြီး၊ အမှတ်သုံးကို ကြယ်တံခွန်ဆရာက ခြေရာခံမိသွားပြီလို့ သတင်း ထွက်ပေါ်လာတာနဲ့ ကျွန်မ ချက်ချင်း လိုက်လာခဲ့တာပဲ'

'ကြယ်တံခွန်ဆရာ အခုချိန်ထိတောင် ကျွန်မတို့ ဆရာအပေါ် အငြိုးထားနေတယ်ဆိုတော့ တော်တော့်ကို ခံပြင်းဖို့ကောင်းတယ်၊ ဆရာက သူ့ကို အလျှော့ပေးပြီး ဇာတ်မြုပ်



နေခဲ့တာ ကျွန်မတို့လဲ ဆရာ့စကားအတိုင်း မှုပယ်ရှားချင်တာနဲ့ သိုင်းလောကကို ကျောခိုင်းခဲ့ကြတာကိ မဟုတ်လား'

မျက်လှည့်ဆရာက ခေါင်းညိတ်လိုက်သည်။

'ကြယ်တံခွန်ဆရာရဲ့ သဘောထား သေးသိမ်ပုံကို ပြောရရင် ဆုံးတော့မှာ မဟုတ်ဘူး၊ အခုတောင် တောင်ပင်လယ်ကလာတဲ့ လူ့ဗာလ လေးဖော်နဲ့ မိတ်ဖွဲ့ထားတယ်လို့ ကြားရတယ်'

အမျိုးသမီး အံကြိတ်လိုက်သည်။

'ဒါ....ကျွန်မတို့ဆရာကို အပြတ်ရှင်းဖို့ ကြံစည်တာပဲ'

မျက်လှည့်ဆရာက မဲ့ပြုံးတစ်ချက် ပြုံးလိုက်၏။

'ဆရာက သူ့ကို မမှုပါဘူး၊ ရှောင်နေတယ် ဆိုတာကလဲ အကြောင်းရှိလို့ပါ'

သူတို့နှစ်ယောက် စကားကောင်းနေစဉ် တောင်ကုန်းပေါ်သို့ လူတစ်ယောက် ပြေးတက်လာသည်ကို တွေ့မြင်လိုက်ရပြန်လေသည်။ ထိုသူသည် ပခုံးပေါ်၌ တောင်ဝှေးတစ်လုံး ထမ်းထားပြီး လက်ထဲ၌ ချိန်ခွင်တစ်လက် ကိုင်ထား၏။

ထိုလူ့ကို မြင်လိုက်ရသည်နှင့် စောင်းသံရှင် အမျိုးသမီး ဝမ်းသာသွားပြီး....

'အမှတ်လေး...အစ်ကိုထွေးလဲ ရောက်လာပါလား၊ အမှတ်သုံးရဲ့ သတင်းကို ကြားလို့ပဲ ဖြစ်ရမယ်'

ချိန်ခွင်ကိုင်ထားသူသည် တစ်ခဏအတွင်းမှာပင် သူတို့အနီးသို့ ရောက်ရှိလာလေသည်။ ထိုလူသည် နဖူးပေါ်မှ ချွေးများကို သုတ်ပစ်လိုက်ပြီး....

'အမှတ်တစ် အစ်ကိုကြီးနဲ့ အမှတ်ငါး ညီမလေးတို့ပါလား၊ အမှတ်သုံးရဲ့ အခြေအနေ ဘယ်လိုရှိသလဲဗျ'

အမှတ်လေး ဆိုသူက ခရီးရောက်မဆိုက်ပင် အလောတကြီး မေးလိုက်သည်။

အမှတ်ငါး အမျိုးသမီးက....

'ကျွန်မတို့ နှစ်ယောက်လဲ အခုပဲ တွေ့ကြတာ'

အမှတ်လေးဆိုသည့် ချိန်ခွင် ကိုင်ထားသူက....

'ဒါဖြင့် သွားကြရအောင်....'

'ကောင်းပြီလေ'

သူတို့သည် အဆောက်အအုံဆီသို့ လှမ်းသွားရန် ဟန်ပြင်လိုက်ကြလေသည်။ ထိုအချိန်မှာပင်....

'ကျုပ်ကို စောင့်ပါဦးဗျ'

ကျယ်လောင်သောစကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ကြရ၏။

မျက်လှည့်ဆရာတို့ လှည့်ကြည့်လိုက်ကြသောအခါ လူဝကြီး တစ်ယောက်သည် တောင်ကုန်းပေါ်သို့ တလှိမ့်လှိမ့်ဖြင့် တက်လာနေသည်ကို တွေ့မြင်လိုက်ကြ ရလေသည်။

'အမှတ်နှစ် အစ်ကို လူဝကြီးလဲ လာနေပါရောလား....'

ချိန်ခွင် ကိုင်ထားသူ အမှတ်လေးက ဝမ်းသာအားရ အော်လိုက်၏။ သူတို့ကြာကြာ မစောင့်လိုက်ရပါ။



အမှတ်နှစ်ဆိုသူ လူဝကြီးသည် သူတို့အနီးသို့ ချက်ချင်းပင် ရောက်ရှိလာလေသည်။

'အမှတ်သုံးကော....အမှတ်သုံး....'

ရောက်လျှင် ရောက်ချင်းပင် အမှတ်နှစ် လူဝကြီးက အလော တကြီး မေးလာလေသည်။

အမှတ်တစ် မျက်လှည့်ဆရာက....

'အထဲမှာရှိတယ် လာ သွားကြမယ်'

သူတို့ လေးယောက်သည် အဆောက်အအုံးဆီသို့ ဦးတည် သွားရန် ဟန်ပြင်လိုက်ကြ၏။ ထိုအချိန်မှာပင် အဆောက်အအုံး အတွင်းမှ ငိုရှိုက်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက် ကြရ လေတော့သည်။

....င....

လေဝေ့ယမ်း တိုက်ခိုက်လာသည်။

ငိုရှိုက်သံများသည် လေနှင့်အတူလွင့်ပျံ့လာကာ တစ်စတက် တစ်စ ကျယ်လောင် လာလေသည်။

ငိုသံကြောင့် အမှတ်တစ် မျက်လှည့်ဆရာတို့ မျက်လုံးပြူး သွား ကြလေသည်။ အမှတ်ငါး အမျိုးသမီးက....

'ဘယ်လို ဖြစ်တာပါလိမ့်'

သူမ၏ ရေရွတ်သံ မဆုံးမီ အမှတ်တစ် မျက်လှည့်ဆရာတို့ သည် အဆောက်အအုံး၏ တံခါးပေါက်ဆီသို့ ရောက်ရှိသွားကြ ပြီ ဖြစ်လေသည်။

အမှတ်ငါး အမျိုးသမီးလည်း ချက်ချင်း ပြေးလိုက်သွား၏။ တစ်ခဏ အတွင်းမှာပင် သူတို့လေးယောက်သည် အဆောက် အအုံး တံခါးဝသို့ ရောက်ရှိသွားကြ လေ၏။

အဆောက်အအုံး အတွင်းဘက်၌ ကျယ်ဝန်းသော ဧည့်ခန်း ဆောင် တစ်ခုရှိသည်။ ခန်းမဆောင် အတွင်း၌ အလောင်းစင် တစ်ခု ပြင်ဆင်ထား၏။

အခေါင်း၏ရှေ့တွင် အမွှေးတိုင်များ ဖယောင်းတိုင်များ ဖြင့် ထွန်း ညှိပူဇော် ထားလေသည်။

ရွှေစက္ကူ မီးရှို့သည့် ပြာအိုးအတွင်းမှ မီးခိုးများ တလူလူ ထွက်နေ၏။ အသက်ငါးဆယ်ခန့်ရှိ အဘွားအို တစ်ယောက် သည် ဒူးထောက်ကာ တရှုံ့ရှုံ့ ငိုကြွေးလျက် ရှိနေလေသည်။



မျှော်လင့်မထားသော အနိဋ္ဌာရုံ မြင်ကွင်းကို မြင်တွေ့လိုက် ရသည်နှင့်....

'ညီလေး....'

အမှတ်တစ် မျက်လှည့်ဆရာသည် စိတ်မထိန်း နိုင်တော့ဘဲ အအား အော်ဟစ်ကာ အလောင်းစင် ရှိရာသို့ ပြေးလွှား သွားလေတော့သည်။

ကျန်သူများလည်း တစ်ဟုန်ထိုး ပြေးလိုက်သွားကြ၏။ သူတို့ လေးယောက် ပြေးသွားသည့် အရှိန်အဟုန်သည် လေပွေတစ် ခုပမာ ဖြစ်ပေါ် လာလေသည်။

ငိုကြွေးနေသည့် အဘွားအို လန့်ဖြန့်သွားပြီး ခေါင်းမော့ ကြည့်လိုက်၏။ အမှတ်တစ် မျက်လှည့်ဆရာတို့ကို မြင်သည့် အခါ....

'အမယ်လေး....'

အဘွားအိုသည် အထိတ်တလန့် အော်ဟစ်ကာ ထွက်ပြေး ရန် ကြိုးစားလေတော့သည်။

'ရပ်လိုက်....'

အမှတ်ငါး အမျိုးသမီးက ဟန့်တားရင်း ပိတ်ဆို့ တား လိုက်၏။ အဘွားအိုမှာ ထွက်မပြေးနိုင်တော့ဘဲ တုန့်ခနဲ ရပ် တန့်လိုက်ရသည်။

'မင်း....မင်းတို့ ဘယ်သူတွေလဲ....'

အဘွားအိုက အထိတ်တလန့်ဖြင့် မေးလိုက်၏။

အမှတ်ငါး အမျိုးသမီးက....

'သမားတော်ကြီး ဘယ်လို ဖြစ်သွားတာလဲ ပြောစမ်း'

သူမ၏ အသံမှာ ဒေါသကြောင့် တုန်ခါနေလေသည်။ အခေါင်းပေါ်မှ....

'သမားတော်ကြီး စီမှ....အသက် ငါးဆယ်နှစ်'

ဟု ရေးသားထားသည့် စာတန်းကသူမအား အကြီးအကျယ် ဒေါသ ထွက်စေခဲ့ခြင်း ဖြစ်ပေသည်။

အဘွားအိုက တုန်တုန်ချီချီဖြင့်....

'သ....သမားတော်ကြီး ကွယ်လွန်သွားပါပြီကွယ်....'

အမှတ်ငါး အမျိုးသမီး၏ မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာလေသည်။

'ကျွန်မတို့ အလာကောင်းပေမယ့် အခါ နှောင်းသွားပြီ ပေါ့....'

'နေဦး ညီမလေး၊ အစ်ကိုကြီး မေးကြည့်ဦးမယ်'

အမှတ်တစ် မျက်လှည့်ဆရာက ပြောပြောဆိုဆိုဖြင့် ရှေ့သို့ လှမ်းထွက်လာကာ အဘွားအိုနှင့် မျက်နှာချင်းဆိုင် လိုက် လေသည်။

'သမားတော်ကြီး ဘယ်လိုကြောင့် ကွယ်လွန်သွားရတာလဲ ရန်သူရဲ့ လက်ချက်မိသွားလို့လား'

အဘွားအို ခေါင်းခါယမ်းလိုက်သည်။



'မဟုတ်ပါဘူး၊ မကွယ်လွန်မီ နှစ်ရက်က အိမ်ရှေ့ချိန်မှာ ခေါင်းမူးတယ်၊ မူးတယ်ဆိုပြီး ညည်းညူရင်း လဲသွားတယ်၊ အဲဒီနောက် သတိပြန်မလည်လာတော့ဘဲ နောက်တစ်နေ့မနက် မှာ ကွယ်လွန်သွားခဲ့တာပါ'

မျက်လှည့်ဆရာ၊ လူဝကြီး၊ ဈေးသည်နှင့် အမျိုးသမီးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

'ကြယ်တံခွန်ဆရာ ဒီကို ရောက်မလာသေးတာ သေချာ တယ်'

မျက်လှည့်ဆရာက မှတ်ချက်ချ၏။ လူဝကြီးက ခေါင်းညိတ် လိုက်သည်။

'ဟုတ်မယ်၊ ရန်သူရောက်မလာခင် သေသွားတာပဲ'

'သူက ဆေးပညာ တစ်ဘက်ကမ်းခတ် တတ်မြောက်ထားတဲ့ သမားတော်ကြီး တစ်ယောက်ပါ၊ ခေါင်းမူးတဲ့ ရောဂါလေးနဲ့ သေသွားတယ်ဆိုတာ အံ့ဩစရာပဲ'

ချိန်ခွင်နှင့်လူက မှတ်ချက်ချသည်။ ဤတွင် အမျိုးသမီး သည် မျက်ရည်များ သုတ်ပစ်လိုက်ပြီး ရုတ်တရက် ကျယ်လောင် စွာ ရယ်မောလိုက်လေသည်။

'လက်စသပ်တော့ အမှတ်သုံးက ရန်သူမျက်စိလည်သွား အောင် သေချင်ဟန်ဆောင်နေတာကိုး'

သူမ၏ စကားကြောင့် မျက်လှည့်ဆရာ၊ လူဝကြီးနှင့်ဈေး သည်တို့ ကြောင်အမ်းအမ်း ဖြစ်သွားကြရလေသည်။

မျက်လှည့်ဆရာက မျက်မှောင်ကြုတ်ရင်း....

'ညီမလေး....ဘယ်လို ပြောလိုက်တာလဲ'

'ကြယ်တံခွန်ဆရာ လာနေပြီဆိုတာ ကျွန်မတို့တောင် သတင်းကြားသေးရင် အမှတ်သုံးလဲ ကြားမှာပေါ့၊ ဒါကြောင့် ရန်သူရောက်မလာခင် သေချင်ဟန်ဆောင်နေလိုက်တာပဲ ဖြစ်ရမှာပေါ့'

အမျိုးသမီး၏ စကားအဆုံးတွင်....

'ဟား .. ဟား....ဟား....ဟား'

ကျယ်လောင်သော ရယ်မောသံ ထွက်ပေါ်လာလေသည်။ အဘွားအိုက ရယ်မောလိုက်ခြင်း ဖြစ်သည်။

သူမ၏ အသံသည် ယောကျာ်းကြီးတစ်ယောက်၏ အသံမျိုး ဖြစ်နေ၏။ မျက်လှည့်ဆရာတို့လူစုသည် မျက်မှောင်ကြုတ်ကာ အဘွားအိုအား ကြည့်မိလိုက်ကြလေသည်။

အဘွားအိုက ရယ်မောရင်း မျက်နှာကိုလက်ဖြင့် ပွတ်လိုက်ရာ မျက်နှာဖုံးကုတစ်ခု ကွာကျသွားသည်ကို တွေ့မြင်ရ၏။

'ဟင်....အမှတ်သုံး'

အမျိုးသမီး၏နှုတ်မှ လွတ်ခနဲ အော်လိုက်၏။ အဘွားအိုက ခေါင်းညိတ်လိုက်သည်။



'ဟုတ်ပါတယ်ဗျာ....ကျုပ်ပါ'

ထိုအဘွားအိုကား အခြားသူမဟုတ်ပါ။ ရုပ်ဖျက်ထားသော သမားတော်ကြီးစိုးမုမင် ဖြစ်ပေတော့သည်။

....ဝ....

'ဟား....ဟား....ဟား .. ဟား'

'ဟား.. ဟား....ဟား....ဟား'

ရယ်မောသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

မျက်လှည့်ဆရာ၊ လူဝကြီး၊ အမျိုးသမီး၊ ချိန်ခွင်ကိုင်ထားသူနှင့် အဘွားအိုအဖြစ် ရုပ်ဖျက်ထားသော သမားတော်ကြီးတို့အားလုံး ရယ်မောလိုက်ကြခြင်း ဖြစ်ပေသည်။

အတန်ကြာ ရယ်မောပြီးမှ....

'ကျုပ်တို့ပညာဘင်မောင်နှမ ငါးယောက် အခုလို ပြန်ပြီးဆုံတွေ့ရမယ်လို့ အိပ်မက်တောင်မမက်ခဲ့မိပါဘူးဗျာ'

'ဟုတ်တယ်၊ တစ်သက်လုံး တကွဲတပြားစီ ခွဲခွာနေကြရမယ်လို့ ထင်နေတာရှင့်'

'အခုတော့ ကြယ်တံခွန်ဆရာကိုတောင် ကျေးဇူးတင်ရမလို ဖြစ်နေပြီ'

သူတို့နှစ်ယောက် တစ်ယောက်တစ်ပေါက်ပြောရင်း ရယ်မောလိုက်ကြပြန်သည်။ သို့သော် ရယ်မောသံများသည် တဖြည်းဖြည်း တိမ်ဝင်သွားပြီး နောက်ဆုံး လုံးဝ ပျောက်ကွယ်သွား၏။

, ခန်းမဆောင်အတွင်း၌ အပ်ကျသံကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

ကြယ်တံခွန်ဆရာသည် ရယ်စရာမဟုတ်ပါ။

သူတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

မည်သူကမျှ ထပ်မံ၍ ရယ်မောရန် စိတ်မကူးကြတော့ပါ။ သူတို့၏မျက်နှာများသည် တည်ကြည်လေးနက်နေတော့သည်။

သမားတော်ကြီး၏ သက်ပြင်းချသံသည် ခန်းမဆောင်၏ တိတ်ဆိတ်မှုကို စတင်ဖြိုခွဲလိုက်၏။

'အင်း....ကြယ်တံခွန်ဆရာ လာမယ်ဆိုလို့ ကျုပ်က သေချာပေါက် ဟန်ဆောင်ခဲ့မိတာ ခုတော့ ရှက်လာပါပြီဗျာ'

သူက ကျန်လူများအား ဝေ့ကြည့်လိုက်ပြီး....

'ဆွေ့အဆရာရဲ့ တပည့်တွေဟာ သတ္တိမရှိတဲ့လူတွေမှ မဟုတ်ဘဲဗျာ'



တိတ်ဆိတ်ငြိမ်သက်နေသည့် အချိန်ကာလသည် ချက်ချင်းကုန်ဆုံးသွား၏။ အားလုံးပင် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြပြန်သည်။

'ဟုတ်တယ်၊ ကျွန်မတို့ ဘာဖြစ်လို့ ရှောင်တိမ်းနေရမှာလဲ'

အမျိုးသမီးက စိတ်ဓာတ်တက်ကြွဟန်ဖြင့် ပြောလိုက်၏။

'ကြယ်တံခွန်ဆရာဟာ ဒီတစ်ခါတော့ အတွက်မှားသွားပြီဗျ'

အမှတ်လေးဖြစ်သူ ချိန်ခွင်နှင့်လူက ပြောလိုက်ခြင်းဖြစ်၏။ အမှတ်နှစ် လူဝကြီးကလည်း....

'ကျုပ်တို့ဟာ အရင်ကလို မဟုတ်တော့ဘူးဆိုတာ သိသွားရင် ကြယ်တံခွန်ဆရာတော့ အတော့်ကို အံ့သြသွားမှာပဲ'

မှန်ပါသည်။

ခွာတ်မြှုပ်နေကြသည့် အချိန်ကာလ တစ်လျှောက်လုံးတွင် သူတို့ငါးယောက်သည် သိုင်းပညာတိုးတက်လာစေရန် အဖြင်းအထန် ကြိုးစားလေ့ကျင့်ခဲ့ကြသည် မဟုတ်ပါလား။

သူတို့၏သိုင်းပညာသည် ယခင်အခြေအနေနှင့် များစွာကွာခြားပြီဖြစ်သည်ကို သူတို့မှလွဲပြီး မည်သူသိနိုင်ပါအံ့နည်း။

လေးယောက်သား တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသော်လည်း အမှတ်တစ်ဖြစ်သော မျက်လှည့်ဆရာက ငြိမ်နေ၏။ တစ်ခွန်းတစ်ပါဒမျှ ဝင်ရောက်ပြောဆိုခြင်း မပြုချေ။

ထို့ကြောင့် အားလုံး၏အကြည့်သည် အမှတ်တစ်မျက်လှည့်ဆရာထံသို့ ရောက်ရှိသွားကြလေသည်။ ထိုအခါမှ မျက်လှည့်ဆရာက သက်ပြင်းတစ်ချက်ချလိုက်ပြီး....

'ကြယ်တံခွန်ဆရာကရော ဒီနှစ်တွေထဲမှာ ဘာမှမလုပ်ဘဲ ထိုင်နေမယ်တဲ့လား'

အမှတ်နှစ်လူဝကြီးတို့ ပါးစပ်ပိတ်ထားလိုက်ကြ၏။

မှန်ပါသည်။ ကြယ်တံခွန်ဆရာသည် သိုင်းပညာနှင့်ပတ်သက်လာလျှင် အတ္တဓလာဘကြီးမားသူဖြစ်၏။

သိုင်းလောကတွင် ပြိုင်ဘက်ကင်း သိုင်းသမားကြီးတစ်ဦးဖြစ်ရမည်ဟူသောခံယူချက်ဖြင့် အချိန်အခါမလပ်ကြိုးစားနေသူ၊ လေ့ကျင့်နေသူ၊ တက်လမ်းရှာဖွေနေသူ ဖြစ်လေသည်။

သူတို့၏သိုင်းပညာ တိုးတက်လာသည့်နည်းတူ ကြယ်တံခွန်ဆရာ၏ သိုင်းပညာလည်း တိုးတက်လာမည်မှာ မြေကြီးလက်ခတ်မလွဲ သေချာလှပေတော့သည်။

မျက်လှည့်ဆရာက....

'ကြယ်တံခွန်ဆရာကို ယှဉ်ဖို့မလွယ်ဘူးဆိုတာ တို့ရဲ့ဆရာ စောစင်းဟိုကိုယ်တိုင် နားလည်သဘောပေါက်ခဲ့တာပဲ၊ ဒါကြောင့် ရှောင်တိမ်းနေကြဖို့ အမိန့်ထုတ်ခဲ့တာပေါ့'

သူတို့အားလုံး ကြယ်တံခွန်ဆရာအား ရင်ဆိုင်သုတ်သင်ရှင်းလင်းလိုကြသော်လည်း ယှဉ်နိုင်မည်မဟုတ်သဖြင့် စောစင်းဟိုက တားမြစ်အမိန့်ထုတ်ခဲ့ခြင်းဖြစ်သည်။



အမှတ်ငါး အမျိုးသမီးက မကျေမနပ်ဖြင့် နှုတ်ခမ်းစူလိုက်သည်။

'ကျွန်မတို့ ဒီအတိုင်းပဲ ခေါင်းငုံ့ခံနေကြရမှာလား'

အမှတ်နှစ်လူဝကြီးကလည်း သက်ပြင်းမျှင်းမျှင်းချရင်း....

'ကျုပ်တို့ခံရတာ ကြာပါပြီဗျာ၊ ကျုပ်တို့ရဲ့အလှည့်ဆိုတာရော မရှိနိုင်တော့ဘူးလား'

'ဟုတ်တယ်၊ ဘာပဲဖြစ်ဖြစ် ကြယ်တံခွန်ဆရာနဲ့ ရင်ဆိုင်ကြရမှာပဲ'

အမှတ်လေး ချိန်ခွင်နှင့်လူကလည်း ဝင်ပြောလေသည်။ သမားတော်ကြီးက မျက်လှည့်ဆရာအား လှမ်းကြည့်လိုက်၏။

မျက်လှည့်ဆရာက ဦးခေါင်းတဆတ်ဆတ်ညိတ်ရင်း....

'ကျုပ်တို့ ဘယ်လိုခံစားကြရမယ်ဆိုတာ ဆရာနားလည်ထားပါတယ်၊ ဒါကြောင့် အခုတစ်ကြိမ်တော့ သူကိုယ်တိုင် ကြယ်တံခွန်ဆရာနဲ့ ရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်ပါပြီ'

'ဟာ....'

လူဝကြီး၊ အမျိုးသမီး၊ ချိန်ခွင်ကိုင်ထားသူနှင့် သမားတော်ကြီးတို့ လွတ်ခနဲ ရေရွတ်မိလိုက်ကြသည်။

မျက်လှည့်ဆရာကိုလည်း မျက်လုံးပြူး၍ ကြည့်လိုက်မိကြသည်။

'အမှတ်တစ်အစ်ကိုကြီး ဘယ်လိုပြောလိုက်တာလဲ၊ ဆရာက သူနဲ့ရင်ဆိုင်မယ် ဟုတ်လား'

အမျိုးသမီးက မယုံကြည်နိုင်ဟန်ဖြင့် ပြန်မေးလိုက်၏။ အမှတ်လေး ချိန်ခွင်နှင့်လူကလည်း မျက်မှောင်ကြုတ်ရင်း....

'အစ်ကိုကြီး ဘယ်လိုလုပ်သိတာလဲ'

ဟု မေးလိုက်၏။ လူကြီးလည်း မနေနိုင်တော့ပါ။

'အစ်ကိုကြီးက ဆရာနဲ့တွေ့ခဲ့ပြီးပြီ ဟုတ်လား'

တစ်ယောက် တစ်ပေါက် ဝိုင်းမေးလိုက်ကြရာ မျက်လှည့်ဆရာက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျုပ်ဆရာနဲ့ တွေ့ခဲ့ပြီးပြီ'

'ဆရာ ဘယ်မှာလဲ'

'အခု ဆရာ ဘာလုပ်နေသလဲဟင်'

'ကျုပ်ဆရာနဲ့ တွေ့ပါရစေဗျာ'

ဆုံအဆရာ စောစင်းဟိုအကြောင်း တစ်ယောက်တစ်ပေါက် ဝိုင်းဝန်းမေးမြန်းလိုက်ကြပြန်လေသည်။ ကြယ်တံခွန်၏ပယောဂကြောင့် ဆရာနှင့်တပည့်များ ခွဲခွာနေခဲ့ကြသည်မှာ နှစ်အတန်ကြာခဲ့ပြီ မဟုတ်ပါသား။

သူတို့သည် ဆရာကို ချစ်မြတ်နိုးသည်၊ ရိုသေလေးစားကြသည်။ သူတို့အားလုံး ဆရာကောင်းတပည့်များ ဖြစ်ကြသည်



ယခု သူတို့၏ဆရာမှာ ကြယ်တံခွန်ဆရာနှင့် ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်ပြီဟု သိရ၏။ အားလုံး ဖော်မပြနိုင်အောင် ဝမ်းသာသွားကြသည်။

သူတို့အားလုံးကလည်း ဆရာနှင့်အတူ တစ်ပွဲတစ်လမ်း ဝင်နွှဲချင်နေကြသူများချည်းဖြစ်၏။

'ဆရာဟာ မိုးထိတောင်မှာ ရှိနေပါတယ်'

မျက်လှည့်ဆရာက ပြောလိုက်သည်။

မိုးထိတောင်....

မိုးထိတောင်သည် သိုင်းလောကတွင် ထင်ရှားသောတောင်တစ်လုံးဖြစ်လေသည်။

လွန်ခဲ့သည့် နှစ်ပေါင်းလေးဆယ်ခန့်က သိုင်းလောကတွင် ပြိုင်ဘက်ကင်းသော မိုးမြေအတွင်းအားပိုင်ရှင် 'ထင်းတိချူး' အခြေချ နေထိုင်ခဲ့သော တောင်လည်း ဖြစ်လေသည်။

မိုးမြေအတွင်းအားပိုင်ရှင် ထင်းထိချူးသည် သိုင်းလောက အကျိုး၊ အများအကျိုးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သူဖြစ်ရာ သိုင်းလောကသာမက လူအများ၏ကြည်ညိုလေးစားခြင်းကိုသည်း ခံခဲ့ရသူ ဖြစ်ပေသည်။

သူ့တွင် စောဝင်းဟိုနှင့် ထင်းထိချူးဆိုသည့် တပည့်နှစ်ယောက်ရှိခဲ့သည်။

တစ်ချိန်ချိန်၌ သိုင်းလောကမှ သူအနားယူခဲ့လျှင် သူ၏ခြေရာ နင်းနိုင်စေရန်ရည်ရွယ်၍ တပည့်နှစ်ယောက် မြေးမြူကာ ပညာကုန်သင်ပေးခဲ့လေသည်။

ထင်တိချူး၏ တပည့်များ ဖြစ်ကြသော စောစင်းဟိုနှင့် ထင်းထိ ချူးတို့သည် နှစ်အနည်းငယ်အတွင်း ထင်ရှားသော သိုင်းသမားကြီးများအဖြစ် ရပ်တည်လာနိုင်ခဲ့ကြ လေသည်။

သို့သော်....

စောစင်းဟိုသည် ဆရာ၏ခြေရာကိုနင်းကာ သိုင်းလောက အကျိုး၊ အများအကျိုး ဆောင်ရွက်သူ ဖြစ်လာသော်လည်း ထင်းထိချူးမှာမူ သိုင်းပညာအားကိုးနှင့် ထင်ရာစိုင်းသူ တစ်ယောက် ဖြစ်မှန်းမသိ ဖြစ်လာခဲ့လေ၏။

ဤတွင် ထင်းတိချူးမှာ အကြီးအကျယ် စိတ်ဆိုးသွားကာ နှစ်ယောက်စလုံးအား မိုးထိတောင်မှ မောင်းထုတ်ပစ်ခဲ့လေသည်။

ထင်းချွန်းချူးသည် သူ့အား ဆရာဖြစ်သူက မောင်းထုတ်ခဲ့သည်မှာ စောစင်းဟို ချောက်တွန်းခြင်းကြောင့် ဖြစ်သည်ဟု ယူဆခဲ့လေသည်။

စောစင်းဟိုအား သုတ်သင်ရှင်းလင်းပစ်ရန် နည်းအမျိုးမျိုးဖြင့် ကြံစည် ကြိုးစားခဲ့၏။

ထင်းထိချူး၏ ရက်စက်ယုတ်မာသော လုပ်ရပ်များကို စောစင်းဟို မခံနိုင်တော့သည့်အခါ သူတို့ နှစ်ယောက်မှာပညာသင်သက်ညီအစ်ကိုဘဝမှ မဟာရန်သူတော်ကြီးများအဖြစ်သို့ ပြောင်းလဲ သွားခဲ့ကြလေသည်။

နောင်တွင် ထင်းထိချူးသည် ကြယ်တံခွန် ဆရာအဖြစ်လည်းကောင်း၊ စောစင်းဟိုသည် ဆွံ့အ ဆရာအဖြစ် လည်းကောင်း သိုင်းလောက၌ ထင်ရှား လာကြသည်။



သူတို့၏ဆရာ မိုးမြေအတွင်းအားပိုင်ရှင် ထင်းတိချူးသည် တပည့်နှစ်ယောက်၏စိတ်ဖြင့်ပင် ကွယ်လွန် သွားခဲ့လေသည်။

ထင်းတိချူး၏ အုတ်ဂူသည် မိုးထိတောင်ပေါ်တွင် ယခု အချိန်တိုင်အောင်ပင် အထင်အရှား တည်ရှိနေပေသည်။

'ကျုပ်တို့ ဆရာ့ကို သွားတွေ့ကြမယ်'

လူကြီးက အော်ပြောလိုက်၏။

အမျိုးသမီးက ထောက်ခံလိုက်လေသည်။

'ဟုတ်တယ်၊ ဟုတ်တယ် အခုပဲ သွားကြမယ်'

မျက်လှည့်ဆရာက ပြုံးလိုက်ပြီး

'ဆရာကလဲ မင်းတို့ကို ခေါ်လာဖို့ အမိန့်ပေးလိုက်ပါတယ်'

'ဒါဖြင့် ဘာလို့ အချိန်ဖြုန်းနေကြတာလဲ၊ အခုပဲသွားကြရအောင်'

သမားတော်ကြီး စီးမုက လောဆော်လိုက်ရာ အားလုံးပင် ခန်းမဆောင်အတွင်းမှ ထွက်ခွာသွားရန် ဟန်ပြင်လိုက်ကြ၏။

ထိုအချိန်မှာပင်....

'ဟော....ဆွံ့အ, ဆရာရဲ့တပည့်တွေ လိပ်လို ခေါင်းဝှက်ပြီး ပုန်းမနေကြနဲ့၊ အခုချက်ချင်း ထွက်လာခဲ့ကြစမ်း'

အပြင်ဘက်မှ ကျယ်လောင်သော စသားသံဘစ်သံ ထွက်ပေါ်လာလေသည်။ သမားတော်ကြီးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြသည်။

'သူလာနေပြီ'

အမျိုးသမီးက မျက်မှောင်ကြုတ်ရင်းလွှတ်ခနဲ ပြောလိုက်လေသည်။

မှန်ပါသည်။ သူတို့၏ မဟာရန်သူတော်ကြီးများ ဖြစ်ကြသော ကြယ်တံခွန်ဆရာသည် သူတို့ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာချေပြီတည်း။

....o....

မျက်လှည့်ဆရာ ဦးဆောင်သော သွံ့အ, ဆရာ စောစပ်းဟို၏ တပည့်ငါးယောက်သည် အဆောက်အအုံရှေ့ မြေကွက်လပ်သို့ ထွက်လာခဲ့ကြပြီဖြစ်လေသည်။

အပြင်ဘက်၌ လေတိုက်ခတ်နေ၏။ လေအဝေ့တွင် သစ်ရွက်ခြောက်ကလေးများ တဖြုတ်ဖြုတ် ကြွေကျထုန်၏။

လေတိုး၍ အဝတ်အစားများ တဖျပ်ဖျပ်လူးလွန့်သွားသည့်တိုင် မျက်လှည့်ဆရာတို့လူစု မလှုပ်မယှက် ရပ်နေကြလေသည်။



သူတို့၏မျက်လုံးများသည် တောင်ပေါ်သို့ တက်သည့်လမ်းကလေးဆီသို့ မမှိတ်မသုန် စိုက်ကြည့်နေကြလေသည်။

ရုတ်တရက် လူရိပ်တစ်ခု ထွက်ပေါ်လာ၏။ အနီရောင်ဝတ်ရုံ လွှမ်းခြုံထားသူတစ်ယောက်သည် တောင်ကုန်းကလေးပေါ်သို့ ချက်ချင်းဆိုသလို ရောက်ရှိလာလေသည်။

ထိုလူမှာ အသက်ငါးဆယ်ခန့်ရှိ အဘိုးအိုတစ်ယောက် ဖြစ်သည်။ ခန္ဓာကိုယ် ပိန်ပိန်ပါးပါးရှိပြီး ရင်ဘတ် ထိအောင်ရှည်လျားသော မုတ်ဆိတ်ဖြူများရှိသူ ဖြစ်လေသည်။

ထိုအဘိုး၏ မျက်လုံးအစုံမှာ အရောင် တဖိတ်ဖိတ် ဝင်းလဲ့တောက်ပနေ၏။ သူ၏ခန္ဓာကိုယ်မှ ပူပြင်းသော အငွေ့အသက်များ ထွက်ပေါ်နေသည်ဟု ထင်မှတ်ရလေသည်။

မျက်လှည့်ဆရာတို့လူစုသည် ထိုအဘိုးအိုအား မြင်တွေ့လိုက်ရသည်နှင့် ချွေးသီးချွေးပေါက်များ အလိုလို ကျဆင်းလာရလေသည်။

သူတို့သည် ကြံ့ခိုင်သော သံမဏိစိတ်ဓာတ်များ ရှိသူများဖြစ်ကြသည့်တိုင် ထိုအဘိုးအိုနှင့် မျက်လုံးချင်း ဆုံမိသောအခါ စိုးနွံ့ထိတ်လန့်မှုများ ဖြစ်ပေါ်လာကြလေသည်။

အမှတ်စဉ်ငါး အမျိုးသမီးက...

'ကြယ်တံခွန်ဆရာ'

ဟု၍ လွှတ်ခနဲ ရေရွတ်လိုက်မိ၏။

မှန်ပါသည်။ မီးတောက် မီးလျှံ တစ်ခုပမာ အနီရောင် ဝတ်စုံ လွှမ်းခြုံထားသော အတိုးအိုသည် ကြယ်တံခွန်ဆရာ တင်းချွန်းချူးပင် ဖြစ်လေသည်။

ကြယ်တံခွန်ဆရာက မျက်လှည့်ဆရာတို့ လူစုကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး....

'စောစောင်းဟိုရှဲ တပည့်တွေ စုံစုံညီညီ ရှိနေကြတာကိုး၊ အတော်ပဲ ကျုပ်က အပင်ပန်းခံပြီး လိုက်ရှာစရာ မလိုတော့ဘူးပေါ့'

ကြယ်တံခွန်ဆရာသည် ပြောရင်း ကိုယ့်စကားကိုယ် သဘောကျသွားဟန်ဖြင့် တဟားဟား ရယ်မောလိုက်လေသည်။

မျက်လှည့်ဆရာက အံတင်းတင်းကြိတ်ရင်း...

'ကြယ်တံခွန်ဆရာ၊ ခင်ဗျားက ခုချိန်ထိတောင် မိုက်လုံးကြီးနေတုန်းပဲလားဗျ....'

'ဘာ....'

ကြယ်တံခွန်ဆရာ၏ အသံက ဟိန်းထွက်လာ၏။

'မင်းကငါ့ကို မိုက်လုံးကြီးတယ်လို့ ပြောဝံ့သတဲ့လား'

စကားဆုံးသည်နှင့် ပခုံးတစ်ဖက်ကို ခတ်ခနဲ ခါလိုက်၏။ သူလွှမ်းခြုံထားသော အနီရောင်ဝတ်ရုံသည် လူးလွန့်သွားပြီး လေပွေတစ်ခု ဖြစ်ပေါ်လာရာ မျက်လှည့်ဆရာထံသို့ တိုးဝင်သွားလေသည်။



'အင်ကိုကြီး သတိထား....'

အမျိုးသမီးက စိုးရိမ်ထိတ်လန့်စွာဖြင့် အော်ဟစ် သတိပေးလိုက်၏။

မျက်လှည့်ဆရာမှာ ကဗျာကယာ နောက်ဆုတ် ရှောင်တိမ်းလိုက်လေသည်။ သို့တိုင်အောင်....

'ဝုန်း...'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာပြီး မျက်လှည့်ဆရာ၏ အင်္ကျီပေါ်၌ မီးတောက်တစ်ခု ဖြစ်ပေါ်လာလေသည်။

မျက်လှည့်ဆရာက ချက်ချင်းပင် မြေပေါ်လှိမ့်ချလိုက်မှ မီးငြိမ်းသွား၏။ သူပြန်လည်၍ ခုန်ထလာသောအခါ သူ၏အင်္ကျီရင်ပတ်ရှေ့၌ မီးလောင်ကျွမ်းသွားသဖြင့် အပေါက်ကြီးတစ်ခု ဖြစ်နေပြီး အပေါ်ယံ အရေပြားမှာလည်း နီရဲကာ ပိုးလောင် အဖုအပိမ့်များ ဖြစ်ပေါ်လာလေသည်။

'ရော့...ဒီဆေးကို မြန်မြန် လိမ်းလိုက်ပါ'

သမားတော်ကြီးက အဖြူရောင် ဆေးလုံးကလေးတစ်လုံး ပစ်ပေးလေသည်။

မျက်လှည့်ဆရာသည် ချက်ချင်း ဖမ်းယူထားလိုက်ပြီး ရင်ပတ်ကို ပွတ်လိမ်းလိုက်၏။ ဆေးလုံးကလေးမှာ အမှုန့်ဖြစ်သွားကာ မွှေးညှင်းပေါက်မှတစ်ဆင့် အရေပြားအတွင်းသို့ ပျော်ဝင်သွား၏။

မျက်လှည့်ဆရာ ခံစားနေရသော ပူစပ်ပူလောင် ဝေဒနာများ ချက်ချင်းသက်သာ ပျောက်ကင်းသွားလေသည်။

ကြယ်တံခွန် အဘိုးအိုက ဦးခေါင်း တဆတ်ဆတ် ညိတ်လိုက်သည်။

'မဆိုးဘူး....မဆိုးဘူး'

ကြယ်တံခွန် အဘိုးအိုက ချီးကျူး လိုက်လေသည်။

ထို့နောက်....

မျက်လှည့်ဆရာတို့ လူစုအား ဝေ့ကြည့်လိုက်ပြီ....

'မင်းတို့သာ စောစောင်းဟိုကို မျက်ကွယ်ပြုပြီး ငါ့ဆီမှာ တပည့်ခံကြမယ်ဆိုရင် မင်းတို့ကို အသက်ချမ်းသာခွင့် ပေးလိုက်မယ်၊ ဘယ့်နှယ်လဲ...'

ကြယ်တံခွန်ဆရာ၏ စကားကြောင့်....

အမျိုးသမီး ဒေါသခြောင်းခြောင်း ထွက်သွားလေသည်။

'ရှင့်လို လူယုတ်မာဆီမှာ တပည့်ခံရတာထက် သေရတာက မြတ်သေးတယ်၊ ဆရာ့ကို ဘယ်တော့မှ သစ္စာမဖောက်ဘူး ဆိုတာ မှတ်ထားပါ'

အမျိုးသမီးသည် စက်ဆုပ်စွာ ပြောရင်း မြေပေါ် ခြေဆောင့်ကာ ကြယ်တံခွန်ဆရာထံ ခုန်ဝင်တိုက်ခိုက် လိုက်လေသည်။

မျက်လှည့်ဆရာ၊ လူဝကြီး၊ ချိန်ခွင်သမားနှင့် သမားတော်ကြီးတို့ မနေနိုင်ကြတော့ပါ။



'ယား....'

အားလုံးပင် တိုင်ပင်ထားကြသည့်အလား ငြသံပေးကာ ကြယ်တံခွန် ဆရာထံ ခုန်ဝင်တိုက်ခိုက် လိုက်ကြလေတော့သည်။

....၀....

'ဝုန်း....ဝုန်း....ဝုန်း....'

ကျယ်လောင်သော အသံများ ထွက်ပေါ်လာသည်။

သမားတော်ကြီး အမျိုးသမီးနှင့် လူဝကြီးတို့မှာ အဝတ်အစားများတွင် မီးစွဲလောင် သွားသဖြင့် ကမန်းကတမ်း မြေပေါ်လှိမ့်ချကာ မီးငြိမ်း သတ်လိုက်ရလေသည်။

မျက်လှည့်ဆရာနှင့်ချိန်ခွင်သမားတို့မှာ ကဗျာကယာနောက်ဆုတ်လိုက်ကြရသည်။

'ဟား....ဟား....ဟား....ဟား'

ကြယ်တံခွန်ဆရာက ဟားတိုက် ရယ်မော လိုက်လေသည်။

'စောစင်းဟိုရဲ့တပည့်တွေ မခေဘူးလို့ လူတွေ ပြောနေကြတယ်၊ တကယ်တော့ ဘာမှလဲ မဟုတ်ကြပါလား'

ကြယ်တံခွန်ဆရာ၏ ခပ်လှောင်လှောင်စကားကြောင့် မျက်လှည့်ဆရာ ခံပြင်းသွားလေသည်။ မည်သို့ဆိုစေ သူတို့အနေဖြင့် ကြယ်တံခွန်ဆရာအား မယှဉ်နိုင်သည်မှာ သေချာ၏။

သူတို့ငါးယောက်စလုံး သေသွားကြသည့်တိုင် ကြယ်တံခွန်ဆရာ၏အင်္ကျီစကိုပင် ထိအောင် တိုက်ခိုက်နိုင်ကြလိမ့်မည်မဟုတ်ဟု နားလည်ထားကြသည်။

ထိုစဉ် အမျိုးသမီးသည် မခံမရပ်နိုင် ဖြစ်သွားပြီး....

'သေဖို့သာ ပြင်ထား'

အမျိုးသမီးသည် အော်ငေါက်ရင်း တဟုန်ထိုး ဝင်ရောက်တိုက်ခိုက်လိုက်ပြန်လေသည်။

'ညီမ သတိထား'

မျက်လှည့်ဆရာ ထိတ်လန့်သွားပြီး ကပျာကယာ သတိပေးလိုက်သည်။ သို့သော် နောက်ကျသွားပြီ ဖြစ်လေသည်။

အမျိုးသမီး၏ တိုက်ခိုက်မှုကို ကြယ်တံခွန်ဆရာက ရှောင်တိမ်းခြင်းမပြုပါ။

'လာခဲ့စမ်း'

အော်ငေါက်ပြီး လက်တစ်ဘက် ဆန့်ထုတ်လိုက်၏။ သူ၏ လက်ငါးချောင်းသည် သိမ်းငှက်ခြေသည်းပမာ အမျိုးသမီး၏ လက်ကောက်ဝတ်ကို ဖမ်းဆုပ် မိလိုက်လေသည်။



ရှတ်တရက်ဆိုသလိုပင် အမျိုးသမီး၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။ ထို့နောက် မလှုပ်ရှားနိုင်တော့ဘဲ တောင့်တောင့်ကြီး ဖြစ်သွားတော့သည်။

သူမသည် ကြယ်တံခွန်ဆရာ၏ သွေးကြောပိတ်ခြင်းကို ခံလိုက်ရပြီဖြစ်လေသည်။

'ညီမ'

မျက်လှည့်ဆရာတို့က အော်ဟစ်ရင်း ကြယ်တံခွန်ဆရာကို ပြေးဝင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြလေသည်။

သို့သော်....

ရပ်လိုက်စမ်း'

ကြယ်တံခွန်ဆရာက ဟန့်တားလိုက်ခြင်းကြောင့် သူတို့အားလုံး တုန့်ခနဲ ရပ်တန့်သွားကြသည်။

'သူသေသွားတာ မင်းတို့မြင်ချင်သလား'

ကြယ်တံခွန်ဆရာက အေးတိအေးစက် ပြောလိုက်ရာ မျက်လှည့်ဆရာတို့မှာ ရှေ့ဆက် မတိုးဝံ့ကြတော့ဘဲ ကြက်သေ သေသွားကြသည်။

'ကဲ...စောစင်းဟို ဘယ်မှာလဲ ပြောစမ်း'

'ကျုပ်တို့ကို သတ်ပစ်လိုက်၊ ဆရာ့အပေါ် ဘယ်တော့မှ သစ္စာမဖောက်ဖူးဆိုတာ မှတ်ထား'

ကြယ်တံခွန်ဆရာ၏အမေးကို သမားတော်က အံတင်းတင်းကြိတ်ရင်း ပြန်ပြောသည်။

ကြယ်တံခွန်ဆရာ မဲ့ပြုံး ပြုံးလိုက်သည်။

'ကောင်းပြီလေ၊ ဒါဆိုသူ့ကို အရင်ဆုံး ရှင်းပစ်ရမှာပေါ့'

ကြယ်တံခွန်ဆရာသည် ပြောပြောဆိုဆိုပင် အမျိုးသမီးအား လက်ငါးဖြင့်ရိုက်ချရန် ဟန်ပြင်လိုက်လေသည်။

'မလုပ်နဲ့'

မျက်လှည့်ဆရာက ဟန့်တားရင်း ရှေ့သို့ ခုန်ထွက်သွားကာ ကြယ်တံဆရာနှင့် ရင်ဆိုင်လိုက်၏။

'ညီမလေးကို လွှတ်လိုက်ပါခင်ဗျာ၊ သိချင်တာ ကျုပ်ပြောပြမယ်'

ကြယ်တံခွန်ဆရာ မျက်မှောင် ကြုတ်သွားပြီး....

'မင်း....ပြောမယ်ဟုတ်လား'

'ဟုတ်တယ်'

'ဟား....ဟား....ဟား....ဟား'

ကြယ်တံခွန်ဆရာ ရယ်မောလိုက်လေသည်။

'ကောင်းပြီလေ၊ သူ့ကိုလွှတ်လိုက်မယ်'

ပြောပြောဆိုဆို အမျိုးသမီးအား သွေးကြော ဖွင့်ပေးပြီး တွန်းထုတ်လိုက်၏။

အမျိုးသမီးမှာ လှုပ်ရှားလာနိုင်ပြီဖြစ်ရာ ကြယ်တံခွန်ဆရာနှင့် ဝေးရာသို့ လှစ်ခနဲ ခုန်ထွက်သွားလေသည်။

သမားတော်ကြီး၊ လူဝကြီးနှင့် ချိန်ခွင် ကိုင်ထားသူတို့က မျက်လှည့်ဆရာအား ဒေါသတကြီး ကြည့်လိုက်ကြလေသည်။



'အစ်ကိုကြီး၊ ခင်ဗျား ဘာကြောင့် သစ္စာဖောက်ချင်ရတာလဲ'

'ကြယ်တံခွန်ဆရာကို အရှုံး ပေးမယ့်အစား သေရတာက မြတ်သေးတယ်ဗျ'

'ဆရာအကြောင်း ပြောမပြနဲ့'

'အစ်ကိုကြီး သွေးမကြောင်နဲ့....'

တစ်ယောက်တစ်ပေါက် အော် ပြော လိုက်ကြလေသည်။ မျက်လှည့်ဆရာ သက်ပြင်းချလိုက်၏။

'ကျုပ်....သစ္စာဖောက်တာ မဟုတ်ပါဘူး၊ ဆရာ့ရဲ့ အမိန့်အတိုင်း ဆောင်ရွက်ရတာပါ'

မျက်လှည့်ဆရာက တည်ကြည်သော မျက်နှာထားနှင့်ပြောလိုက်ရာ....

'ဟာ....'

'ဟင်....'

'ဆရာ့ရဲ့ အမိန့်ဟုတ်လား'

လူဝကြီးတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ မယုံကြည်နိုင်အောင်လည်း ဖြစ်ကုန်ကြ၏။ မျက်လှည့်ဆရာ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျုပ်တို့ငါးယောက်ဟာ ကြယ်တံခွန်ဆရာကို ဘယ်နည်းနဲ့မှ မယှဉ်နိုင်ဘူးဆိုတာ ဆရာသိထားတယ်၊ ဒါ

ကြောင့် ထိပ်တိုက်ရင်မဆိုင်ရဘူး၊ သူ့ဆီကို ခေါ်လာရမယ်လို့ အမိန့်ပေးလိုက်ပါတယ်’

ထိုစကားကြားသည့်အခါ လူဝကြီးတို့ ခေါင်းငိုက်စိုက်ကျသွားလေတော့သည်။ ထိုစဉ် ကြယ်တံခွန် ဆရာ၏အသံထွက်လာသည်။

‘ဟော့....စောစင်းဟို ဘယ်မှာလဲ၊ မြန်မြန် ပြောစမ်း’

မျက်လှည့်ဆရာက ကြယ်တံခွန်ဆရာဘက်သို့ လှည့်လိုက်ပြီး

‘ဆရာဟာ မိုးထိတောင်ပေါ်မှာ ခင်ဗျားကို စောင့်နေပါတယ်’

ကြယ်တံခွန်ဆရာ၏မျက်လုံးအစုံမှာ မီးတောက်မီးလျှံများထွက်ပေါ်လာတော့မည့်အလား အရောင်တဖိတ်ဖိတ် ငါး လဲ့တောက်ပလာလေသည်။

သူ၏မျက်နှာမှာလည်း ကြောက်မက်ဖွယ် ကောင်းလောက်အောင် ခက်ထန်သည့်အသွင်သို့ ပြောင်းလဲသွား၏။

သူသည် စကားတစ်ခွန်းမျှမပြောဘဲ ချာခနဲလှည့်ကာ ပြေးထွက်သွားလေသည်။

ယင်းသို့ ပြေးထွက်သွားစဉ် တောင်ကုန်း အောက်ဘက်မှ စကားသံများပျံ့လွင့်ထွက်ပေါ်လာသည်ကို ကြားရသည်။

‘ကြယ်တံခွန်ဆရာ ခင်ဗျား ဘယ် လိုဖြစ်တာလဲဗျ’

‘ခင်ဗျားတို့ လိုက်လာတာနဲ့အတော်ပဲ၊ စောစင်းဟိုရှိတဲ့နေရာကို ကျုပ်သိရပြီ’

‘သူက ဘယ်မှာတဲ့လဲ’



‘မိုးထိ တောင်ပေါ်မှာ’

‘ဒါဖြင့် သွားကြရအောင်’

အပြန်အလှန် ပြောဆိုနေကြသော စကားသံများ ကွယ်ပျောက်သွားသည်။

ထို့နောက် ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ် ငြိမ်သက် သွားလေသည်။ ထိုအခါမှ မျက်လှည့်ဆရာတို့လူစု တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက် မိကြသည်။

အမျိုးသမီးက မကျေမနပ်ဖြင့်....

‘အမှတ်တစ် အစ်ကိုကြီး ဆရာအမိန့် ပေးလိုက်တယ်ဆိုတာ တကယ်ပဲလား’

အမျိုးသမီး၏ အမေးစကားကြောင့် မျက်လှည့်ဆရာ စိတ်မကောင်း ဖြစ်သွားလေသည်။

‘ကျုပ် ဘယ်တုန်းကမျှ လိမ်ပြောခဲ့ဖူးလို့လဲ ညီမရယ်’

‘ဒါဖြင့် ကျွန်မတို့ရော၊ ဘယ်လိုလုပ်ရမလဲ....’

‘ဟုတ်တယ်....ဟုတ်တယ်၊ ရန်သူက ဆရာ့ဆီကို သွားနေပြီ၊ ကျုပ်တို့က လက်ပိုက် ကြည့်နေ ရတော့မှာလား....’

လူဝကြီးကလည်း ပျာပျာသလဲ ဝင်ပြော၏။ ချိန်ခွင် ကိုင်ထားသူနှင့် သမားတော်တို့လည်း လှုပ်လှုပ်ရှားရှား ဖြစ်လာပြန်သည်။

‘ကျုပ်တို့ လိုက်သွားကြရမှာပေါ့’

သူတို့သည် မျက်လှည့်ဆရာကို ဝိုင်းကြည့်လိုက်ကြလေသည်။ အမျိုးသမီးက....

'အစ်ကိုကြီး ကျွန်မတို့ လိုက်မသွားရဘူးလို့ ဆရာက အမိန့်ထုတ်ထားသလား'

မျက်လှည့်ဆရာ ခေါင်းခါ ယမ်းလိုက် လေသည်။

'အဲဒီလိုတော့ မပြောပါဘူး'

'ဒါဖြင့် ကျွန်မတို့ လိုက်သွားကြရင် မကောင်းဘူးလား'

မျက်လှည့်ဆရာ သက်ပြင်းချကာ....

'ကောင်းပြီလေ၊ လိုက်သွားကြတာပေါ့'

မျက်လှည့်ဆရာတို့ ငါးယောက်သည် ဆရာကောင်းတပည့်များ ဖြစ်ကြသည်ဟု ဆိုရမည် ဖြစ်လေသည်။

ဆရာကောင်းမှလည်း တပည့်သည်း ကောင်းလိမ့်မည်သာ ဖြစ်ပေသည်။

ဆရာ ဖြစ်သူအတွက် စိုးရိမ်ပူပန်ကာ သူတို့သည် မိုးထိတောင်သို့ အလျင်အမြန် လိုက်သွား ကြလေတော့သည်။

....ဝ....

စစ်တုရင် ယှဉ်ပြိုင်ကြ

မိုးထိတောင်....

မိုးထိတောင်သည် အလွန်မြင့်မားသော တောင်တစ်လုံး ဖြစ်သည်။

တောင်ခြေတွင် စိန်ပန်းပင်များ ဖုံးလွှမ်း ပေါက်ရောက်လျက်ရှိ၏။ စိန်ပန်းပွင့်များသည် ပင်လုံးကျွတ်ပွင့် နေသဖြင့် တောင်ခြေတဝိုက်တွင် ရဲရဲနီနေပေတော့သည်။

လေပြည်လေညှင်းများ တသုန်သုန် ဝေ့ယမ်း တိုက်ခတ်နေ၏။ ကွေ့ကွေ့ ကောက်ကောက် ရှိနေသော တောင်ပေါ်

လမ်းကလေးအတိုင်း လူသုံးယောက် ခပ်သွက်သွက် တက်သွားနေကြ၏။

ထိုလူသုံးယောက်မှာ ကြယ်တံခွန်ဆရာနှင့် ပုံသဏ္ဌာန် ထူးထူးဆန်းဆန်းရှိသူ နှစ်ယောက် ဖြစ်ကြလေသည်။

နှစ်ယောက်အနက် တစ်ယောက်မှာ အဖြူရောင် အဝတ်အစားများ ဝတ်ဆင်ထားပြီး လည်တံ အလွန်ရှည်သူ ဖြစ်၏။

သူ၏ နှာခေါင်းမှာ ရှေ့သို့ အတော်ကြီး ကောက်ထွက်နေ၏။ ရုတ်တရက် ကြည့်လျှင် ဗျိုင်းကြီးတစ်ကောင်နှင့် တူလှပေသည်။

ကျန်တစ်ယောက်မှာ အဘိုးအိုတစ်ယောက် ဖြစ်သည်။ အဘိုးတန် ပိုးဖဲအင်္ကျီများ ဝတ်ဆင်ထားသော်လည်း လူကုံထံ တစ်ယောက်နှင့်မတူဘဲ ကြောက်မက်ဖွယ် ကောင်းအောင် ခက်ထန်သည့် ရုပ်သွင်ရှိသည်။

ထိုမျှမကသေး။ ခြေနှစ်ချောင်းစလုံး သိမ်နေသဖြင့် ချိုင်းထောက်နှစ်ချောင်းကို အားပြုကာ လျှောက်နေရသူ ဖြစ်လေသည်။

ထိုလူ လှုပ်ရှားလိုက်တိုင်း ချိုင်းထောက်နှင့် မြေပြင်ထိတွေ့သံ တဒေါက်ဒေါက်မြည်ကာ ထွက်ပေါ်နေ၏။

ထိုသူနှင့် ကြယ်တံခွန်ဆရာတို့ မိုးထိတောင်ပေါ် ခပ်သွက်သွက် တက်သွားကြရာ ချိုင်းထောက်နှင့် လူမှာ နောက်တွင် ကျန်နေရစ်ခဲ့မည်ဟု ထင်မှတ်ရလေသည်။



သို့သော် ထိုလူသည် နောက်ကျန်ရစ်ခဲ့ခြင်း မရှိသည့်အပြင် ကြယ်တံခွန်ဆရာတို့၏ ရှေ့သို့ပင် ရောက်နေလေတော့သည်။

အမှန်တော့ ကြယ်တံခွန် ဆရာနှင့် လိုက်ပါလာသည့် ထိုလူနှစ်ယောက်မှာ အခြားသူများ မဟုတ်ကြပါချေ။

သူ့ဗာလ လေးဖော်ဟု ကျော်ကြားနေသည့် လူဆိုးလူမိုက်ကြီး လေးယောက်တွင် ပါဝင်ကြသော ဗျိုင်းဖြူနှင့် ခြသေ့မင်းသားတို့ ဖြစ်ကြပေသည်။

ခြေနှစ်ဖက် မသန်သည့် ဒုက္ခိတ အဘိုးအိုမှာ လူဗာလ လေးဖော်၏ ခေါင်းဆောင် 'ခြသေ့မင်းသား' ဖြစ်ပြီး အဖြူရောင် ဝတ်ဆင်ထားသူမှာ 'ဗျိုင်းဖြူ' ဖြစ်လေသည်။

သူတို့သည် တောင်ပင်လယ်တွင် ထင်တိုင်းကျဲရုံမျှဖြင့် အားမရနိုင်သေးဘဲ သိုင်းလောကသို့ ခြေဆန့်လာခဲ့ကြခြင်း ဖြစ်သည်။

သူတို့သည် သိုင်းလောကသို့ ရောက်သည့်အခါ လူမိုက်ထိပ်သီး ကြယ်တံခွန် အဘိုးအိုနှင့်တွေ့ကာ ခင်မင်ရင်းနှီး သွားကြ၏။

ယခု သူတို့သည် ကြယ်တံခွန် အဘိုးအိုအား ကူညီရန် လိုက်လာခဲ့ကြခြင်း ဖြစ်လေသည်။ သူတို့ တောင်ပေါ်သို့ ခပ်သွက်သွက် တက်လာခဲ့ကြရာ လမ်းခုလတ်တစ်နေရာဆီသို့ အရောက်တွင် ရှေ့၌ သွားလာနေကြသူများ ရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ကြယ်တံခွန် အဘိုးအို မျက်မှောင်ကြုတ်သွား၏။

‘မိုးထိတောင်ဟာ တားမြစ်ထားတဲ့ နယ်မြေပဲ၊ ဘယ်သူတွေက တောင်ပေါ် တက်လာကြတာလဲ’

ကြယ်တံခွန်ဆရာ၏ စိတ်ထဲမှ တွေးမိလေသည်။

မိုးထိတောင်မှာ မိုးမြေအတွင်းအားရှင် ‘ထင်းတိချူး’ ၏ နေရာ ဖြစ်သည်။

ထို့ကြောင့် မည်သူမျှ ခွင့်ပြုချက် မရဘဲ တောင်ပေါ်တက်ခွင့် မရချေ။

အကယ်၍ တက်ခဲ့မည်ဆိုလျှင် ထင်းတိချူးအား စော်ကားသည်ဟု သတ်မှတ်ခြင်း ခံရမည် ဖြစ်ပေသည်။

ထိုစည်းကမ်းသည် ထင်းတိချူး အသက်ရှင်နေသည့် အချိန်၌သာမက ထင်းတိချူး ကွယ်လွန်သွားပြီးသည်အထိ သံမဏိစည်းကမ်းပမာ တည်တံ့ခဲ့ပေသည်။

သိုင်းလောကသားများသည် ထင်းတိချူးအား လေးစားသည့် အနေနှင့် မိုးထိတောင်ပေါ်သို့ တက်ရောက် နှောင့်ယှက်ခြင်း အလျဉ်းမပြုကြချေ။

သို့ရာတွင် ယခုအခါ၌ မိုးထိတောင်ပေါ်သို့ တက်ရောက်နေသူများ ရှိနေချေပြီ။ ကြယ်တံခွန် အဘိုးအို မကျေမနပ် ဖြစ်သွား၏။

‘ရပ်လိုက်စမ်း’

ရှေ့မှသွားနေကြသူများကို အော်ဟစ် တားဆီးလိုက်လေသည်။



ဘူ၏အသံမှာ ကျယ်လောင်စွာ ထွက်ပေါ်လာသဖြင့် ရှေ့မှ တက်သွားနေကြသူများ လှည့်ကြည့်လာကြသည်။

ကြယ်တံခွန် အဘိုးအိုက ထိုလူများအနီးသို့ လျှင်မြန်စွာ ရောက်ရှိသွားလေသည်။

‘ဟေ့….မင်းတို့က ဘယ်သူ့ခွင့်ပြုချက်နဲ့ တက်လာခဲ့ကြတာလဲကွ’

ကြယ်တံခွန်အဘိုးအိုက ဟောက်လိုက်သည်။

တောင်ပေါ်တက်နေကြသူများမှာ အရောင်အသွေး စုံလင်စွာ ဝတ်ဆင်ထားကြသည့် သိုင်းသမားများဖြစ်ကြသည်။

သိုင်းသမားများသည် ကြယ်တံခွန်အဘိုးအိုက အော်ဟောက်လာခြင်းကြောင့် မကျေမနပ်ဖြစ်သွားကြပြီး…

‘ဆွံ့အဆရာကဖိတ်ခေါ်တာကြောင့် လာခဲ့တာပေါ့၊ နေစမ်းပါဦး၊ ခင်ဗျားက ဘယ်သူလဲ’

ကြယ်တံခွန်အဘိုးအို မဲ့ပြုံးပြုံးလိုက်သည်။

‘ကျုပ်ဘယ်သူလဲဆိုတာသိချင်တယ် ဟုတ်လား၊ ကောင်းပြီ’

ပြောပြောဆိုဆို လက်ဝါးဆန့်ထုတ်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်မှာပင်….

‘ဆွံ့အဆရာက သိုင်းလောကသားတွေကို ဖိတ်ခေါ်တယ်ဆိုတာ အကြောင်းမဲ့တော့ မဖြစ်နိုင်ဘူးဗျ’

စကားသံ ထွက်ပေါ်လာသည်။

တစ်ခဏအတွင်းမှာပင် ခြသေ့်မင်းသားနှင့် ဗျိုင်းဖြူတို့သည် ကြယ်တံခွန်ဆရာအနီးသို့ ရောက်ရှိလာကြလေသည်။

ခြသေ့်မင်းသား၏စကားကြောင့် ကြယ်တံခွန်ဆရာ သတိဝင်သွားလေသည်။ ရိုက်ချရန်ဟန်ပြင်ထားသည့် လက်ဝါးကို ရုပ်သိမ်းလိုက်ပြီး....

'ဆွံ့အဆရာက ဘာကြောင့် ဖိတ်ခေါ်တာလဲ၊ ပြောစမ်းပါဦး'

ဟု မေးလိုက်လေသည်။

သိုင်းသမားတစ်ယောက်က ...

'မိုးမြေအတွင်းအားရှင် တဂ္ဂထွင်ခဲ့တဲ့ စစ်တုရင် ပညာကို အဖြေရှာနိုင်ရင် မိုးမြေသိုင်းပညာကို လွှဲပြောင်းပေးအပ်မယ်လို့ သိုင်းလောကကိုကြေညာပြီး ဖိတ်ခေါ်ခဲ့တာဗျ'

'ဘာ....'

သိုင်းသမား၏ စကားကြောင့် ကြယ်တံခွန်ဆရာ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။ အခြားသိုင်းသမား တစ်ယောက်က....

'နေပါဦး၊ ကျုပ်တို့ကို မေးလားမြန်းလားလုပ်နေရအောင် ခင်ဗျားက ဘယ်သူမို့ လဲ'

မကျေမနပ်ဖြင့် ပြန်လည် မေးခွန်းထုတ်လိုက်လေသည်။ ကြယ်တံခွန်ဆရာမှာ ဒေါသမထိန်းနိုင်အောင် ဖြစ်သွားရှာတော့၏။

'ငါလား....အေး....ကြယ်တံခွန်ဆရာဆိုတာ ငါပဲကွ'



စကားဆုံးသည်နှင့် ခန္ဓာကိုယ် တစ်ချက် လှုပ်ခါလိုက်လေသည်။

ဤတွင် သူ့အား အော်ငေါက်ခဲ့သူမှာ....

'အမယ်လေးဗျ'

စူးရှစွာအော်ဟစ်ရင်း မြေပေါ်သို့ ဘိုင်းခနဲလဲကျသွားလေတော့သည်။

'ဟာ....'

ကျန်လူများ လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

တစ်ယောက်က....

'သူငယ်ချင်း၊ မင်း ဘယ်လိုဖြစ်သွားတာလဲ'

မေးမြန်းရင်း လဲကျသွားသူအား ပြေး၍ ပွေ့ထူလိုက်လေသည်။ ထိုလူသည် လဲကျနေသူအား ထိတွေ့မိလိုက်သည်နှင့်....

'အမယ်လေးဗျ'

စူးရှစွာအော်ဟစ်ရင်း ဘိုင်းခနဲ လဲကျသွားပြန်သည်။ ထိုလူနှစ်ယောက်စလုံးသည် မြေပေါ်ရောက်သည်နှင့် အကြောများဆွဲကာ တွန့်လိမ်သွားကြသည်။

မီးသွေးခဲပမာ တစ်ကိုယ်လုံးမည်းနက်သွားပြီး သေဆုံးသွားကြလေသည်။ မမျှော်လင့်သော အဖြစ်အပျက်ကြောင့် ကျန်လူများ ထိတ်လန့်တုန်လှုပ်သွားကြလေသည်။

'သူတို့ အဆိပ်ကြောင့် သေသွားကြတာပဲ'

'ဘယ်လိုလုပ်ပြီး အဆိပ်မိသွားကြတာပါလိမ့်'

ထိုလူများသည် ကြယ်တံခွန်ဆရာအား မျက်လုံးပြူးကာ ကြည့်လိုက်ကြလေသည်။

'ခင်....ခင်ဗျား ဘယ်သူလဲ'

တစ်ယောက်က ထိတ်ထိတ်ပျာပျာဖြင့် မေးလိုက်၏။

'ဟား....ဟား....ဟား....ဟား'

ကြယ်တံခွန်ဆရာက ဟားတိုက်ရယ်မောလိုက်လေသည်။

'အခုထိတောင် ငါဘယ်သူလဲဆိုတာ မင်းတို့ မသိကြသေးဘူးလား'

ကြယ်တံခွန်ဆရာက ဖြေရင်း လက်နှစ်ဘက်ကို ဝေ့ယမ်းလိုက်လေသည်။ သူ၏လက်ထဲမှ ဓားလှံလက်နက် အစရှိသော လူကိုသေစေနိုင်သည့် လက်နက်များ ထွက်ပေါ်လာခြင်းမရှိပါ။

သို့သော်....

'အား....'

'ဒွန်း....'

'အမယ်လေး'

စူးရှသောအော်ဟစ်သံများ ကမ္ဘာပျက်သည့်အလား ထွက်ပေါ်လာ၏။

သိုင်းသမားများမှာ ခန္ဓာကိုယ် တွန့်လိမ်သွားကြပြီး တစ်ယောက်မကျန် မြေပေါ်လဲကျသွားကြလေသည်။ ထိုအခြင်းအရာကို အေးစက်စက်ဖြင့် ကြည့်နေသော ခြင်္သေ့မင်းသားက ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။



'ကြယ်တံခွန်ဆရာရဲ့ အဆိပ်ပညာကိုတော့ ချီးကျူးပါတယ် ခင်ဗျာ'

ကြယ်တံခွန်ဆရာ မဲ့ပြုံးပြုံးလိုက်သည်။

'ဒါလောက်ကတော့ အသေးအဖွဲ့ပါဗျာ၊ ကဲ...သွားကြစို့'

စကားဆုံးသည်နှင့် ရှေ့မှဦးဆောင်ပြီး ထွက်သွားလေသည်။ ခြင်္သေ့မင်းသားနှင့် ဗျိုင်းဖြူတို့က နောက်မှ လိုက်သွားကြ၏။

မကြာပါချေ။ သူတို့သုံးယောက်သည် မိုးထိတောင်ပေါ်သို့ ရောက်ရှိသွားကြလေတော့သည်။

....၄....

လောတဟူးဟူး တိုက်ခတ်နေ၏။

တောင်ပေါ်တွင် ညီညာပြန့်ဖြူးသော မြေကွက်လပ်တစ်ခု ရှိနေ၏။ မြေကွက်လပ်ပေါ်တွင် အဆောက်အအုံတစ်ခု ရှိနေလေ၏။

ထိုအဆောက်အအုံမှာ လေးဘက်လေးတန် နံရံကာစီး ထားပြီး အမိုးမိုးထားသော အဆောက်အအုံ ဖြစ်သည်။

ဝင်ပေါက်ထွက်ပေါက် လုံးဝမရှိချေ။ အဆောက်အအုံ နံဘေး၌ သစ်ပင်တစ်ပင် ရှိ၏။

ထိုသစ်ပင်အောက်၌ လူတစ်စုသည် တစ်စုံတစ်ခုအား ဝိုင်းအုံ ကြည့်ရှုနေကြလေသည်။

ကြယ်တံခွန်ဆရာ နှာခေါင်းရှုံ့လိုက်သည်။

'မိုးမြေအတွင်းအား သိုင်းပညာအကြောင်း ကြားတာနဲ့ မနေနိုင်မထိုင်နိုင် ဖြစ်ကုန်ကြတာပါပဲလား'

'မိုးမြေအတွင်းအား ပညာဆိုတာ ခင်ဗျားဆရာရဲ့ လျှို့ဝှက် ပညာလား'

ခြသေ့်မင်းသားက မျက်မှောင်ကြုတ်ရင်းမေးရာ ကြယ် တံခွန်ဆရာ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ အတော့်ကို ထက်မြက်တဲ့ ပညာတစ်ရပ်ပဲ'

ခြသေ့်မင်းသား ပြုံးလိုက်သည်။

'အခြေအနေ ပေးမယ်ဆိုရင်တော့ ကျုပ် စမ်းကြည့်ချင်ပါ သေးတယ်ဗျာ'

'စိတ်ချ....ခင်ဗျား စမ်းသပ်ကြည့်ဖို့ အခွင့်အရေးကြုံမှာပါ။ အခု လောလောဆယ်တော့ မဆီမဆိုင် လောဘထွက်နေတဲ့ လူတွေကို ဆုံးမဖို့က ပိုအရေးကြီးတယ်'



ကြယ်တံခွန်ဆရာသည် ပြောပြီးသည်နှင့် သစ်ပင်အောက်၌ ဝိုင်းအုံကြည့်ရှုနေသူများထံသို့ ခပ်သွက်သွက် လှမ်းသွားလိုက် လေသည်။

ခြသေ့်မင်းသားနှင့် ဗျိုင်းဖြူတို့ကလည်း ထက်ကြပ်မကွာ လိုက်ပါသွားကြလေ၏။ ဤတွင် သူတို့အား လူတစ်ယောက်က တွေ့မြင်သွားပြီး....

'ဟာ....ကြယ်တံခွန်ဆရာ ရောက်လာပါလား'

ထိုသူ၏ စကားသံကြောင့် ဝိုင်းအုံကြည့်ရှုနေကြသူများ ချက်ချင်းပင် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

လှည့်ကြည့်လိုက်ကြသောအခါ ကြယ်တံခွန်ဆရာ လာနေ သည်ကို မြင်လိုက်ကြရ၏။

အားလုံးပင် ပျာပျာသလဲဖြင့် ဘေးသို့ရှဲပေးလိုက်ကြလေ သည်။

ထိုအခါ သစ်ပင်အောက်၌ လူနှစ်ယောက်ထိုင်ကာ စစ်တုရင် ယှဉ်ပြိုင်ကစားနေကြသည်ကို ကွက်ကွက်ကွင်းကွင်း တွေ့မြင်ရ လေတော့သည်။

ဝိုင်းအုံကြည့်ရှုနေကြသူများမှာ ဆွံ့အဆရာ စောစင်းဟို၏ ဖိတ်ခေါ်မှုကြောင့် ရောက်ရှိလာကြသည့် သိုင်းလောကသား များ ဖြစ်ကြလေသည်။

ကြယ်တံခွန်ဆရာသည် သိုင်းသမားများအား ဂရုမစိုက်ဘဲ စစ်တုရင် ယှဉ်ပြိုင်ကစားနေသူနှစ်ယောက်အား အကဲခတ်ကြည့် လိုက်လေသည်။

ကိုလှနှစ်ယောက်အနက် တစ်ယောက်မှာ ခန္ဓာကိုယ် ပိန်ပိန်ပါးပါးရှိပြီး အဖြူရောင် အဝတ်အစားများ ဝတ်ဆင်ထားသည်။

စာပေသမားတစ်ယောက်နှင့်တူသူ ဖြစ်လေသည်။ သို့သော် ထိုလူမှာ စာပေသမားမဟုတ်ပါ။

သိုင်းလောကတွင် ထင်ရှားနေသည့် ဆွံ့အဆရာ စောစင်းဟို ဖြစ်လေသည်။

စောစင်းဟိုသည် ပညာသင်ဘက်ညီအစ်ကို ကြယ်တံခွန်ဆရာက အပြီးတားခဲ့သဖြင့် သိုင်းလောကမှ ခေတ်မြုပ်နေခဲ့သည်မှာ နှစ်အတန်ကြာခဲ့ပြီ ဖြစ်လေသည်။

စောစင်းဟိုအား ဆွံ့အဆရာဟု ခေါ်ကြခြင်းမှာ ကြယ်တံခွန်ဆရာ၏ ရန်ငြိုးပြေပျောက်သွားခြင်း မရှိသမျှ ကာလပတ်လုံး စကားမပြောဘဲနေမည်ဟု ဆုံးဖြတ်ခဲ့ခြင်းကြောင့် ဖြစ်လေသည်။

ဆုံးဖြတ်ခဲ့သည့်အတိုင်းလည်း စကားတစ်ခွန်းမျှ မပြောဘဲနေခဲ့၏။

ထို့ကြောင့် ဆွံ့အဆရာဟု အမည်တွင်ခဲ့ခြင်း ဖြစ်ပေသည်။

စောစင်းဟိုနှင့် ယှဉ်ပြိုင်နေသူမှာ သိုင်းလောကတွင် ဦးခေါင်းတစ်ရာ စာပေသမားဟု ထင်ရှားနေသော လီချူးဆိုသူ ဖြစ်လေသည်။

အမှတ် ၁၅/၁၃၈၊ ပြ လမ်း



လီချူးသည် အလွန်ဉာဏ်ကော[illegible] နားသည့် တတ်ကျွမ်းသူဖြစ်၏။

စာပေနှင့် ဆက်နွယ်နေသော ခက်ခဲသည့်ပဟေဠိများအား လီချူးက ကောင်းစွာ ဖြေရှင်းနိုင်သည်ဟု ထင်ရှားကျော်ကြားသူလည်း ဖြစ်ပေသည်။

ထို့အတူ စစ်တုရင်ပညာသည်လည်း လီချူးနှင့် စိမ်းလှသည် မဟုတ်ပါ။

သို့သော်....

စောစင်းဟို က ရုတ်တရက် ရှေ့သို့ တစ်ကွက်ရွှေ့လိုက်၏။

လီချူး၏မျက်နှာ လေးနက်တည်ကြည်လာလေသည်။

စစ်တုရင် အရုပ်များအား မျက်မှောင်ကြီးကြုတ်ကာ စိုက်ကြည့်နေ၏။

ခုံပေါ်မှကစားရုပ်များမှာ ရှုပ်ထွေးနေသည်။

လီချူးသည် စောစင်းဟို၏ ရွှေ့ကွက်ကို ချေပရန်တန်ပြန်ရွှေ့ကွက်များအား တွေးတောစဉ်းစားနေခြင်း ဖြစ်သည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွား၏။

ရုတ်တရက် လီချူး၏မျက်နှာတွင် ချွေးသီးချွေးပေါက်များ ကျဆင်းလာသည်။ ဟင်းခနဲ သက်ပြင်းရှည်ကြီး ချလိုက်ပြီး....

'ကျုပ်အရှုံးပေးပါပြီဗျာ'

လီချူးသည် ပြောပြီးသည်နှင့် ထိုင်ရာမှထကာ ချာခနဲလှည့်ပြီး ထွက်သွားလေသည်။

သူ့အား မည်သူကမျှ တားဆီးခြင်းမပြုကြပါချေ။

လီချူးသည် ခေါင်းငိုက်စိုက်ချကာ တောင်ပေါ်မှ ဆင်းသွားရာ တစ်ခဏအတွင်းမှာပင် မြင်ကွင်းမှ ကွယ်ပျောက်သွားလေတော့သည်။

စောစင်းဟိုက ရှုပ်ထွေးနေသောကစားရုပ်များကို နေသားတကျပြန်ပြီးစီလိုက်၏။

ထို့နောက်....

'ကျုပ်ဆရာ တီထွင်ခဲ့တဲ့ စစ်တုရင် အကွက်ဆန်းကို ယှဉ်ပြိုင်အနိုင်ယူနိုင်မယ်ဆိုရင် မိုးမြေအတွင်းအားပညာကျမ်းကို ဆုအဖြစ်ချီးမြှင့်မှာ ဖြစ်ပါတယ်၊ ကဲ....ပါဝင်ယှဉ်ပြိုင်ချင်တဲ့ မိတ်ဆွေများရှိခဲ့ရင် ကြွခဲ့ကြပါခင်ဗျာ'

ကြယ်တံခွန်ဆရာ ရောက်မလာမီက သိုင်းသမားသည် တစ်ယောက်ပြီးတစ်ယောက် ယှဉ်ပြိုင်ခဲ့ကြလေသည်။

သို့သော်....အနိုင်ရသူ တစ်ယောက်မျှ မရှိခဲ့ပါ။ ထို့ကြောင့် ယှဉ်ပြိုင်ရန် ဝန်လေးလျက် ရှိနေကြလေတော့၏။

ထိုအချိန်မှာပင် ကြယ်တံခွန်ဆရာ ရောက်ရှိလာသည်ဖြစ်ရာ သိုင်းသမားများသည် ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုကြတော့ဘဲ အခြေအနေကို စောင့်ကြည့်နေကြလေသည်။



ကြယ်တံခွန်ဆရာသည် မိုးမြေအတွင်းအားကျမ်းကို လက်လွှတ်မည် မဟုတ်သည်မှာ ထင်ရှားလှသည်။

ထို့ကြောင့် ပွဲကြီးပွဲကောင်း ကြည့်ရတော့မည်ဟု အားလုံးက မျှော်လင့်နေကြလေသည်။

ယှဉ်ပြိုင်မည့်သူ ထွက်ပေါ်လာခြင်း မရှိသဖြင့် စောစင်းဟိုက....

'ကျေးဇူးပြုပြီး ကြွခဲ့ကြပါဗျာ'

ဟု ထပ်မံဖိတ်ခေါ်လိုက်လေသည်။

ကြယ်တံခွန် ဆရာမနေနိုင်တော့ပါ။

'ဟေ့....စောစင်းဟို၊ မင်း ဆွေးရှူးသွေးတမ်းနဲ့ ဘာတွေလျှောက်လုပ်နေတာလဲ'

ကြယ်တံခွန်ဆရာသည် မကျေမနပ် အော်ပြောရင်း ခြေလှမ်းကျဲကျဲဖြင့် ချဉ်းကပ်သွားလေသည်။

စောစင်းဟိုသည် ကြယ်တံခွန်ဆရာအား တွေ့မြင်လိုက်ရသော်လည်း ထိတ်လန့်တုန်လှုပ်သွားခြင်း အလျဉ်းမရှိပါ။ ပကတိတည်ငြိမ်အေးစက်စွာပင် ရှိနေလေသည်။

ကြယ်တံခွန်ဆရာ မလွဲမသွေ ရောက်ရှိလာလိမ့်မည် ဖြစ်ကြောင်း သူ့အနေဖြင့် ကြိုတင်နားလည်ထားပြီး ဖြစ်ပုံရသည်။

တည်ကြည်သော မျက်နှာထားဖြင့် ကြယ်တံခွန်ဆရာကို ပြန်ကြည့်ရင်း....

'ကျုပ်က ဆရာ မှာထားတဲ့အတိုင်း ဆောင်ရွက်နေတာပါ'

ကြယ်တံခွန်ဆရာ ပခုံးတွန့်လိုက်သည်။

'ဆရာ....ကွယ်လွန်သွားတာကြာပြီပဲ၊ မင်းကိုမှ ရွေးပြီးမှာခဲ့တယ်ဆိုတာတော့ အံ့သြစရာကောင်းနေပြီ၊ ကျုပ်တောင် ဘာမှ မသိလိုက်ရပါလား'

'ခင်ဗျားဟာ ဆရာ့စကားနဲ့ မှတန်တဲ့ လူမို့ နေပါလိမ့်မယ်ဗျာ'

'ဘာ....'

စောစင်းဟို၏ စကားကြောင့် ကြယ်တံခွန်ဆရာ ဒေါသ ခြောင်းခြောင်း ထွက်သွားလေသည်။

အမှန်တော့ဆရာမှာသွားသည့်ကိစ္စဟု စောစင်းဟိုက ပြော သည်ကို မယုံကြည်နိုင်ဘဲ စောစင်းဟိုက တမင်လုပ်ကြံပြောဆို သည့် သဘောမျိုးဖြစ်အောင် ကြယ်တံခွန်ဆရာက ပြောလိုက် ခြင်းဖြစ်သည်။

ထို့ကြောင့်လည်း စောစင်းဟိုက ချက်ချင်း ပြန်လည်ချေပ လိုက်ခြင်း ဖြစ်လေသည်။

'နေစမ်းပါဦး၊ မင်းဟာ သိုင်းလောကထဲ ခြေမချတော့ဘူး ဘယ်သူနဲ့မှ စကားမပြောတော့ဘူးဆိုပြီး ကိုယ့်ကိုကိုယ် ဆုံးအ



ဆရာလို့ ခံယူခဲ့တယ် မဟုတ်လား၊ အခုတော့ ဘယ်လိုဖြစ်ပြီး အာဘောင်အာရင်း သန်သန် ပြောဆိုနေရတာလဲကွ'

ကြယ်တံခွန်ဆရာက ပြက်ရယ်ပြုဟန်ဖြင့် ပြောလိုက်သည်။ စောစင်းဟိုက တည်ကြည်သော မျက်နှာထားဖြင့်....

'ကျုပ်ရဲ့ ဆုံးဖြတ်ချက်ဟာ ဆရာရဲ့အမိန့်ကို လွန်ဆန်ရာ မရောက်ပါဘူးဗျာ'

'ဟား....ဟား....ဟား....ဟား....'

ကြယ်တံခွန်ဆရာက ဟားတိုက်ရယ်မောလိုက်ပြီး....

'မင်းပြောပုံက ခုချိန်ထိဆရာ အသက်ရှင်နေသေးသလိုပါပဲ လားကွ'

စောစင်းဟိုက ဘာမှ ပြန်မပြောဘဲ ခပ်တည်တည် နေလိုက် လေသည်။

ကြယ်တံခွန်ဆရာသည် ကဲ့ရဲ့ လေသံပြောင်းလိုက်ပြီးမှ....

'စောစင်းဟို မင်းဟာ ငါ့ရဲ့ပညာသင်ညီအစ်ကို ဖြစ်ပေမယ့် တစ်နေ့ ငါ့ကို ဒုက္ခပေးလိမ့်မယ်ဆိုတာ ငါ နားလည်ထားပြီး သားပါကွ....'

စောစင်းဟိုက ခွန်းတုံ့ပြန်ခြင်း မပြုဘဲ ငြိမ်နေလိုက်လေ သည်။

ကြယ်တံခွန်ဆရာက ဆက်၍ ပြောလိုက်လေ၏။

'ငါက မင်းကို ရှင်းပစ်ဖို့ ဆုံးဖြတ်ထားခဲ့တယ်၊ ဒါပေမယ့်... အခုတော့ ငါ့စိတ်ပြောင်းသွားပြီကွ'

စောစင်းဟို မျက်မှောင်ကြုတ်သွားလေသည်။ ကြယ်တံခွန်ဆရာအား စူးစမ်းသည့် အကြည့်ဖြင့် ကြည့်လိုက်ပြီး....

'ခင်ဗျား ဘာကို ဆိုလိုတာလဲ'

ကြယ်တံခွန်ဆရာက ပြုံးလိုက်၏။

သူ့အပြုံးက နားလည်ရခက်သော အပြုံးဖြစ်သည်။

'မင်းက မိုးမြေအတွင်းအားကို အသာတကြည် ပေးမယ်ဆိုရင် ငါက မင်းကို ဒုက္ခမပေးတဲ့အပြင် ညီယစ်ကို အဖြစ်ပြန်ပြီး အသိအမှတ်ပြုဖို့ ဝန်မလေးပါဘူးကွာ'

'ထွီ....'

စောစင်းဟိုက မြေပေါ်တံတွေး တွေးချလိုက်လေသည်။ ကြယ်တံခွန်ဆရာ၏ မျက်နှာမှာ ရုတ်တရက်ပင် တင်းမာခက်ထန်သွား၏။

'စောစင်းဟို....ငါ့အကြောင်းကို မင်းသိပါတယ်၊ အေး... အသာတကြည်ပေးချင်ပေး မပေးရင်တော့....'

ကြယ်တံခွန်ဆရာက စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်ကာ အဓိပ္ပာယ်ပါပါ စိုက်ကြည့်လိုက်သည်။

စောစင်းဟိုက ဖြစ်လာသမျှကို ရင်ဆိုင်ရန် ဆုံးဖြတ်ထားပြီးပုံရ၏။



တည်ကြည်သော မျက်နှာထားဖြင့်....

'ဆရာ့ရဲ့ စည်းကမ်းအတိုင်း လိုက်နာမယ်ဆိုရင် ခင်ဗျား လိုချင်တာ ရနိုင်ပါလိမ့်မယ်'

'ဘာကွ... ဆရာ့ရဲ့ စည်းကမ်း ဟုတ်လား'

စောစင်းဟိုက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်....ဗျာ'

စောစင်းဟိုက တစ်ဆက်တည်းမှာပင် ရှုပ်ထွေးစွာ စီရင်ထားသော စစ်ဘုရင်ခုံကို ညွှန်ပြလိုက်ပြီး....

'ဆရာက စစ်ဘုရင်ကစားကွက်တစ်ခုတီထွင်ထားပါတယ်၊ နိုင်အောင် ယှဉ်ပြိုင်နိုင်မယ်ဆိုရင် မိုးမြေအတွင်းအား ကျမ်းကို ဆုလာဘ်အဖြစ် မလွဲမသွေ ရမှာပါဗျာ'

ကြယ်တံခွန်ဆရာသည် စစ်ဘုရင်ခုံအား မနှစ်မြို့နိုင်စွာဖြင့် တစ်ချက်လှမ်းကြည့်လိုက်သည်။

ဦးခေါင်းတစ်ရာ လီချူးသည် အရေးနိမ့်ကာ ထွက်သွားရသည်ကို တွေ့မြင်ခဲ့ရပြီး ဖြစ်လေသည်။

လီချူးကဲ့သို့သော ပညာရှင်တစ်ယောက်ပင်လျှင် မယှဉ်နိုင်ရာ သူ့အနေဖြင့်လည်း မည်သို့မျှ ယှဉ်နိုင်လိမ့်မည် မဟုတ်ဟု နားလည်ထားလေသည်။

ထို့ကြောင့်....

'ဒီစစ်တုရင်ခုံက ဘာလုပ်ရမှာလဲ'

ပြောရင်း ခြေထောက်ဖြင့် ကန်ထုတ်ရန် ဟန်ပြင်လိုက်လေသည်။

'ခဏနေပါဦးဗျာ'

လူတစ်ယောက်၏ ဟန့်တားသံ ထွက်ပေါ်လာသည်။ ဟန့်တားသံနှင့်အတူ ခြသေ့်မင်းသားက ရှေ့သို့ ကပျာကယာ လှမ်းထွက်လာလေသည်။

ကြယ်တံခွန်ဆရာ မျက်မှောင်ကြုတ်သွားပြီး....

'ခင်ဗျား ဘာလုပ်မလို့လဲ'

ခြသေ့်မင်းသားက....

'ကျုပ် စမ်းကြည့်ချင်လို့ပါဗျာ'

ကြယ်တံခွန်ဆရာ အံ့ဩသွားပြီး....

'ဘယ်လို....ခင်ဗျား စမ်းကြည့်မလို့ ဟုတ်လား'

ခြသေ့်မင်းသားက မဲ့ပြုံးပြုံးလိုက်၏။

'စစ်တုရင်ပညာဆိုရင် ကျုပ်က စိတ်ဝင်စားပါတယ်ဗျာ'

မိုးမြေအတွင်းအားကျမ်းကို သိုင်းလောကသားများ စိတ်ဝင်စားကြသည့်နည်းတူ ခြသေ့်မင်းသားလည်း စိတ်ဝင်စားလေသည်။

မိုးထိတောင်သိုင်းသမား ထီထင်းချူ သည် သိုင်းလောကတွင် ပြိုင်စံရှားသော ထိပ်သီး သိုင်းသမားကြီး တစ်ယောက်ဖြစ်ခဲ့သည် မဟုတ်ပါလား။



ထို့ကြောင့် ခြသေ့်မင်းသား စိတ်ဝင်စားသည်မှာ မဆန်းပါချေ။

ကြယ်တံခွန်ဆရာ ကျွဲမြီးတိုသွား၏။

'ခင်ဗျားက စမ်းကြည့်ချင်တယ် ဟုတ်လား'

'ဟဲ....ဟဲ....ဟဲ....ဟုတ်ပါတယ်ဗျာ'

ကြယ်တံခွန်ဆရာမှာ မကျေမနပ် ဖြစ်မိသော်လည်း တားဆီးခြင်း မပြုချေ။

ခြသေ့်မင်းသားအား တားမြစ်ရန် လွယ်မည် မဟုတ်မှန်းလည်း နားလည်ထားပုံရ၏။

ထို့ကြောင့် ခပ်မဆိတ်ပင် နေလိုက်လေသည်။

ခြသေ့်မင်းသားက စောစင်းဟိုအား ပြုံးပြလိုက်ပြီး....

'ကျုပ်က စမ်းကြည့်ချင်ပါတယ်ခင်ဗျာ'

စောစင်းဟို ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ....ထိုင်ပါ'

ခြသေ့်မင်းသားက အဖြူရောင်အရုပ်များစီထား သည့်ဘက်၌ ထိုင်ချလိုက်၏။

စောစင်းဟိုက အနက်ရောင် အရုပ်များဘက်တွင် ထိုင်လိုက်လေသည်။

နှစ်ယောက်သား မျက်နှာချင်းဆိုင် ထိုင်မိသည်နှင့် စော စင်းဟိုက....

'ကဲ....စပြီး ရွှေ့နိုင်ပါပြီဗျာ'

ခြင်္သေ့မင်းသားက စစ်တုရင်ရုပ်များအား တစ်ချက် အကဲ ခတ် ကြည့်လိုက်သည်။

ထို့နောက် အဖြူရောင် နယ်ရုပ်တစ်ရုပ်ကို ကိုင်ကာ ၈၅ ရွှေ့လိုက်သည်။

တစ်ဘက်ရန်သူအား စတင် တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။ စောစင်းဟိုကလည်း အနက်ရောင် နယ်ရုပ်တစ်ရုပ်ကို ရွှေ့ကာ ပြန်သည် ခုခံလေသည်။

ခြင်္သေ့မင်းသားက မြင်းရုပ်တစ်ရုပ်ကို ထုတ်သုံးပြီး တိုက်စစ် ကို အားဖြည့်လိုက်၏။

စောစင်းဟိုက နယ်ရုပ် တစ်ရုပ်ကိုပင် ရွှေ့ကာ ခံစစ် လုံအောင် ပထမနယ်ရုပ်နှင့် ချိတ်ဆက်လိုက်၏။

ဤသို့ဖြင့် တစ်ယောက်က တိုက်စစ်ဆင်ပြီး တစ်ယောက်က ခုခံခြင်းဖြင့် သဲကြီးမဲကြီး ယှဉ်ပြိုင်နေကြလေတော့သည်။

....o....



လေတဟူးဟူး တိုက်ခတ်လာသည်။

လေအဝေ့တွင် သစ်ရွက်ဝါလေးများ တဖျပ်ဖျပ် ကြွေကျ လာ၏။

သစ်ပင်အောက်၌ ခြင်္သေ့မင်းသားနှင့် စောစင်းဟိုတို့မှာ စစ်တုရင်ကို သဲကြီးမဲကြီး ယှဉ်ပြိုင် ကစားနေကြလေသည်။

ကြယ်တံခွန်ဆရာ၊ ဗျိုင်းဖြူနှင့် သိုင်းသမားများသည် တိတ်ဆိတ်ငြိမ်သက်စွာဖြင့် ပြိုင်ပွဲကို အကဲခတ်ကြည့်နေကြ၏။

ကြယ်တံခွန်ဆရာသည် စောစင်းဟိုအား လွန်စွာ မုန်းတီး နေသူ ဖြစ်သည်။

သို့သော်....

ခြင်္သေ့မင်းသားနှင့် ယှဉ်ပြိုင်နေသောအခါ စောစင်းဟို အနိုင်ရပါစေဟု ကြိတ်ပြီး ဆုတောင်းနေမိလေသည်။

ခြင်္သေ့မင်းသားသာ အနိုင်ရသွားပါက စောစင်းဟိုသည် ကတိအတိုင်း မိုးမြေ အတွင်းအားကျမ်းကို ပေးလိုက်လိမ့်မည် ဖြစ်လေသည်။

စောစင်းဟိုထံတွင် ရှိနေလျှင် သူ့အနေဖြင့် ရယူဖို့ အခွင့် အရေးရှိပေသေးသည်။ ခြင်္သေ့မင်းသား၏ လက်တွင်းသို့ ရောက် သွားပါက ပြန်ရနိုင်ရန် လွယ်ကူတော့မည် မဟုတ်ချေ။

ထို့ကြောင့် စောစင်းဟိုကို အနိုင်ရစေလိုခြင်း ဖြစ်သည်။ အားလုံး စိတ်ဝင်စားစွာ ကြည့်ရှုနေကြချိန်တွင်....

'အတော်ကို စည်စည်ကားကား ဖြစ်နေပါလား'

စကားသံနှင့်အတူ လူသုံးယောက် တောင်ပေါ်သို့ ရောက်ရှိလာကြလေသည်။

ဗျိုင်းဖြူက မျက်မှောင်ကြုတ်ကာ လှမ်းကြည့်လိုက်သည်။ ပြေးလွှားလာကြသူများကို မြင်သည့်အခါ ဝမ်းသာသွားပြီး

'မိကျောင်းနဲ့ ညီမ အောင့်လျှံတို့ ရောက်လာကြပြီကိုး'

မှန်ပါသည်။

တောင်ပေါ် တက်လာသူ သုံးယောက်မှာ လူ့ဗာလလေးဖော်တည်းမှ မိကျောင်း၊ အောင့်လျှံနှင့် အောင့်လျှံ ခေါ်ဆောင်လာသော ဖုကျိတို့ ဖြစ်ကြလေသည်။

အောင့်လျှံသည် ဖုကျိအား သွေးကြောပိတ်ထားပြီး လက်တစ်ဘက်ဖြင့် ခါးမှ ပွေ့ဖက်ကာ ခေါ်ဆောင်လာခြင်း ဖြစ်သည်။

ဖုကျိမှာ အောင့်လျှံ၏ လက်ထဲတွင် ကစားစရာ အရုပ်ကလေး တစ်ရုပ်ပမာ ရှိနေလေသည်။

'ရှင်တို့ ဘာတွေ လုပ်နေကြတာလဲ'

အောင့်လျှံက ဗျိုင်းဖြူအား လှမ်းမေးလိုက်သည်။

ထို့ကြောင့် ဖုကျိအား သွေးကြောဖွင့်ကာ မြေပေါ်ချပေးလိုက်၏။

'မင်းထွက်ပြေးမယ် မကြံနဲ့၊ သေသွားမယ်'



သူမ၏ အော်ငေါက်မှုကြောင့် ဖုကျိ ခေါင်းငုံ့ထားလိုက်၏။ ထွက်ပြေးရန် လုံးဝ မစဉ်းစားရဲပါချေ။

သူမသည် ခြိမ်းခြောက်သည့်အတိုင်း တကယ် လုပ်မည့်သူဖြစ်ကြောင်း နားလည်ထားသဖြင့် တုတ်တုတ်မျှပင် မလှုပ်ရဲချေ။

'ညီမ....မြန်မြန် လာကြည့်စမ်း၊ ဒီမှာ တို့အစ်ကိုကြီး ယှဉ်ပြိုင်နေတယ်ကွ'

ဗျိုင်းဖြူကပြောရာ အောင့်လျှံက လှမ်းကြည့်လိုက်၏။

ထိုအခါ ခြသေ့်မင်းသားမှာ စေ့စင်းဟိုနှင့် မျက်နှာချင်းဆိုင် ထိုင်ပြီး တစ်စုံတစ်ခုအား လေးလေးနက်နက် တွေးတောစဉ်းစားနေသည်ကို တွေ့မြင်လိုက်ရလေသည်။

အောင့်လျှံ နှာခေါင်းရှုံ့လိုက်သည်။

'ဩ၊ ချန်မကတော့ ရန်သူနဲ့ ယှဉ်ပြိုင်တိုက်ခိုက်နေပြီလို့ ထင်နေတာ၊ ခုတော့ တရားကျင့်ကြံနေတဲ့အတိုင်း ထိုင်နေပါလား၊ နေစမ်းပါဦး၊ သူတို့ ဘာလုပ်နေကြတာလဲ'

'စစ်တုရင်ပညာ ယှဉ်ပြိုင်နေကြတာပေါ့'

မိကျောင်းက ဝင်ပြောလိုက်ခြင်း ဖြစ်သည်။

'စစ်တုရင်ပညာ ဟုတ်လား'

အောင့်လျှံ အကြီးအကျယ် စိတ်ပျက်သွားလေတော့သည်။ များသောအားဖြင့် စစ်တုရင်ပညာသည် ယောကျ်ားများသာ

စိတ်ဝင်စားကြပြီ၊ အမျိုးသမီးများအနေဖြင့် စိတ်ဝင်စားမှုနည်းပါးသော ပညာရပ်တစ်မျိုး ဖြစ်လေသည်။

ဖုကျိကား စစ်တုရင် ဟူသော စကားကြောင့် စိတ်ဝင်စားသွား၏။

ယှဉ်ပြိုင်ရခြင်းကို စိတ်ဝင်စား၍တော့ မဟုတ်ပါ။

'စစ်တုရင်ဆိုတာ ငါနဲ့ ရသေ့ကြီးတို့ ကျောင်းသင်ခန်းမှာ ကစားခဲ့ကြတာမျိုးလား'

မိမိသိထားသည့် ကစားနည်းမျိုး ဟုတ်မဟုတ် စိတ်ဝင်စားမိခြင်း ဖြစ်သည်။

လှမ်းကြည့်လိုက်သောအခါ စောစင်းဟိုနှင့် ခြသော့မင်းသားတို့သည် စစ်တုရင်ရုပ်များကို ကိုင်တွယ်၍ အဆုတ်အတက်ပြုလုပ်ကာ ယှဉ်ပြိုင်နေကြသည်ကို တွေ့ရသဖြင့် ပို၍စိတ်ဝင်စားသွားလေသည်။

စောစင်းဟိုနှင့် ခြသော့မင်းသားတို့သည် စစ်တုရင် ယှဉ်ပြိုင်ခြင်းမှလွဲပြီး အရာရာ အားလုံးကို မေ့လျော့ ထားကြသကဲ့သို့ ရှိနေကြသည်။

ဖုကျိသည် စိတ်ဝင်စားစွာဖြင့် ရှေ့တိုးသွားမိ၏။

'ဒါက ဘာလဲ'

အောင့်လျှံ၏ မေးခွန်းသံကြောင့် ဖုကျိ လန့်ဖျတ်သွားသည်။

အောင့်လျှံကို ကပျာကယာ လှည့်ကြည့်ရင်း....



'ကျွန်...ကျွန်တော်....'

ဖုကျိ ထစ်ထစ်ငေါ့ငေါ့ဖြင့် တုံ့ခနဲ ရပ်လိုက် လေသည်။ အောင့်လျှံက....

'မင်း စိတ်ဝင်စား နေလို့လား'

'ဟုတ်...ဟုတ်ပါတယ်ဗျာ'

'ကောင်းပြီ...မင်း သွားကြည့်နိုင်တယ်၊ ဒါပေမယ့် ထွက်မပြောရဘူးနော်'

'စိတ်ချပါဗျာ....ကျွန်တော် ထွက်မပြောပါဘူး'

အောင့်လျှံက ခွင့်ပြုသဖြင့် ဖုကျိက ရှေ့တိုးသွားပြီး အကဲခတ် ကြည့်လိုက်လေသည်။

စောစင်းဟိုနှင့် ခြသော့မင်းသားတို့သည် သဲကြီးမဲကြီး ယှဉ်ပြိုင်လျက်ပင် ရှိသေး၏။

သို့သော် ခြသော့မင်းသားမှာ တဖြည်းဖြည်း အရေးနိမ့်စပြုလာပြီ ဖြစ်လေသည်။

ခြသော့မင်းသားသည် မျက်မှောင်ကြီး ကြုတ်ကာ စစ်တုရင်ခုံကို စိုက်ကြည့်နေ၏။

သူ၏ ပုံဟန်မှာ ကြီးမားသော အခက်အခဲတစ်ခုနှင့် ရင်ဆိုင်နေရ၍ ခေါင်းကျပ်နံကျပ် ဖြစ်နေပုံ ရလေသည်။

နဖူးပေါ်တွင် ချွေးများ စို့၍နေပြီး အသက်ရှူသံမှာ အလွန် တိုးညင်းကာ ပြတ်တောင်း ပြတ်တောင်း ဖြစ်နေ၏။

ဖုကျိုသည် ခြသေ့်မင်းသားအားကြည့်ကာ ကရုဏာ သက်မိလေသည်။

ခြသေ့်မင်းသားမှာ မည်သူမည်ဝါ ဖြစ်သည်ကို သူလည်း လုံးဝ မသိပါ။

ခြေတစ်ဘက်မသန်သည့် ဒုက္ခိတ ဖြစ်နေသည့်အပြင် ချွေးရွှဲရွှဲစို့အောင် အကျပ်ရိုက်နေသည်ကို တွေ့ရသဖြင့် ဘုမသိဘမသိ ကရုဏာ သက်သွားမိခြင်း ဖြစ်လေသည်။

စစ်တုရင်ခုံကို လှမ်းကြည့်လိုက်မိသည်။

ခုံပေါ်တွင် စစ်တုရင်ရုပ်များ ရှုပ်ထွေးနေမိ၏။

အနက်ရောင် မြင်းရုပ် တစ်ခုသည် အဖြူရောင် မိဖုရားအား ခြိမ်းခြောက်လျက်ရှိသည်။

အဖြူရောင် နယ်တစ်လုံးက အနက်ရောင်နယ်ကို စားနိုင်သည့် အနေအထားတွင် ရှိနေ၏။

ဖုကျိုမှာ မြင်းရုပ်၏ လှုပ်ရှားနိုင်မှု စွမ်းပကားကိုကျွမ်းကျင်စွာ မသိပါ။

ထို့ကြောင့် အဖြူရောင် ဘုရင်မအား ခြိမ်းခြောက်ထားသည့် အတွက်ကို မမြင်ချေ။

အဖြူရောင်နယ်က အနက်ရောင်နယ်ကိုစားနိုင်သည့်အကွက်ကိုသာ အာရုံရောက်လေသည်။

ခြသေ့်မင်းသားက မစားဘဲ စဉ်းစားနေသည်ကို အားမလိုအားမရ ဖြစ်လေသည်။



ထို့ကြောင့်....

'အနက်ရောင် နယ်ရုပ်ကို စားပစ်လိုက်ပါလား'

ဟု လွှတ်ခနဲ ပြောလိုက်မိလေသည်။

ခြသေ့်မင်းသားရော စောစင်းဟိုပါ ပြိုင်တူ ခေါင်းမော့လိုက်ကြလေသည်။

ထိုအခါမှ ဖုကျိုလည်း စိုးရွံ့သွားပြီး ကပျာကယာ နောက်ဆုတ်လိုက်မိသည်။

ခြသေ့်မင်းသားက ဖုကျိုပြောသည့် ရွှေ့လက်ကို မရွှေ့ဘဲ....

'ကျုပ် ရှုံးသွားပါပြီဗျာ'

ဟု ပြောကာ ထိုင်ရာမှ ထလိုက်လေသည်။

သူက ကျေကျေနပ်နပ်ပင် အရှုံးပေးကာ လက်လျှော့လိုက်ခြင်း ဖြစ်လေသည်။

ဤတွင် စောစင်းဟိုက....

'ဟေ့....သူငယ် မင်းဝင်ပြီး ယှဉ်ပြိုင်ပါလားကွ'

ဟု၍ ဖုကျိုအား လှမ်းခေါ်လိုက်လေသည်။

ဖုကျို ခေါင်းခါယမ်းလိုက်၏။

'ဟာ....ကျွန်တော် မကစားပါရစေနဲ့ဗျာ'

စောစင်းဟိုက....

'ဘယ်ရမလဲကွ၊ ဘေးကနေ ဝင်ပြောပြီးမှတော့ ကိုယ်တိုင်ဝင်ပြိုင်သင့်တာပေါ့'

'ဟုတ်တယ်...မင်း ဝင်ပြိုင်ရမယ်၊ မပြိုင်ဘူးဆိုရင် သေဖို့သာ ပြင်ထား'

ခြင်္သေ့မင်းသားကပါ ဝင်၍ ခေါက်ဖမ်း လိုက်ရာ ဖုကျိ ကြောက်ရွံ့သွားလေသည်။

မနေနိုင် မထိုင်နိုင် ဝင်ပြောလိုက်မိခြင်းကြောင့် ဒုက္ခရောက်ရပြီဟု ကိုယ့်ကိုကိုယ် အပြစ်တင်နေမိလေသည်။

'ဟော့...သူငယ်၊ လာလေ'

စောစင်းဟိုက ထပ်မံ ဖိတ်ခေါ်လိုက်သည်။

'သွားလေ...ဘာလုပ်နေတာလဲ'

ခြင်္သေ့မင်းသားကလည်း ခေါက်လိုက်ရာဖုကျိမှာ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ရှေ့တိုး သွားရလေတော့သည်။

စောစင်းဟိုက ဖုကျိကို လှမ်းကြည့်ကာ....

'ကျုပ်က ဘုရင်မရုပ်ကို မြင်းရုပ်နဲ့ တိုက်ဖို့ ခြိမ်းခြောက်ထားတာ၊ မင်းက ဘုရင်မရုပ်ကို မရှောင်ဘဲ နယ်ချင်းစားမယ်ဟုတ်လား'

'ဟုတ်ပါတယ် ခင်ဗျာ...'

ဖုကျိက စွတ်မှိတ်ကာ ပြောလိုက်ခြင်း ဖြစ်သည်။

စောစင်းဟို ဆတ်ခနဲ ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ...မင်းကြိုက်တဲ့ ရွှေ့ကွက်က ဒီလို မဟုတ်လား'

ပြောပြောဆိုဆိုပင် ဖုကျိ၏ ရွှေ့လှည့်ကို စောစင်းဟိုက ဝင်ရွှေ့ ပေးလိုက်သည်။



အဖြူရောင်နယ်ဖြင့် အနက်ရောင်နယ်ကို စားလိုက်သည်။ ပြီးနောက်....

'ဒါက ဘုရင်မကြီးကို ယူမယ်'

စောစင်းဟိုက မြင်းဖြင့် ဘုရင်မ အရုပ်အား တိုက်လိုက်သည်။

ဖုကျိဘက်မှ ဘုရင်မ ကျသွားပြီ ဖြစ်သည်။

သို့သော် ဖုကျိ၏နယ်သည် နောက်ထပ် အနက်ရောင်နယ်ရုပ်တစ်ခုကို စားနိုင်သည့် အနေအထားတွင် ရောက်နေသဖြင့်....

'ကဲ....မင်းအလှည့်ပဲ၊ ရွှေ့ပေတော့'

စောစင်းဟိုက ပြောလိုက်သည်နှင့် ဖုကျိသည် ရှည်ရှည်ဝေးဝေး စဉ်းစား မနေတော့ဘဲ နယ်နယ်ချင်း စားပစ်လိုက်သည်။

ဤတွင် ဖုကျိ၏နယ်သည် အဆင့်တိုးနိုင်သည့် နောက်ဆုံးအကွက်သို့ ဝင်သွားသည်။

ဖုကျိက ထိုနယ်အား အဆင့်တိုးကာ ဘုရင်မ တောင်းဆိုမည် ဆိုလျှင် စောစင်းဟို၏ ဘုရင်မှာ ချောင်ပိတ်မိကာ ရှုံးသွားရမည့်အကွက် ဖြစ်နေသည်။

သို့သော် ဖုကျိက ဘုရင်မအဆင့် တိုးတောင်းခြင်း မပြုပါ၊ စောစင်းဟို၏ဘုရင်အား အမိဖမ်းခြင်းလည်း မပြုပါ။

သူ၏နယ်ရုပ်သည် ရှေ့ဆက် တက်စရာ အကွက်မရှိတော့သဖြင့် စောစင်းဟိုအား ငေးကြည့်နေမိလေသည်။

စောစင်းဟိုး၏နဖူးပေါ်၌ ချွေးများစို့လာ၏။

ဖုကျိ၏အကြည့်မှာ ခင်ဗျားဘာတတ်နိုင်သေးသလဲဟု မေး[illegible] နေသယောင်ရှိသည်ဟု ထင်မှတ်သွားလေသည်။

ထို့ကြောင့် ဦးခေါင်းတွင်တွင် ခါယမ်းရင်း....

'ငါ ရှုံးသွားပါပြီကွာ'

ဟု ပြောလိုက်လေသည်။

'ဗျာ....'

ဖုကျိ ပါးစပ်အဟောင်းသား ဖြစ်သွားရ၏။

နားမလည်နိုင်အောင်လည်း ဖြစ်သွားရသည်။

ထိုအချိန်တွင် ဝိုင်းအုံကြည့်နေသူများ လှုပ်လှုပ်ရှားရှ[illegible] ဖြစ်သွားပြီး....

'ဟာ... ဒီလူငယ်လေး အနိုင်ရသွားပြီဟေ့'

'ဟုတ်တယ်၊ မိုးမြေအတွင်းအား ကျမ်းကို သူရလိမ့်မယ်[illegible] ပွတာပဲ'

တစ်ယောက် တစ်ပေါက် ပြောဆိုသံများ ကျက်ကျက်[illegible] ထွက်ပေါ်လာလေသည်။

ကြယ်တံခွန်ဆရာနှင့် ခြသေ့မင်းသားတို့ မကျေမနပ်ဖြစ်သွ[illegible] ကြ၏။

သို့သော် လုံးဝမထင်မှတ်သည့်ဖြစ်ရပ်မို့ သူတို့လည်း [illegible] ကြည့်နေမိကြလေသည်။

စောစင်းဟိုက ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်[illegible]



'သူငယ်၊ မင်းအနိုင်ရသွားပါပြီကွာ၊ ကဲ....အထဲကိုဝင်သွားပါတော့'

လေးဘက်လေးတန် နံရံကာဆီးထားသော အဆောက်အအုံအား ညွှန်ပြကာ စောစင်းဟိုက ပြောလိုက်သည်။

ဖုကျိမှာ ကြောင်အမ်းအမ်းဖြစ်သွားကာ....

'ဟာ....တံခါးပေါက်မှ မရှိတာ'

မရည်ရွယ်ဘဲ ပြောလိုက်မိခြင်းဖြစ်သည်။

စောစင်းဟို ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီလေ'

စကားဆုံးသည်နှင့် အဆောက်အအုံ နံရံတစ်ဘက်ဆီသို့ မျက်နှာမူလိုက်သည်။

ထို့နောက် လက်တစ်ဘက်ဆန့်တန်းကာ လက်ဝါးဖြင့် လေထဲသို့ တစ်ချက်ရိုက်ထုတ်လိုက်၏။

'ဝုန်း....'

ကျယ်လောင်သောမြည်သံကြီး ထွက်ပေါ်လာသည်။

စောစင်းဟို၏ လက်ဝါးရိုက်ချက်မှ ဖြစ်ပေါ်လာသော လေအရှိန်ကြောင့် နံရံတွင် အပေါက်ကြီးတစ်ခု ဖြစ်ပေါ်လာလေသည်။

'ဟာ....'

ဖုကျိ ထိတ်လန့်ကာ ပျာယာပျာယာဖြင့် နောက်ဆုတ်လိုက်၏။

စောစင်းဟိုက အဆောက်အအုံကို ညွှန်ပြကာ....

'ကဲ....အထဲကိုဝင်သွားပါ'

ဖုကျိမှာ စောစင်းဟိုအား ကြောက်ရွံ့လာသည်။

ခိုင်းသည့်အတိုင်းမလုပ်လျှင် သူ့အား ဒုက္ခပေးလိမ့်မည်ဟု ထင်မှတ်သွား၏။

ထို့ကြောင့် ရိုကျိုးစွာဖြင့်....

'ကောင်းပါပြီခင်ဗျာ'

ဖုကျိသည် နံရံတွင် ဖြစ်ပေါ်နေသော အပေါက်ကြီးမှတစ်ဆင့် အဆောက်အအုံအတွင်းသို့ မဝံ့မရဲဖြင့် ဝင်သွားလေတော့သည်။

....o....



အဆောက်အအုံအတွင်း၌ မှောင်မည်းနေလေသည်။

ဖုကျိဝင်လာသည့် အပေါက်ကြီးမှ တိုးဝင်လာသည့် အလင်းရောင်ကြောင့်သာလျှင် အခန်း၏အခြေအနေကို မသဲမကွဲ တွေ့မြင်ရခြင်း ဖြစ်လေသည်။

အဆောက်အအုံမှာ လေးဘက်လေးတန်နံရံ ကာဆီးထားသည်ဖြစ်ရာ ဝင်ပေါက်ထွက်ပေါက် လုံးဝမရှိသော အလုံပိတ် အဆောက်အအုံတစ်ခု ဖြစ်လေသည်။

အဆောက်အအုံအတွင်း၌ အိမ်ထောင်ပရိဘောဂပစ္စည်းဟူ၍ မရှိဘဲ ဟာလာဟင်းလင်း ဖြစ်နေ၏။

ဖုကျိ အံ့သြသွားလေသည်။

'အထဲမှာ ဘာမှလဲ မရှိပါလား၊ ငါ့ကိုဝင်ခိုင်းတာ သူတို့ စစ်တုရင်ယှဉ်ပြိုင်နေတာကို ဝင်ရှုပ်မိလို့ ဖမ်းဆီးချုပ်နှောင်ထားချင်တဲ့ သဘောများလားမသိဘူး၊ ဒုက္ခပါပဲ'

ဖုကျိမှာ တွေးရင်း စိုးရိမ်ပူပန်လာလေသည်။

အဆောက်အအုံအတွင်းမှ ထွက်သွားလိုစိတ်များလည်း ဖြစ်ပေါ်လာလေသည်။

သူသည် အပေါက်ကြီးဘက်သို့ ပြန်လှည့်ကြည့်မိ၏။

ထိုအခါ တစ်စုံတစ်ယောက်က အပြင်ဘက်မှနေပြီး ခုံပိုင်းတစ်ခုဖြင့် ပိတ်ဆို့လိုက်သည်ကို တွေ့မြင်ရသည်။

စစ်တုရင်ခုံတင်ခဲ့သည့် ခုံပိုင်းကြီးဖြစ်ကြောင်း ဖုကျိ သတိပြုမိလိုက်၏။

စိုးရိမ်ထိတ်လန့်စိတ်များက ချက်ချင်းပင် သူ့တစ်ကိုယ်လုံးကို ဖုံးလွှမ်းသွားသည်။

'သူက အပေါက်ကိုပိတ်ပစ်လိုက်ပြီ၊ ဟုတ်ပါတယ်၊ ငါ့ကို ပိတ်လှောင်ထားလိုက်တာပါ'

ဖုကျိ မှာ မျက်နှာပျက်သွား၏။

အပေါက်ကြီးဆီသို့ ပြေးသွားရန် ဟန်ပြင်လိုက်မိလေသည်။ ထိုစဉ်မှာပင်။

'ဩြော်....ရောက်လာမှကိုး'

တီးတိုးစကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရုတ်တရက်ထွက်ပေါ်လာသည့် စကားသံကြောင့် ဖုကျိ၏ ခန္ဓာကိုယ်မှာ ဆတ်ခနဲ တုန်ခါသွားရ၏။

ကပျာကယာ နောက်လှည့်ကြည့်လိုက်မိ၏။

ထိုအခါ အဆောက်အအုံအတွင်း၌ မီးရောင်တစ်ခု လင်းလက် ထွက်ပေါ်လာသည်ကို တွေ့မြင်ရလေသည်။

အလင်းရောင်က တစ်စထက်တစ်စ အားကောင်းလာ၏။ နောက်ဆုံးတွင် အဆောက်အအုံအတွင်း၌ လင်းလင်းချင်းချင်း ဖြစ်သွားလေသည်။

ထိုအခါမှ အခန်းထောင့်တွင် ကျောက်ခေါင်းတလား တစ်လုံး ရှိနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

'ဟာ....'



ဖုကျိ လွှတ်ခနဲ အော်လိုက်မိ၏။

နောက်ဆုတ်ရန်လည်း ထပ်မံဟန်ပြင်လိုက်မိလေသည်။

ထိုအချိန်တွင်....

'မင်းကို ချီးကျူးပါတယ်ကွာ'

စကားသံ ထွက်ပေါ်လာပြန်လေသည်။

ထိုစကားသံသည် လည်းကောင်း၊ မီးရောင်သည် လည်းကောင်း ကျောက်ခေါင်းတလားထဲမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

ဖုကျိ မျက်လုံးပြူးကာ ငေးကြည့်နေစဉ်မှာပင် အဘိုးအို တစ်ယောက်သည် မီးအိမ်တစ်လုံး လက်ထဲကိုင်ကာ ကျောက်ခေါင်းတလားထဲမှ ထလာသည်ကို တွေ့မြင်လိုက်ရလေသည်။

'အမယ်လေး သရဲဗျ....'

ဖုကျိ အထိတ်တလန့် အော်ဟစ်လိုက်၏။

ချက်ချင်းပင် ချာခနဲလှည့်ကာ အပေါက်ကြီးဆီသို့ ပြေးသွားလေသည်။

ဤတွင် လေတိုးသံတစ်ချက် ရုတ်တရက် ထွက်ပေါ်လာလေသည်။

ဖုကျိသည် ဦးခေါင်းပေါ်မှ တစ်စုံတစ်ခု ဖြတ်ကျော် သွားသည်ဟု ခံစားလိုက်ရသဖြင့် ဇက်ကလေး ပုထားလိုက်မိသည်။

ထို့နောက် ရှေ့ဆက် ပြေးသွားရန် ဟန်ပြင်လိုက်၏။

ဤတွင်....

'ဟာ....'

ဖုကျိမှာ မယုံကြည်နိုင်အောင်ဖြစ်ကာ ပါးစပ် အဟောင်းသား ဖြစ်သွားရ၏။

အကြောင်းမှာ ကျောက်ခေါင်းကလားထဲမှ အဘိုးအိုသည် အပေါက်ကြီးကိုပိတ်ကာ ရပ်နေသည်ကို တွေ့မြင်ရခြင်းကြောင့် ဖြစ်သည်။

ဖုကျိက သူ့ကို မျက်လုံးပြူး၊ မျက်ဆံပြူးကြီးဖြင့် ကြည့်ကာ....

'ခင်....ခင်ဗျား....'

ဖုကျိ ထစ်ထစ် ငေါ့ငေါ့ ဖြစ်နေ၏။

အဘိုးအိုက နှစ်လိုဖွယ် ပြုံးပြရင်း....

'ငါက သရဲမဟုတ်ပါဘူးကွ'

မည်သို့ဆိုစေ၊ ဖုကျိမှာ ကြောက်ရွံ့၊ ထိတ်လန့်မှု လွန်ကဲနေဆဲပင် ဖြစ်ပါသည်။

'ခင်....ခင်ဗျားဘယ်သူလဲ....'

အဘိုး အိုက ရယ်မောလိုက်သည်။

'ဟား....ဟား....ဟား.... ငါက ထွင်ထားတဲ့ စစ်ဘုရင်ကွက်တွေကို နှစ်ပေါင်း သုံးဆယ်အတွင်း ဘယ်သူကမှ အနိုင်မယူနိုင်ကြဘူး၊ အခု မင်းဒီအထဲ ရောက်လာပြီဆိုတော့ မင်းအနိုင်ရသွားပြီဆိုတာ ထင်ရှားနေပြီပေါ့၊ တော်ပါပေတယ်ကွာ၊ တော်ပါပေတယ်'



အဘိုးအို၏ လေသံ၌ ကျေနပ်သဘော ကျသည့်အသွင် အထင်းသား ပေါ်လွင်နေ၏။

ဖုကျိမှာ ထိုစကား ကြားသည့်အခါ ထိတ်လန့် တုန်လှုပ်သွားရလေသည်။

စောစင်းဟိုနှင့် ကြယ်တံခွန် ဆရာတို့၏ ပြောစကားအရ ထိုအဘိုးအိုသည် မိုးထိတောင်မှ ပြိုင်စံရှား မိုးမြေအတွင်းအားရှင် ထင်းတိချူး ဖြစ်မည်ဟု ရိပ်မိလိုက်ခြင်းကြောင့် ဖြစ်လေသည်။

'ဆ... ဆရာကြီး ကွယ်လွန် သွားခဲ့ပြီဆို...'

ဖုကျိမှာ ထိတ်ထိတ်ပျာပျာဖြင့်....

လွှတ်ခနဲ မေးလိုက်မိလေသည်။

အဘိုးအို ထင်းတိချူးက မဲ့ပြုံးတစ်ချက် ပြုံးလိုက်သည်။

'ငါတပည့်နှစ်ယောက် အသုံးမကျလို့ ရှက်တာနဲ့ ငါက သေချင်ဟန် ဆောင်ပြီး ဇာတ်မြှုပ် နေခဲ့တာကွ'

နှစ်ပေါင်း နှစ်ဆယ်လုံးလုံး သေချင်ဟန် ဆောင်ကာ ဇာတ်မြှုပ် နေခဲ့သည့်အဖြစ်မှာ ထူးဆန်းလှသည်ဟု ဆိုရပေတော့မည်။

'စောစင်းဟိုဟာ လူတော်လူကောင်းတစ်ယောက် ဖြစ်တယ်ဆိုတာရယ်၊ ကြယ်တံခွန်ဟာ လူဆိုးဖြစ်တယ်ဆိုတာရယ်၊ ခုတော့ ငါက ခွဲခြားသိပြီးပါပြီ၊ ဒါကြောင့် ငါ့ရဲ့ သိုင်းပညာတွေကို စောစင်းဟိုကိုပေးဖို့ ဆုံးဖြတ်လိုက်ပေမယ့် သူက သက်မခံဘူးကွ'

ဖုကျီသည် ထင်းတိချူး ရှင်းပြသည့် စကားများကိုအသာ ငြိမ်ပြီး နားထောင် နေလိုက်မိသည်။

သူသည် ယခုအချိန်၌ ထိတ်လန့်မှု ပြေလျော့ကာ တည်ငြိမ် စ ပြုလာပြီ ဖြစ်သည်။

ထင်းတိချူးက ဆက်ပြောသည်။

'စောစင်းဟိုက လက်မခံဘူးကွ၊ သူ့ကို သင်ပေးရ ကြယ် တံခွန်က ငါ့ဘက်လိုက်တယ်လို့ စွပ်စွဲမှာကို သူက အပြောမခံ နိုင်ဘူး၊ ဒါကြောင့် ငါတို့ထွင်ထားတဲ့ စစ်တုရင်ကွက်ကို အနိုင် ယူနိုင်တဲ့လူ ပေါ်လာရင်၊ အဲဒီလူကို သင်ပေးလိုက်ဖို့ အကြံ ပေးတယ်၊ ငါကလဲ သဘောတူလိုက်တယ်'

ဖုကျီရင် ထိတ်သွား၏။

ထင်းတိချူး၏ စကားသည် သူ့ဘက်သို့ ပြေးဦးလှည့်လာ ပြီမဟုတ်ပါလား။

'မင်းက ငါတို့ထွင်ထားတဲ့စစ်တုရင် ကစားကွက်ကို နိုင် အောင် ယှဉ်နိုင်ခဲ့တယ် ဆိုတော့....'

ထင်းတိချူးက စကား တပိုင်းတစဖြင့်ရပ်ကာ ဖုကျီအား စိုက်ကြည့်လိုက်သည်။ ပြီးမှ....

'မင်းက ဘာကြောင့် ခုထိငါ့ကို ဂါရဝ မပြုရသေးတာလဲ'

ဖုကျီသည် ရသေ့ကြီးနှင့် အတူနေခဲ့ရပြီး ရသေ့ကြီး၏ ဆိုဆုံးမစကားကြောင့် လူကြီးသူမကို ရိုသေလေးစား တတ်သူ ဖြစ်နေပေသည်။



ထို့ကြောင့်....

လူကြီးသူမများကို ဦးညွှတ် ဂါရဝပြုရန် မည်သည့်အခါမျှ ဝန်လေးသူ မဟုတ်ချေ။

'ကျွန်တော် ဂါရဝ ပြုပါတယ် ခင်ဗျာ....'

ဖုကျီသည် ချက်ချင်းပင် ကြမ်းပြင်ပေါ် ဒူးထောက်ကာ ဂါရဝ ပြုလိုက်လေသည်။

သူက ယင်းသို့ ဂါရဝပြုလိုက်ခြင်းဖြင့် ထင်းတိချူး ကျေနပ် သွားမည်ဟု ထင်မှတ်ထားသည်။

ယခု အကျဉ်းအကျပ်ထဲမှ အလွယ်တကူ လွတ်မြောက် သွားလိမ့်မည်ဟုလည်း ယုံကြည်ထား၏။

သို့ရာတွင်....

'ကောင်းတယ်....ကောင်းတယ်....၊ မင်းဟာ ခုချိန်ကစပြီး ငါ့ရဲ့တပည့် ဖြစ်သွားပြီ'

'ဗျာ....'

ဆက်ပြောလိုက်သည့် ထင်းတိချူး၏ စကားကြောင့်.... ဖုကျီ ပါးစပ် အဟောင်းသား ဖြစ်သွားရလေသည်။

ထင်းတိချူးကိုလည်း နားမလည်နိုင်စွာ ကြည့်လိုက် မိလေ သည်။

ထင်းတိချူးက သူ့ကိုကျေနပ် သဘောကျစွာ ကြည့်ရင်း....

'မင်းဟာ ငါ့ရဲ့ပညာ အမွေကို ဆက်ခံရလိမ့်မယ်....'

ယခု တစ်ကြိမ်တွင် ဖုကျိ မနေနိုင်တော့ဘဲ....

'ကျွန်....ကျွန်တော် လက်မခံ ပါရစေနဲ့ဗျာ....'

ပျာပျာသလဲဖြင့် ဖုကျိက ပြော၏။

အဘယ့်ကြောင့် လက်မခံနိုင်ပါသနည်းဟု ထင်းတိချူးက ပြန်လည် မေးမြန်းခြင်း မပြုချေ။

'မရဘူး၊ ငါ့ရဲ့ပညာ အမွေကို မင်း ဆက်ခံရလိမ့်မယ်'

ထင်းတိချူးက ယတိပြတ် ပြောလေသည်။

ဖုကျိမှာ ဇောချွေးများပင် ပြန်လာရလေတော့၏။

'ဟာ....ကျွန်တော် လက်မခံ ပါရစေနဲ့ဗျာ....'

'ဘာဖြစ်လို့ လဲကွဲ....'

အဘိုးအို မျက်မှောင်ကြုတ်ကာ မေးလေသည်။

'ကျွန်တော် ရှာဖြန် ရဦးမှာမို့ ပါ'

ဖုကျိသည် ပြောပြောဆိုဆိုဖြင့် ထွက်သွားရန် ဟန်ပြင် လိုက်လေသည်။

ထင်းတိချူးက တည်ကြည်သော မျက်နှာထားဖြင့်....

'ခုချိန်မှတော့ ထွက်သွားလို့ မရတော့ပါဘူးကွ....'

ထင်းတိချူးက ပြောရင်း ဖုကျိ၏ လက်ကောက်ဝတ်ကို ဖျတ်ခနဲ ဖမ်းဆုပ် လိုက်လေသည်။

ဖုကျိ ရင်ထိတ် သွား၏။

'ဒါ....ဒါ....ဘာလုပ်တာလဲ....'



ပြောရင်း ကပျာကယာရုန်းကန်ရန် ဟန်ပြင်လိုက်လေသည်။

သို့သော် ထင်းတိချူး၏လက်မှ လွတ်မြောက်နိုင်ခြင်း မရှိခဲ့ချေ။

ထင်းတိချူး၏ လက်ချောင်းများက ပြုတ်တူကြီးသဖွယ် သူ့ကိုမလှုပ်နိုင်အောင် ဖမ်းဆုပ်ထားသည်။

'ကျွန်တော့် ကိုလွှတ်ပါ'

ပြောနေရင်းပင် သူ၏လက်ကောက်ဝတ်၌ အပူစီးကြောင်း တစ်ခု ဖြစ်ပေါ်လာသည်ကို ခံစားလိုက်ရသည်။

ဖုကျိ တအံ့တသြဖြစ်ကာ လက်ကောက်ဝတ်ကို ငုံ့ကြည့်မိလေသည်။

အပူစီးကြောင်းသည် ခန္ဓာကိုယ်တွင်းသို့ သွေးကြောများ အတိုင်း စီးဝင်လာပြီး တစ်ကိုယ်လုံး လှည့်ပတ်သွားလေ၏။

ရုတ်တရက် ဖုကျိ၏ခေါင်းထဲ မူးနောက် ရီဝေလာသည်ဟု ခံစားလိုက်ရ၏။

ထို့နောက် ဒူးများပျော့ခွေကာ ကြမ်းပြင်ပေါ် သတိလစ် လဲကျသွားလေတော့သည်။

....ဝ....

အချိန်မည်မျှ ကြာသွားမှန်းမသိ....

ဖုကျိ သတိရလာသောအခါ တစ်စုံတစ်ယောက်က သူ၏ မျက်နှာကို လေဖြင့်မှုတ်ပေးနေကြောင်း သိလိုက်ရလေသည်။

ဖုကျိ မျက်လုံး ဖွင့်ကြည့်လိုက်၏။

ထိုအခါ ထင်းတိချူးမှာ သူနှင့်နီးကပ်စွာ ရှိနေသည်ကို တွေ့လိုက်ရလေ၏။

'အမယ်လေး'

ဖုကျိ ထိတ်လန့်တကြားဖြစ်ကာ ကပျာကယာ ခုန်ထလိုက်လေသည်။

'ဝုန်း....'

ရုတ်တရက် ဖုကျိ၏ခန္ဓာကိုယ်သည် မြောက်တက်သွားပြီး နောက်ဘက်မှ နံရံနှင့် ဝင်တိုက်မိလိုက်သည်။

ဖုကျိမှာ ကျောပြင်တစ်ခုလုံး အောင့်သွားသည်ဟု ခံစားလိုက်ရသော်လည်း ထိုခံစားချက်များသည် တစ်ခဏအတွင်းမှာပင် ပျောက်ကွယ်သွားလေသည်။

သူ၏ခြေလက်များ ဖောင်းကားနေပြီး တစ်ကိုယ်လုံး လေ တွင် လွင့်မျောသွားမတတ် ပေါ့ပါးနေသည်ဟုလည်း ထ မှတ် ခံစားလာရလေသည်။

'ငါ ဘယ်လို ဖြစ်သွားတာပါလိမ့်'

ဖုကျိမှာ တအံ့တသြဖြင့် လွတ်ခနဲ ရေရွတ်မိလိုက်သေ



ထင်းတိချူးက....

'ငါနှစ်ပေါင်း သုံးဆယ်လုံးလုံး လေ့ကျင့်ထားတဲ့လျှို့ဝှက် အင်အားတွေကို မင်းရဲ့ခန္ဓာကိုယ်ထဲ သွင်းပေးလိုက်တယ်လေ၊ ပြီးတော့ ငါဖော်စပ်ထားတဲ့ဆေးလုံးကိုလဲ တိုက်ကျွေး လိုက် တော့ မင်းဟာ နှစ်ပေါင်းသုံးဆယ်လောက် လေ့ကျင့်မှုရတဲ့ အတွင်းအားမျိုးကို ရသွားပြီပေါ့ကွာ'

'ဟာ'

ဖုကျိ အထိတ်တလန့် အော်လိုက်မိ၏။

သူ၏အသံမှာ သာမန်ထက်ပို၍ ကျယ်လောင်စွာ ဟိန်းထွက်လာလေသည်။

လိုက်သံပါနေသဖြင့် အတွင်းအား အလွန်ကောင်းသူ တစ်ယောက်အဖြစ် ပြောင်းလဲသွားပြီဖြစ်ကြောင်း သိနိုင်ပေတော့သည်။

ဖုကျိမှာ သူ၏အဖြစ်ကို မယုံကြည်နိုင်အောင် ဖြစ်နေမိ၏။

သာမာန်ကပ္ပိယကလေးဘဝမှအတွင်းအားအလွန်ကောင်းသူတစ်ယောက် ဖြစ်လာရသည့်အဖြစ်ကို မည်သူက ယုံကြည်နိုင်ပါမည်နည်း။

'ရော့....မင်းသိမ်းထားလိုက်ပါ'

ထင်းတိချူးက ဆီစိမ်စက္ကူလိပ်ကလေး တစ်ခုကို လှမ်းပေးလေသည်။

ဖုကျိက အူကြောင်ကြောင်ဖြင့်....

'ဘာများလဲဗျာ'

ဟု မေးလိုက်မိလေသည်။

ထင်းတိချူးက....

'ငါ့ရဲ့ သိုင်းပညာရပ်တွေကို သိမ်းဆည်းထားတဲ့ လျှို့ဝှက်နေရာကို ဖော်ပြထားတဲ့မြေပုံပဲ၊ မင်းက မြေပုံလမ်းညွှန်အတိုင်း လိုက်သွားပြီး ရှာဖွေလေ့ကျင့်လိုက်မယ်ဆိုရင် တစ်နှစ်အတွင်း ပြိုင်ဘက်ကင်း သိုင်းသမားကြီးတစ်ယောက် ဖြစ်လာမှာသေချာတယ်'

ဖုကျိုမှာ ဆီစိမ်စက္ကူလေးကိုကိုင်ကာ ငေးနေမိ၏။

ယခုလို ကြုံတွေ့ရမည်ဟု သူ့ဘဝ၌ တစ်ကြိမ်တစ်ခါမျှ အိပ်မက်ပင် မမက်ခဲ့ဖူးချေ။

သူ့အဖို့ မမျှော်လင့်ဘဲ ထိပ်သီးသိုင်းသမားဘဝသို့ ရောက်ရန် အကြောင်းဖန်လာပြီ ဖြစ်လေသည်။

ဖုကျိုမှာ ကိုယ့်အဖြစ် ကိုယ်မယုံကြည်နိုင်အောင် ဖြစ်ကာ ထင်းတိချူးအား ငေးကြောင် ကြည့်နေမိလေတော့၏။

'မင်းဟာ ခုချိန်ကစပြီး ငါ့ရဲ့တပည့်ဖြစ်သွားပြီ၊ ဒါကြောင့် စောစင်းဟိုနဲ့တွေ့ရင် အစ်ကိုကြီးလို့ ခေါ်ရလိမ့်မယ်'

ထင်းတိချူးက ပြောလိုက်သည်။

'ကျွန်တော်....'

ဖုကျိုက ကြားဖြတ်မေးရန် ဟန်ပြင်လိုက်၏။

သို့သော် ထင်းတိချူးက လက်ကာပြလိုက်ပြီး....



'မင်းက ခုထိ ငါ့ကို ဆရာတစ်ခွန်း မခေါ်သေးဘူး၊ ဆရာလို့ခေါ်စမ်း'

ဖုကျို သက်ပြင်းချလိုက်မိသည်။

ဂါရဝတရားရှိသူဖြစ်ရာ ဆရာဟုခေါ်ရန် သူ့အနေဖြင့် ဝန်လေးသည် မဟုတ်ပေ။

ထို့ကြောင့်....

'ဆရာ'

ထင်းတိချူးကို ဆရာဟု ခေါ်လိုက်သည်။

ထင်းတိချူးမှာ ကျေနပ် ဝမ်းသာသွားဟန်ဖြင့် မျက်နှာတစ်ခုလုံး ပြုံး ရွှင် သွားလေတော့သည်။

ထိုစဉ် ထင်းတိချူး၏မျက်နှာတွင် အမည်းရောင်အရိပ်များ ရုတ်တရက် လွှမ်းမိုးလာသည်ဟု ဖုကျို ထင်မှတ်မိလိုက်သည်။

ထို့ကြောင် မျက်မှောင် ကြုတ်မိလိုက်လေသည်။

ထင်းတိချူးက....

'မင်းဟာ ငါ့တပည့်ဖြစ်တဲ့ အထိမ်းအမှတ်အနေနဲ့ ဟောဒီလက်စွပ်ကလေးကို လက်ခံထားလိုက်ပါ'

ပြောပြောဆိုဆို သူ၏လက်ခလယ်၌ စွပ်ထားသည့် သံမဏိလက်စွပ်ကလေးတစ်ကွင်းကို ချွတ်ကာ ဖုကျို၏လက်တွင် စွပ်ပေးလိုက်လေသည်။

'ဟာ....နေပါစေခင်ဗျာ'

ဖုကျုံ အားနာဟန်ဖြင့် ငြင်းဆန်လိုက်သော်လည်း ထင်းတိချူးက လက်မခံဘဲ....

'မင်း ...စွပ်ထားရလိမ့်မယ်'

အမိန့်ပေးသလိုပြောကာ အတင်း စွပ်ပေးနေသဖြင့် ဖုကျုံမှာ မတတ်သာတော့ဘဲ လက်ခံလိုက်ရလေတော့သည်။

ထင်းတိချူးသည် ယခုမှ ပခုံးပေါ် ထမ်းထားသည့် ဝန်ထုပ်ဝန်ပိုးကြီး ကျသွားသည့်အလား သက်ပြင်းချလိုက်ပြီး....

'အင်း...ခုမှပဲ ငါ့အဖို့ စိတ်အေးရတော့တယ်'

စကားဆုံးသည်နှင့် ထင်းတိချူးမှာ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားပြီး ချောင်းတဟွပ်ဟွပ် ဆိုးလာလေတော့သည်။

'ဟင်...ဦး ဘယ်လိုဖြစ်သွားတာလဲ'

ဖုကျုံ အထိတ်တလန့်ဖြစ်ကာ ပျာပျာသလဲ မေးလိုက်မိလေသည်။

ထင်းတိချူး အဖြေမပေးနိုင်ပါ။

'အဟွပ် ...အဟွပ်'

'အဟွပ် အဟွပ်....'

ချောင်း အဆက်မပြတ် ဆိုးလိုက်ပြီးနောက်....

'ဝေါ့'

သွေးများ အန်ထုတ်လိုက်လေသည်။

ဖုကျုံ မျက်လုံးပြူးသွား၏။ နှုတ်မှလည်း....

'ဟာ....'

လွှတ်ခနဲ အော်ကာ နောက်သို့ ကပျာကယာခုန်ထွက်လိုက်လသည်။



ထိုအချိန်မှာပင် ထင်းတိချူးသည် ခွေခနဲ လဲကျသွားသည်ကို တွေ့မြင်ရလေသည်။

'ဦး....ဦး ဘယ်လိုဖြစ်တာလဲ'

ဖုကျုံ အလောတကြီး မေးလိုက်သည်။ ထိတ်ထိတ်ပျာပျာလည်း ဖြစ်နေမိ၏။

ထင်းတိချူးမှာ ကြမ်းပြင်ပေါ်၌ ခွေခွေလေး လဲကျနေပြီး တုတ်တုတ်မျှ မလှုပ်တော့ချေ။

'ဦး....'

ဖုကျုံက မငံ့မရဲခေါ်ရင်း ထင်းတိချူးအနီးသို့ ချဉ်းကပ်သွားလေသည်။

ထိုအခါမှ ထင်းတိချူး၏ မျက်နှာတစ်မှုလုံး ပြာနှမ်းနှမ်းဖြစ်ကာ သေဆုံးနေသည်ကို တွေ့မြင် လိုက်ရတော့သည်။

'သူ...သူ သေသွားပါပကောလား'

ထင်းတိချူး အဘယ်ကြောင့် သေဆုံးသွားရမှန်း သူတွေးတော စဉ်းစား၍မရချေ။

သူ့ကဲ့သို့ သိုင်းလောက မျက်နှာစိမ်းအဖို့ အဖြစ်မှန်ကိုမည်သို့ သိနိုင်ပါမည်နည်း....။

ဖုကျုံသည် မလှုပ်မယှက်ရပ်ကာ ငေးကြည့်နေမိလေသည်။ အတော်ကလေးကြာမှ သတိဝင်လာပြီး....

'မဖြစ်ဘူး၊ စောစင်းဟိုကို သွားပြောရမှာပဲ'

ဖုကျုံသည် စိတ်ထဲမှတွေးကာ ကပျာကယာ ထွက်လာခဲ့၏။ အပေါက်ကြီးအား ပိတ်ဆို့ထားသည့်ခုံဝိုင်းကို အမှတ်မထင် တွန်းထုတ်ပစ်လိုက်မိ၏။

'ဝုန်း....'

ခုံပိုင်းမှာ ကျိုးပဲ့ကျေမွသွားလေတော့သည်။

ထို အချင်းအရာကြောင့် ဖုကျို ပါးစပ် အဟောင်းသား ဖြစ်သွားပြီး သူ၏လက်ဝါးပြင်ကို ပြန်လည် ငုံ့ကြည့်လိုက်လေသည်။

သူ့အနေဖြင့် ဤမျှ စွမ်းဆောင်နိုင်မည် မဟုတ်ကြောင်း သူ့ကိုယ်သူ သိသည်။

သို့သော် သူ၏လက်ဝါးဖြင့် တွန်းထုတ်ခြင်းကြောင့် ခုံပိုင်း ကျိုးပဲ့ ပျက်စီးသွားသည်မှာလည်း အမှန်ပင် ဖြစ်လေသည်။

ဖုကျိုသည် ကိုယ့်လက်ဝါးကို မည်မျှကြာအောင် ငုံ့ကြည့် နေမိမှန်းမသိပါ။

သူ သတိဝင်လာသောအခါ အပြင်ဘက်တွင် အခြေအနေ မှာ တစ်မျိုး ပြောင်းလဲနေပြီဖြစ်ကြောင်း တွေ့မြင်လိုက်ရလေ တော့သည်။

....ငြ....



အဆောက်အအုံအပြင်ဘက်မှ အခြေအနေသည် လုံးဝ ပြောင်းလဲသွားပြီဖြစ်လေသည်။

မြေကွက်လပ်တွင် ရှိနေသူများသည် လူစုသုံးစုအဖြစ် သီးခြားစီခွဲကာ ရပ်နေကြလေသည်။

စစ်တုရင်ပညာ ယှဉ်ပြိုင်ရန်ရောက်လာကြသည့် သိုင်းသမား များသည် အရှေ့ဘက်၌ ရပ်နေကြ၏။

ဆွံ့အဆရာ စောစင်းဟုံ၏ တပည့်ငါးယောက် ဖြစ်သော မျက်လှည့်ဆရာတို့ လူစုမှာ တောင်ဘက်၌ ရပ်နေကြ၏။

ကြယ်တံခွန်အဘိုးအိုနှင့် လိုက်ပါလာသည့် လူ့ဗာလလေး ဖော်သည် မြောက်ဘက်၌ ရပ်နေကြလေသည်။

သူတို့အားလုံးသည် မြေကွက်လပ်အလယ်သို့ မမှိတ်မသုန် စိုက်ကြည့်နေကြလေသည်။ ဖုကျိုလည်း လှမ်းကြည့်လိုက်မိ၏။

ထိုအခါ မြေကွက်လပ်တွင် လူနှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်နေကြသည်ကို တွေ့မြင်ရလေသည်။

ထိုလူနှစ်ယောက်ကား၊ အခြားသူများ မဟုတ်ချေ။ စောစင်းဟုံနှင့် ကြယ်တံခွန်ဆရာတို့ ဖြစ်ကြလေသည်။

သူတို့နှစ်ယောက်ကြား၌ မီးတောက်လောင်နေသည့် မီးပုံ တစ်ခု ရှိနေသည်ကို တွေ့ရသည်။

အားကောင်းလှသော မီးတောက်မီးလျှံများကို တစ်ယောက်ဘက်မှ တစ်ယောက်ဆီသို့ ယိမ်းယိုင်သွားအောင် နှစ်ယောက်သား လက်ဝါးဖြင့် တွန်းနေကြ၏။

ကြယ်တံခွန်ဆရာက လက်ဝါးနှစ်ဘက်မှနေ၍ အဘွင်းအား လှိုင်းများ ထုတ်လွှတ်ကာ မီးတောက်ကို စောစင်းဟုံထံ တွန်း

ထုတ်နေသလို စောစင်းဟုကလည်း လက်ဝါး နှစ်ဘက်ကို ရှေ့သို့ဆန့်တန်းရင်း အတွင်းအားဖြင့် ပြန်လည်ခုခံနေ၏။

သူတို့၏ အတွင်းအားလှိုင်းများကြောင့် မီးပုံမှာလေပြင်းများ တိုက်ခတ်ခြင်းခံရသကဲ့သို့ တဟူးဟူးမြည်ကာ တောက်လောင်နေလေသည်။

မီးတောက်မီးစွယ်များသည် အရှိန်ပြင်းစွာဖြင့် ဘယ်ယိမ်းညာယိမ်း လူးလွန့်နေသည်။

ထိုမီးတောက်များသည် ဆွံ့အ ဆရာ စောစင်းဟုဘက်သို့ ပို၍ ယိမ်းယိုင်နေ၏။

ထို့ကြောင့် ဆွံ့အ ဆရာမှာ မသိမသာ အရေးနိမ့်နေမှန်း သိသာနိုင်ပေတော့သည်။

အားလုံးသောလူများသည် ယှဉ်ပြိုင်ပွဲကို အာရုံစူးစိုက်ကြည့်နေကြ၏။

သို့ဖြစ်ရာ အဆောက်အအုံအတွင်းမှ ဖုကျိုထွက်လာသည်ကို မည်သူမျှ သတိမထားမိကြတော့ချေ။

ဖုကျိုသည် မြေကွက်လပ်ဆီသို့ လှမ်းသွားပြီး အခြားသူများနည်းတူပြိုင်ပွဲကို အကဲခတ် ကြည့်နေမိ လေတော့သည်။

....o....



မီးပုံထဲမှ မီးစွယ်များသည် ဆွံ့အ ဆရာ စောစင်းဟုဘက်သို့ တစ်စထက်တစ်စ ပို၍ ယိမ်းယိုင်လာလေသည်။

စောစင်းဟု၏မျက်နှာတစ်ခုလုံးလေးနက်တည်ကြည်လာ၏။

သူ၏ လက်ဝါးနှစ်ဘက်မှ အတွင်းအားကို ထုတ်လွှတ်ရင်း နီးကပ်လာနေသော မီးစွယ်များကို တွန်းထုတ်ပစ်နေ၏။

ကြယ်တံခွန်ဆရာ၏မျက်နှာမှာ ပြုံးယောင် သမ်းလာလေသည်။

မိမိ အသာစီးရနေပြီဖြစ်ကြောင်း ကြယ်တံခွန်ဆရာ ကောင်းစွာသိရှိထားပုံရ၏။

ထို့ကြောင့် ပို၍အားစိုက်ကာ မီးညွန့် မီးစွယ်များကို စောစင်းဟုဘက်သို့ တွန်းထုတ်လိုက်လေသည်။

မီးတောက်မီးလျှံများသည် ပို၍ ယိမ်းယိုင်သွား၏။

ဤသို့ဖြင့် မီးပုံကိုအလယ်၌ထားကာ ယှဉ်ပြိုင်နေကြရာ မီးစွယ်များသည် စောစင်းဟုဘက်သို့ ပို၍ပို၍ ယိမ်းယိုင်လာလေတော့သည်။

မျက်တောင်မခတ် အကဲခတ်ကြည့်နေသော ဖုကျိုမှာ ရင်ထိတ်သွား၏။

'ဒုက္ခပါပဲ၊ ဆွံ့အ ဆရာ စောစင်းဟု တစ်ယောက်တော့ ဒုက္ခရောက်တော့မှာပဲ'

ဖုကျို၏ စိတ်ထဲမှ စိတ်ပျက်စွာဖြင့် ခပ်ညည်းညည်းရေရွတ်လိုက်မိလေသည်။

မိုးမြေအတွင်းအားရှင် ထင်းတိချူး၏ အမှာစကားအရ စောစင်းဟိုသည် သူ၏ အစ်ကိုကြီး ဖြစ်နေချေပြီ။

ကြယ်တံခွန် ဆရာသည်လည်း တဆရာတည်း၏ တပည့်များ ဖြစ်သည်ဟု ဆိုနိုင်၏။

သို့သော် ထင်းတိချူးက ကြယ်တံခွန်ဆရာကို စာရင်း မသွင်းဘဲ စောစင်းဟိုကိုသာ ညီအစ်ကိုအဖြစ် အသိအမှတ်ပြုရန် မှာကြားခဲ့လေသည်။

ထို့ကြောင့် စောစင်းဟို ဒုက္ခရောက်နေသောအခါ ဖုကျိ သည် လက်ပိုက်ကြည့်နေရန် မသင့်ဟု ယူဆ လိုက်မိလေသည်။

ဘူတွေးတောနေစဉ်မှာပင် မီးစွယ်များသည် စောစင်းဟို နှင့် တစ်ပေခန့်သာ ကွာဝေးတော့သည့် အနေအထားသို့ ရောက်ရှိလာသည်ကို တွေ့ရသည်။

မီးစွယ်များသည် မြေဟောက်တစ်ကောင်ပမာ လူးလွန့်နေ ပြီး စောစင်းဟိုအား အချိန်မရွေး ခုန်ဟပ်တော့မည့် အသွင် ရှိနေ၏။

'ငါဝင်ကူမှပဲ'

ဖုကျိ ရပ်ကြည့်မနေနိုင်တော့ပါ။ ဆုံးဖြတ်ချက်ချကာ ခုန် ဝင်သွားရန် ဟန်ပြင် လိုက်သည်။

ထိုအချိန်မှာပင်....

'ဝုန်း....'



မီးစွယ်များသည် စောစင်းဟို၏ အင်္ကျီကို စွဲလောင် သွား လေတော့၏။

စောစင်းဟိုက အားကုန် ဖျစ်ညှစ်ထုတ်ကာ ပြန်လည် တွန်း ထုတ်လိုက်မှ တစ်ကိုယ်လုံး မီးစွဲလောင်သွားမည့် အန္တရာယ်မှ ကင်းလွတ် သွားရလေသည်။

'သွားစမ်း....'

ကြယ်တံခွန်ဆရာက အော်ငေါက်ရင်း မီးပုံကို လက်ဝါး နှစ်ဘက်ဖြင့် ရိုက်ချလိုက်၏။

'ဝုန်း...'

ကျယ်လောင်သော အသံထွက်ပေါ်လာပြီး၊ မီးစွယ်တစ်ခု သည် မီးလုံးကြီးပမာ မီးပုံမှ ခွဲထွက်ကာ စောစင်းဟိုထံသို့ ခုန်ဟပ် သွားလေသည်။

'ဆရာ....'

စောစင်းဟို၏ တပည့်များ ဖြစ်ကြသည့် မျက်လှည့်ဆရာတို့ လူစု ထိတ်လန့်တုန်လှုပ် သွားကြလေ၏။

အားလုံးပင် ထိတ်ထိတ်ပျာပျာဖြစ်ကာ ခြေမကိုင်မိ၊ လက် မကိုင်မိ ဖြစ်ကုန်တော့သည်။

ချက်ချင်းပင် ရှေ့သို့ခုန်ဝင်သွားကြပြီး စောစင်းဟို၏ ရှေ့ မှ အကာအကွယ် ပြုလိုက်ကြသည်။

ထို့ကြောင့် မီးတောက်မီးလျှံများသည် စောစင်းဟို အား မထိတော့ဘဲ မျက်လှည့်ဆရာနှင့် လူဝကြီးတို့အား လောင် ကျွမ်း သွားလေတော့၏။

'အား....'

'အမယ်လေး ပူလိုက်တာ....'

မျက်လှည့်ဆရာနှင့် လူဝကြီးတို့သည် အဝတ်အစားများတွင် မီးလောင် ကျွမ်းသွားသဖြင့် စူးရှစွာ အော်ဟစ်လိုက်ကြသည်။

သူတို့နှစ်ယောက်စလုံး ကပျာကယာ မြေပေါ် လှိမ့်ချလိုက်ကြပြီး မီးငြိမ်း သတ်လိုက်ရလေသည်။

မီးလောင် ကျွမ်းမှုကြောင့် သူတို့၏ ခန္ဓာကိုယ်ပေါ်၌ မီးလောင်ဖုကြီးများ ဖြစ်ပေါ်လာလေသည်။

သမားတော်ကြီး ဂ ပျာပျာသလဲ ပြေးသွားပြီး ပေးမ လိုက်၏။

ထို့နောက် ဆေ တစ်ဘူးထုတ်ကာ ဒဏ်ရာများကို ဆေး လိမ်း ပေးလိုက်လေသည်။

မျက်လှည့်ဆရာနှင့် လူဝကြီးတို့က ယင်းသို့ ရှေ့မှရပ်ကာ အကာအကွယ် ပေးလိုက်ခြင်းကြောင့် စောစင်းဟို အဖို့ မီးဟပ် ခံရမည့်ဘေးမှ လွတ်ကင်းသက်သာ သွားခဲ့ရသည်။

သူ့အတွက်နှင့် တပည့်များ ဒဏ်ရာရသွားသည်ကို မြင်သည့် အခါ စောစင်းဟိုမှာ စိတ်မကောင်း ဖြစ်သွားရလေသည်။

ထိုအချိန်မှာပင်....

'ဟား....ဟား....ဟား....ဟား....'

ကြယ်တံခွန် ဆရာ၏ ရယ်မောသံက ကျယ်လောင်စွာ ထွက် ပေါ်လာလေ၏။

တဆက်တည်းပင်....



'စောစင်းဟို မင်းဘာမှ မတတ်နိုင်တော့ပါဘူး၊ ငါ့ရှေ့မှာ ဒူးထောက်ပြီး တောင်းပန်မယ် ဆိုရင်တော့၊ မင်းကို အသက်ချမ်းသာ ပေးလိုက်မယ်'

စောစင်းဟို အံတင်းတင်း ကြိတ်လိုက်သည်။

'ခင်ဗျားလို လူယုတ်မာရှေ့မှာ ဘယ်တော့မှ ဒူးမထောက် ဘူးဆိုတာ မှတ်ထားပါ'

'ဒါဆို မင်း အသေခံမယ်ပေါ့ ဟုတ်လား....'

'ခင်ဗျား ကျုပ်ကို သတ်ပစ်နိုင်မယ်လို့များ ထင်နေ သလား....'

စောစင်းဟိုက ကြောက်ရွံ့ခြင်း ကင်းစွာဖြင့် ပြောလိုက် ခြင်း ဖြစ်လေသည်။

စောစင်းဟို အညံ့မခံခြင်းကြောင့်.... ကြယ်တံခွန်ဆရာ ဒေါသထွက်သွားလေသည်။

'ကောင်းပြီ မင်းဘယ်လောက် ခေါင်းမာ နိုင်မလဲဆိုတာ ကြည့်ကြ သေးတာပေါ့....'

စကားဆုံးသည်နှင့် ကြယ်တံခွန်ဆရာသည် လက်ဝါး နှစ် ဘက်ကို ပို၍ အားစိုက် တွန်းတိုက်ရာ မီးစွယ်များသည် စော စင်းဟို ထံသို့ ရောက်ရှိသွားပြန်လေသည်။

ယခု တစ်ကြိမ်တွင် စောစင်းဟို၏ တပည့်များသည် ကြား ဝင် ကူညီရန် မတတ်နိုင်ဘဲ ဖြစ်သွားကြ၏။

ထို့ကြောင့် စောစင်းဟုံမှာ တစ်ကိုယ်လုံး မီးလောင်ကျွမ်းခြင်း ခံရမည့် ဘေးအန္တရာယ်နှင့် ရင်ဆိုင်နေရပေတော့သည်။

'ငါဝင်ပြီး မကူညီရင် မဖြစ်တော့ဘူး'

ဖုကျိုသည် အချိန်ဆွဲမနေနိုင်တော့ချေ၊ တွေဝေ တုန့်ဆိုင်းခြင်း မရှိတော့ဘဲ ရှေ့သို့ ခုန်ထွက်လာကာ စောစင်းဟုံအား လှမ်းဆွဲလိုက်လေသည်။

ခုန်ဟပ်နေသည့် မီးစွယ်များနှင့် ဝေးသွားစေရန် စောစင်းဟုံကို လှမ်းဆွဲလိုက်ခြင်း ဖြစ်သည်။

သို့သော် သူမျှော်လင့်သလို ဖြစ်မလာဘဲ မမျှော်လင့်သည့် ဖြစ်ရပ်တစ်ခု ပေါ်ပေါက် လာလေတော့သည်။

ဖုကျိုက အလောတကြီး လှမ်းဆွဲလိုက်သောအခါ သူ၏ ခန္ဓာကိုယ်ထဲမှ အတွင်းအားလှိုင်းတစ်ခု ထွက်ပေါ်လာပြီး လက်မောင်းတလျှောက် စီးဆင်းကာ လက်ချောင်း ကလေးများ ထိပ်ဖျားသို့ ရောက်သွား၏။

အနောက်ဘက်သို့ ဆွဲယူရန် စောစင်းဟုံ၏ ပခုံးကို ဆုပ်ကိုင် မိသည်နှင့် အတွင်းအား လှိုင်းများသည် လက်ချောင်း ကလေးများ၏ ထိပ်ဖျားမှတဆင့် စောစင်းဟုံ၏ ခန္ဓာကိုယ်တွင်းမှ အတွင်းအားများနှင့် ပေါင်းစည်းကာ ကြီးမားသော အတွင်းအားလှိုင်း တံပိုး ဖြစ်ပေါ်လာလေသည်။



ထိုအတွင်းအားလှိုင်းများသည် စောစင်းဟုံ၏ လက်ဝါးနှစ်ဘက်မှတစ်ဆင့် ခုန်ဟပ်လာသည့် မီးစွယ်များအား ပြန်လည်တွန်းထုတ်ပြီးသား ဖြစ်သွားလေသည်။

'ဟူး....'

မြည်သံတစ်ချက် ထွက်ပေါ်လာ၏။

မီးစွယ်များသည် စောစင်းဟုံဘက်သို့ ယိမ်းယိုင်နေရာမှ ရုတ်တရက် နောက်လန်ကာ ကြယ်တံခွန် ဆရာထံသို့ တဟုန်ထိုး လွင့်စဉ် သွားလေသည်။

'ဟာ....'

ကြယ်တံခွန်ဆရာ အထိတ်တလန့် အော်လိုက်၏။ ထိုသို့ ဖြစ်လာမည်ဟု လုံးဝထင်မှတ်ထားခြင်း မရှိသောကြောင့် တဒင်္ဂမျှ ကြောင်သွားသည်။

မီးစွယ်များသည် ရင်ဘတ်ထိအောင် ရှည်လျားသည့် သူ၏ မုတ်ဆိတ်မွေးများအား စွဲလောင်သွားလေတော့သည်။

'အမယ်လေးဗျ....'

ကြယ်တံခွန်ဆရာ အော်ဟစ်လိုက်သည်။

သူသည် စောစင်းဟုံအား တိုက်ခိုက်နိုင်ခြင်း မရှိတော့ဘဲ ကပျာကယာ ခုန်ထကာ နောက်ဆုတ်သွားလေသည်။

'ဟဲ့....ဟဲ့....'

ကြယ်တံခွန်ဆရာသည် တဟဲ့ဟဲ့အော်ရင်း မုတ်ဆိတ်မွေးများ စွဲလောင်နေသည့် မီးကို လက်နှစ်ဘက်ဖြင့် ငြိမ်းသတ်လိုက်ရလေသည်။

မည်သို့ဆိုစေ....နှစ်ပေါင်းများ တယုတယ ထားခဲ့ရသည့် သူ၏ မုတ်ဆိတ်မွေးရှည်များမှာ မီးစွဲလောင်မှုကြောင့် တိုးတိတိ ဖြစ်သွားရလေပြီ။

ကြယ်တံခွန်ဆရာသည် မယုံကြည်နိုင်စွာဖြင့် စောစင်းဟုံအား မျက်လုံးပြူး၍ ကြည့်လိုက်သည်။

ထို့နောက် ချာခနဲ လှည့်ကာ ထွက်ပြေးသွားလေတော့သည်။

....၀....

'ဟေး....'

မျက်လှည့်ဆရာနှင့် သမားတော်ကြီးတို့အုပ်စု ဝမ်းသာအားရ အော်ဟစ်လိုက်ကြလေသည်။



ကြယ်တံခွန်ဆရာကား ထွက်ပြေးသွားချေပြီ။

စောစင်းဟုံသည် မမျှော်လင့်ဘဲ ခံအနိုင်ရလိုက်သဖြင့် ဝမ်းသာသွားကြ၏။

ခြင်္သေ့မင်းသားတို့ လေးယောက်ကား မကျေမနပ် ဖြစ်သွားကြလေသည်။

'ဘောင်တောင်ကို အရှက်နည်းတဲ့လူပဲ၊ မနိုင်တာနဲ့ ထွက်ပြေးသွားတယ်၊ ကျွန်မတို့ကိုတောင် မခေါ်ဘူး'

အရှုးမအောင့်လျှံက မျက်နှာကြီး ရှုံ့မဲ့ကာ ပြောလိုက်သည်။

သူမ၏ စကားကို ဗျိုင်းဖြူက ထောက်ခံလိုက်သည်။

'ဟုတ်တယ်...ကျုပ်တို့ကို အရှက်ခွဲဘာနဲ့ အတူတူပဲ'

သူတို့နှစ်ယောက်၏ စကားကြောင့် ခြင်္သေ့မင်းသား နေမထိထိုင်မသာ ဖြစ်လာလေသည်။

ကြယ်တံခွန်ဆရာ၏ လုပ်ရပ်ကား လွန်စွာ အကျည်းတန် အရုပ်ဆိုးလှပေတော့သည်။

'ကဲ....သူထွက်သွားမှတော့ ငါတို့လဲ ဆက်နေစရာအကြောင်း မရှိတော့ဘူးပေါ့'

ခြင်္သေ့မင်းသားသည် စကားဆုံးသည်နှင့် ချိုင်းထောက်ကို အသုံးပြုကာ ချာခနဲ လှည့်ထွက်သွား၏။

ဗျိုင်းဖြူ... အရှုးမအောင်လျှံနှင့် မိကျောင်းတို့က သူ၏ နောက်မှပြေးလိုက်သွားကြ၏။

လူ့ဗာလလေးဖော်သည် မည်သူမျှ ဟန့်တားနိုင်ခြင်း မရှိမီ မြင်ကွင်းမှ ပျောက်ကွယ်သွားကြလေတော့သည်။

စောစင်းဟုိ သက်ပြင်းချလိုက်သည်။

ထို့နောက်....

တင်ပျဉ်ခွေထိုင်နေရာမှ ထပြီး သူ၏ အနီးသို့ ရောက်ရှိနေ
သည့် ဖုံချိုအား ကြည့်လိုက်လေသည်။

ဖုံကျိုမှာ စောစင်းဟုိအား နောက်သို့ ဆွဲယူလိုက်ရန် ကြိုး
စားလိုက်စဉ်မှာပင် ကြယ်တံခွန်ဆရာ အရေးနိမ့်ကာ ထွက်ပြေး
သွားသည်ကို တွေ့မြင်လိုက်ရသဖြင့် အံ့အားသင့်ကာ ငေးကြောင်
လျက်ရှိသည်။

'ငါ့ရဲ့အသက်ကို ကယ်တင်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါ
တယ်ကွာ'

စောစင်းဟုိက ဖိုကျိုကို လှမ်းပြောလိုက်သည်။

'ဗျာ....'

ဖုကျိုနားမလည်နိုင်အောင် ဖြစ်သွား၏။ မျက်မှောင်ကြုံ
ကြုတ်ကာ....

'ဦး ဘာကို ဆိုလိုတာလဲဗျာ'

စောစင်းဟုိက ထပ်မပြောတော့ဘဲ....

'အထဲမှာ မင်းဘာတွေ တွေ့ခဲ့သလဲ'

'အဆောက်အအုံထဲမှာ အဘိုးအိုတစ်ယောက်ကို တွေ့ခဲ့ပါ
တယ်ဗျာ'

'ကောင်းပြီ သွားကြစို့'

'ဘယ်ကို သွားမှာလဲ'

'ငါ့နောက်ကို လိုက်ခဲ့ပါ'



စကားဆုံးလျှင် စောစင်းဟိုသည် အပေါက်ကြီးမှတစ်ဆင့်
အဆောက်အအုံ ထဲသို့ လှမ်းဝင်လိုက်လေသည်။

ဖုကျိုသည် အဆောက်အအုံ နံရံတွင် အပေါက်ကြီး ဖြစ်
သွားအောင် ရိုက်ချခဲ့သည့် စောစင်းဟိုအား ထိတ်လန့်လျက်
ရှိနေဆဲဖြစ်သည်။

ထို့ကြောင့် ဘာမျှမပြောဘဲ နောက်မှ လိုက်သွားလေ
သည်။

သူတို့နှစ်ယောက် အဆောက်အအုံအတွင်းသို့ ရောက်ရှိ
သွားကြ၏။

မိုးမြေအတွင်းအားရှင် ထင်းတိချူးကား သေဆုံးနေချေ
ပြီ။

'ဆရာ....'

စောစင်းဟုိက ကြေကွဲဆို့နင့်စွာ ခေါ်လိုက်ပြီး ထင်းတိ
ချူးရှေ့တွင် ဒူးထောက်ကာ အရိုအသေ ပြုလိုက်လေသည်။

ထို့နောက် ဖုကျိုကိုစိုက်ကြည့်ရင်း....

'မင်းကိုဆရာက ဘာတွေမှာကြားသွားသလဲ'

'ဟောဒီလက်စွပ်ကလေးကို ပေးသွားပါတယ်'

ဖုကျိုက လက်သူကြွယ်၌ စွပ်ထားသည့် လက်စွပ်ကလေးကို
ပြလိုက်လေသည်။

စောစင်းဟုိ၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်
တောက်ပလာသည်။

ဟို့နောက် ချက်ချင်းပင် ဦးညွှတ်၍ ဂါရဝပြုလိုက်၏။

'ဂိုဏ်းချုပ်ကြီး'

'ဗျာ...'

ဖုကျိုမှာ မျက်လုံးကြီးပြူးသွား၏။

'မင်းဟာ နှောင်ကြိုးမဲ့ဂိုဏ်းချုပ် ဖြစ်သွားပါပြီ'

စောစင်းဟိုက လေးစားမှု အပြည့်ပါသော လေသံဖြ[illegible]
ပြောလိုက်သည်။

'ဦး... ဦး ဘာပြောတာလဲဟင်'

ဖုကျိုမှာ ဘာမျှ နားမလည်နိုင်အောင် ဖြစ်သွား
တော့၏။

စောစင်းဟိုက ရှင်းပြလေသည်။

'ဆရာ ထင်းတိချူးဟာ သိုင်းလောကက ဇာတ်မြှုပ်နေခဲ့[illegible]
မယ့် နှစ်ပေါင်းနှစ်ဆယ်အတွင်းမှာ အကျင့်စာရိတ္တကောင်းမွ[illegible]
တဲ့လူတွေကို စုစည်းပြီး နှောင်ကြိုးမဲ့ဂိုဏ်းကို လျှို့ဝှက်ထူထော[illegible]
ထားခဲ့တယ်၊ ရည်ရွယ်ချက်ကတော့ ကိုယ်ကျိုးစွန့်ပြီး အမျ[illegible]
အကျိုး ဆောင်ရွက်ပေးဖို့ပဲ၊ နှောင်ကြိုးမဲ့ဂိုဏ်းဟာ သိ[illegible]
လောကအကျိုး၊ အများအကျိုးအတွက်ဆိုရင် အသက်[illegible]
ဆောင်ရွက်မယ်လို့ ကတိသစ္စာပြုထားသူတွေ စုစည်းထူထေ[illegible]
ထားတဲ့ဂိုဏ်းပဲ'

ထိုစကားကို ကြားရသောအခါ ဖုကျို သဘောကျသ[illegible]
လေသည်။



'အစ်တော့်ကို လေးစားစရာကောင်းတဲ့ သိုင်းအဖွဲ့အစည်း
တစ်ခုပဲ ခင်ဗျာ'

'အေး...မင်းဟာ အဲဒီနှောင်ကြိုးမဲ့ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ဖြစ်သွား
ပြီ'

'ဟာ...မဟုတ်တာ၊ ကျွန်တော့်ကို ဒီလို မကျီစယ်ပါနဲ့
ခင်ဗျာ'

စောစင်းဟိုက တည်ကြည်သော မျက်နှာထားဖြင့်...

'ကျီစယ်နေတာ မဟုတ်ပါဘူး၊ ဆရာထင်းတိချူးရဲ့ အမှာ
စကားကို ပြောပြနေတာပါ'

ဖုကျိုက ခေါင်းခါယမ်းလိုက်သည်။

'သူက ကျွန်တော့်ကို ဘာမှ မပြောခဲ့ပါဘူး ခင်ဗျာ'

'ဒါဆို အချိန်မရလို့ နေမှာပါ၊ မင်းကို လက်စွပ်ပေးခဲ့တာ
ဟာ နှောင်ကြိုးမဲ့ဂိုဏ်းချုပ်အဖြစ် အသိအမှတ် ပြုလိုက်တဲ့
သဘောပါပဲ'

ဖုကျိုသည် လက်စွပ်ကလေး၏ အဓိပ္ပာယ်ကို ယခုမှ သိလိုက်
ရသဖြင့် ခေါင်းငုံ့ကြည့်လိုက်မိလေသည်။

စောစင်းဟိုက ဆက်ပြောလိုက်သည်။

'မင်းကို မိုးမြေအတွင်းအား ကျမ်းပေးခဲ့သေးတယ် မဟုတ်
လား'

ဖုကျိုက လက်စွပ်ကလေးကို ငေးကြည့်နေမိသဖြင့် မကြား
လိုက်မိချေ။

စောဝင်းဟုိက ထပ်မေးလိုက်၏။

'မိုးမြေအတွင်းအားကျမ်းကို မင်းရခဲ့တယ် မဟုတ်လား'

ထိုအခါမှ ဖုကျိုသတိဝင်လာပြီး....

'ကျွန်တော့်ကို စက္ကူလိပ်ကလေးတစ်ခု ပေးခဲ့ပါတယ် ခင်ဗျာ'

ပြောပြောဆိုဆို ထင်းတိချူးပေးခဲ့သည့် စက္ကူလိပ်ကလေးကို ထုတ်ပေးလိုက်လေသည်။

စောစင်းဟုိက ယူ၍ဖြန့်ကြည့်လိုက်၏။

ထိုအခါ စက္ကူလိပ်ပေါ်တွင် အမျိုးသမီးတစ်ယောက်၏ပုံ ရေးဆွဲထားသည်ကို တွေ့မြင်ရလေသည်။

ယင်းစက္ကူလိပ်မှာ ပန်းချီကားတစ်ချပ် ဖြစ်သည်။

ပန်းချီကားထဲမှ အမျိုးသမီးသည် အလွန်ချောမောလှပပြီး နန်းဝတ်နန်းစားများ ဝတ်ဆင်ထားလေသည်။

ဖုကျိုသည် အမျိုးသမီးရုပ်ပုံကို ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်ရင်း....

'ဒါဟာ သိုင်းကျမ်းတဲ့လားဗျာ'

စောစင်းဟို ခေါင်းကုတ်လိုက်မိသည်။

သူကိုယ်တိုင်လည်း ပန်းချီကားနှင့်ပတ်သက်ပြီး နားမလည်နိုင်အောင်ဖြစ်မိသည်။

အတန်ကြာ ငေးမော ကြည့်နေပြီးမှ....



'ဆရာဟာ ငါ့အပေါ်မှာ ကြယ်တံခွန်အထင်လွဲခဲ့တာကို သင်ခန်းစာယူပြီး သူ့ရဲ့ လျှို့ဝှက်ပညာရပ်တွေကို လက်ဆင့်ကမ်းပေးဖို့ နည်းလမ်းရှာခဲ့တယ်၊ နောက်ဆုံးမှာ နှစ်ပေါင်းသုံးဆယ်လုံးလုံး သူတီထွင်ထားတဲ့ စစ်တုရင်ကစားကွက်ကို အနိုင်ယှဉ်ပြိုင်နိုင်သူကိုသာ ပေးအပ်မယ်လို့ ဆုံးဖြတ်ခဲ့တယ်၊ ငါက ပထမဆုံး ယှဉ်ပြိုင်ဖို့အခွင့်အရေး ရခဲ့ပေမယ့် ဆရာမျှော်လင့်သလို အနိုင်မရဘဲ ရှုံးသွားတယ်'

သူက ဖုကျိုအား တစ်ချက်ကြည့်လိုက်ပြီးမှ စကားကိုဆက်သည်။

'ဆရာရဲ့ စစ်တုရင်ဗျူဟာကို ချေဖျက်နိုင်တာ မင်းတစ်ယောက်ပဲရှိသေးတယ်၊ ဒါကြောင့် မင်းဟာ ဆရာရဲ့ ပညာအမွေကို ဆက်ခံရမယ့်လူဖြစ်သွားပြီ၊ ဆရာက အကြောင်းမရှိဘဲ ဒီပန်းချီကားကို ပေးမှာမဟုတ်ဘူး၊ ဒါကြောင့် သေသေချာချာလေ့လာဖို့ လိုလိမ့်မယ်'

စကားဆုံးသည်နှင့် ပန်းချီကားလိပ်အား ဖုကျိုကို ပြန်ပေးလိုက်လေသည်။

ဖုကျိုက ငြင်းပယ်လိုက်၏။

'ကျွန်တော် မယူပါရစေနဲ့ ခင်ဗျာ'

စောစင်းဟိုက လက်မခံပါ။

'ဆရာက မင်းကိုပေးခဲ့တာ၊ ဒါကြောင့် မင်းယူမှဖြစ်မယ်'

ဖုကျို မတတ်သာတော့ဘဲ ယူထားလိုက်ရလေသည်။

'ကဲ...တို့ အပြင်ထွက်ကြရအောင်'

စောစင်းဟိုက ပြောလိုက်၏။

'ကောင်းပါပြီခင်ဗျာ'

သူတို့နှစ်ယောက် အပြင်ဘက်သို့ ပြန်လည်ထွက်လာခဲ့ကြလေသည်။

ထိုအချိန်မှာပင် ဝင်းလက်သော အလင်းရောင်တစ်ချက်လျှပ်ပြက်သလို ပြိုးပြက်ထွက်ပေါ်လာ၏။

တစ်ဆက်တည်းမှာပင်....

'အား....'

စောစင်းဟိုမှာ စူးရှစွာအော်ဟစ်ကာ လဲကျသွားလေ၏။

ဖုကျိ ထိတ်ထိတ်ပျာပျာဖြစ်သွား၏။

'ဦး...ဦး ဘာဖြစ်သွားတာလဲ'

ပျာပျာသလဲမေးရင်း စောစင်းဟိုကို ပြေး၍ပွေ့ထူလိုက်သည်။

ထိုအခါမှ စောစင်းဟို၏ ရင်ဝ၌ ဓားတစ်လက်စိုက်ဝင်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

'ဟင်....'

စောစင်းဟိုသည် ဖုကျိ၏ ရင်ခွင်ထဲမှနေပြီး....

'ကြယ်....ကြယ်တံခွန်....'

ဟူ၍ မသဲမကွဲရေရွတ်ပြီး ခေါင်းငိုက်စိုက်ကျကာ သေဆုံးသွားလေသည်။

ဖုကျိ ဒေါသဖြစ်သွားသည်။

'တောက်....ယုတ်မာလိုက်တာ'



ထိုအချိန်တွင် လူရိပ်တစ်ခု တောင်ကုန်းအောက်သို့ လျင်မြန်စွာ ပြေးဆင်းသွားသည်ကို တွေ့မြင်လိုက်ရလေသည်။

ဖုကျိသည် ထိုလူ၏ အဝတ်အစားများကို တွေ့မြင်လိုက်သည်နှင့်....

'လက်စသပ်တော့ ကြယ်တံခွန်ဆရာက မကျေနပ်လို့ တိတ်တဆိတ်ပြန်လာပြီး လုပ်ကြံလိုက်တာကိုး၊ သိကြသေးတာပေါ့ကွာ'

ခံပြင်းဒေါသထွက်နေခြင်းကြောင့် ဖုကျိသည် မှန်သည်မှားသည် မစဉ်းစားနိုင်တော့ဘဲ....

'ရပ်လိုက်'

ဟု အော်ဟစ်ကာ ကြယ်တံခွန်နောက်သို့ ပြေးလိုက်သွားလေတော့သည်။

....၀....

ကြယ်တံခွန်ဆရာသည် လျင်မြန်စွာ ပြေးလွှားနေ၏။

'ရပ်လိုက်....'

ဖုကျိုက အော်ဟောက်ရင်း တစ်ဟုန်ထိုး ပြေးလိုက်သွားသည်။

တစ်ယောက်ကပြေး တစ်ယောက်ကလိုက်ဖြင့် နှစ်ယောက်သား မိုးထိတောင်နှင့် ဝေး၍ဝေး၍သွားလေသည်။

ကြယ်တံခွန်ဆရာသည် မိုးထိတောင်တွင် စောစင်းဟိုအား မမျှော်သင့်ဘဲ အရေးနိမ့်သွားခြင်းကြောင့် ခံပြင်းဒေါသထွက်နေပိလေသည်။

ထို့ကြောင့် မိုးထိတောင်သို့ တိတ်တဆိတ် ပြန်တက်လာကာ စောစင်းဟိုအား လုပ်ကြံခဲ့ခြင်း ဖြစ်လေသည်။

သူသည် စောစင်းဟိုအား လုပ်ကြံပြီးသည်နှင့် တောင်ပေါ်မှ ပြန်လည်ပြေးဆင်းခဲ့၏။

ဤတွင် သူ၏နောက်သို့ လူတစ်ယောက် လိုက်လာနေသည်ကို သတိပြုမိလေသည်။

ထို့ကြောင့် ကိုယ်ဖော့ပညာအသုံးပြုကာ လျင်မြန်စွာပြေးလွှား၏။

အတန်ကြာ ပြေးလွှားသွားပြီးသောအခါ လိုက်လာသူ ကျန်ရစ်ခဲ့ပြီဟု ထင်မိလေသည်။

စိတ်ကိုလျှော့ချပြီး နောက်လှည့်ကြည့်လိုက်သည်။

'ဟာ....'



ကြယ်တံခွန်ဆရာမှာ အံ့သြတကြီးဖြစ်ပြီး လွှတ်ခနဲ အော်လိုက်မိလေသည်။

နောက်မှလိုက်လာသူသည် ကျန်ရစ်ခဲ့ခြင်း မရှိသည့်အပြင် ပို၍ နီးကပ်လာသည်ကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်လေသည်။

သူ့နောက် ပြေးလိုက်လာသူကား ဖုကျို ဖြစ်ပေသည်။

'လူယုတ်မာကြီး မပြေးနဲ့'

ဖုကျိုက အော်ဟောက်ရင်း ကြယ်တံခွန်ဆရာထံပြေးဝင်သွားပြီး လက်သီးနှင့် ထိုးလိုက်သည်။

'ဟော့....ဟော့'

ကြယ်တံခွန်ဆရာ ထိတ်လန့်သွားပြီး ကပျာကယာ လက်ဝေ့ယမ်း ကာကွယ်လိုက်သည်။

'ဝုန်း....'

အသံတစ်ချက် ထွက်ပေါ်လာသည်။

ကြယ်တံခွန်ဆရာမှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရလေသည်။'

သူ့အား တိုက်ခိုက်လာသူကို မျက်လုံးပြူး၍ ကြည့်လိုက်ရာ ကပ္ပိယကလေး ဖုကျိုဖြစ်နေသည်ကို တွေ့မြင်လိုက်ရသည်။

'ဟင်....မင်း....မင်း'

ကြယ်တံခွန်ဆရာ အံ့အားတသင့်ကြီးဖြစ်ကာ မျက်လုံးပြူးသွား၏။

'ဟုတ်တယ်၊ ခင်ဗျားကို ဆုံးမရလိမ့်မယ်'

ဖုကျိုက ရင်ကော့ရင်း ပြန်ပြောလိုက်သည်။

'ဟား...ဟား...ဟား'

ကြယ်တံခွန် အဘိုးအိုက ဟက်ဟက်ပက်ပက်ပင် ရယ်မောလိုက်လေသည်။

သူ့ အနေဖြင့် မျက်လုံး တစ်ခုကို ကြားလိုက်ရသလို ရှိနေသည်။

'မင်းကများ ကြီးကြီးကျယ်ကျယ် ဒေါ့ကို သုံးမဦးမတဲ့လား'

ဖုကျိသည် အရှုံးမ အောလျှံ၏ ဖမ်းဆီး ခေါ်ဆောင်လာခြင်း ခံရသူဖြစ်ကြောင်း ကြယ်တံခွန်ဆရာ ကောင်းစွာ သိထားခဲ့သည်။

အရှုံးမ အောလျှံကိုပင် မယှဉ်နိုင်သူက မိမိအား ပေါက်ဝမ်းနေခြင်းကြောင့် ကြယ်တံခွန်ဆရာအဖို့ ရယ်စရာ ဖြစ်နေရတော့သည်။

'သေဖို့သာ ပြင်ထား'

ကြယ်တံခွန်ဆရာက ကြုံးဝါးရင်း ဖုကျိအား လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

ယခုမှ ဖုကျိ ထိတ်လန့်သွား၏။

ဒေါသအလျောက်လိုက်လာခဲ့သော်လည်း ကြယ်တံခွန်ဆရာကဲ့သို့ ထိပ်သီးဘိုင်းသမား တစ်ယောက်နှင့် ရင်ဆိုင်ရန်ကိုမူ အိပ်မက်ပင် မမက်ဖူးချေ။

ယခုမှ ထွက်ပြေးရန်လည်း မဖြစ်နိုင်တော့ပါ။

ထို့ကြောင့် မျက်လုံးမှိတ်ကာ ကြယ်တံခွန်ဆရာ၏ လက်ကို ရမ်းသမ်း ပုတ်ထုတ်ပစ်လိုက်သည်။



ဂျိတ်....

ဝုန်း....

အသံကစ်ချက် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

တစ်ဆက်တည်းပင် ညည်းညူသံ တစ်ချက် မသဲမကွဲ ထွက်ပေါ်လာသည်ကို ကြားရ၏။

ဖုကျိက အရဲစွန့်ကာ မျက်လုံးဖွင့်ကြည့်လိုက်သည်။

ထိုအခါ ကြယ်တံခွန်အဘိုးအိုမှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရသည်ကို တွေ့မြင်လိုက်ရ၏။

ထိုအခြင်းအရာကြောင့် ဖုကျိ အံ့ဩသွားသည်။

'သူ ဘယ်လို ဖြစ်သွားတာပါလိမ့်'

ကြယ်တံခွန်ဆရာလည်း တအံ့တဩ ဖြစ်နေ၏။

ကာပွိယလေး ဖုကျိသည် မယုံကြည်နိုင်လောက်အောင်ပင် အတွင်းအား ကောင်းသူတစ်ယောက် ဖြစ်နေချေသည်တကား။

အဘယ့်ကြောင့် နေ့ချင်းညချင်း ယခုလို ပြောင်းလဲသွားရပါသနည်း။

မယုံကြည်နိုင်ဖွယ် ကောင်းလောက်အောင် အံ့ဩစရာ ဖြစ်နေပေသည်။

'မင်း....မင်း....'

ကြယ်တံခွန်ဆရာသည် တိုက်ခိုက်ရန် ကြိုးစားခြင်း မပြုတော့ပါ။

ချာခနဲ လှည့်ကာ ထွက်ပြေးသွားသည်။

ဖုကျိကား ဘာမျှနားမလည်နိုင်အောင်ဖြစ်ကာ တအံ့တဩဖြင့် ငေးကြည့်နေမိလေတော့၏။

'သူထွက်ပြေးသွားတာ ငါကံကောင်းတာပဲ'

ဖုကျိသည် ကြယ်တံခွန်ဆရာနောက်သို့လိုက်ရန် မစဉ်းစားဝံ့တော့ပါ။

မိုးထိတောင်သို့လည်း မပြန်ဘဲ ခြေဦးတည့်ရာ ထွက်လာခဲ့လေတော့သည်။

....o....

## ရွှေမင်းသမီး

နေမွန်းတည့်ချိန်သို့ ရောက်ရှိနေပြီ ဖြစ်သည်။

ထိုအချိန်၌ လမ်းပေါ်တွင် အမြဲတန်းလိုလို လူရှင်းနေတတ်သည်။

သို့သော် ယနေ့တွင်ကား လမ်းဆုံ လမ်းခွ တစ်နေရာ၌ လူအများ အုတ်အုတ်ကျက်ကျက် စည်ကားနေသည်ကို တွေ့ရသည်။

လမ်းဘေးရှိ သစ်ပင်ကြီးပေါ်၌ ကပ်ထားသည့် ကြော်ငြာစာရွက်တစ်ရွက်အား လူအများ ဝိုင်းအုံ ကြည့်ရှုနေကြခြင်း ဖြစ်လေသည်။

ဖုကျိုသည် ခြေဦးတည်ရာ ထွက်လာရင်း လမ်းဆုံလမ်းခွသို့ ရောက်လာ၏။

လူစည်ကားနေသည်ကို တွေ့မြင်သည့်အခါ စိတ်ဝင်စားသွားသည်။

'ဘာပါလိမ့်'

တွေးရင်း လူအများကြားမှ တိုးဝှေ့ကာ ကြည့်လိုက်လေသည်။

ကြော်ငြာစာကို တွေ့ရ၏။

ကြော်ငြာစာမှာ စိတ်ဝင်စားစရာ ကောင်းလှပေသည်။

ချောမောလှပသော မိန်းကလေးတစ်ဦး၏ ရုပ်ပုံကို ရေးဆွဲထားပြီး အောက်ဘက်၌....

'စီဟာမြို့တော်မှ ရွှေမင်းသမီး၏ ကြင်ယာတော် ရွေးချယ်ပွဲအတွက် ဖိတ်ခေါ်အပ်ပါသည်။ မည်သူမဆို ပါဝင် ယှဉ်ပြိုင်နိုင်ပါသည်'

ဖုကျိုသည် ထိုကြော်ငြာကို ဖတ်ပြီးနောက် ရင်ထဲ၌ လှုပ်လှုပ်ရှားရှား ဖြစ်လာလေသည်။

'ကြင်ယာတော် ရွေးချယ်ပွဲဆိုပါလား၊ စီဟာမြို့တော်ဆိုတာ ဘယ်နားမှာပါလိမ့်'

ကြော်ငြာထဲမှ ရွှေမင်းသမီးလေး၏ ရုပ်ပုံအား သူ၏ မျက်လုံးထဲမှ ဖျောက်ဖျက်၍ မရတော့ပါ။



ဘယ်ကိုကြည့်ကြည့် ရွှေမင်းသမီး လေး၏ ရုပ်ပုံလှလှကလေးသို့ အမြင်အာရုံကို လွှမ်းမိုးနေလေတော့သည်။

ဖုကျိုသည် သစ်ပင်အောက်မှ ကျောခိုင်း ထွက်ခွာခဲ့သည်။

ကျေးဇူးရှင်ရသေ့ကြီးရှိရာ ကျောင်းသင်ခန်းသို့ ပြန်သွားရန်ကိုလည်းကောင်း၊ နွားခင်ကြီးမဲ့ ဂိုဏ်းချုပ်ဘဝသို့ မမျှော်လင့်ဘဲ ရောက်ခဲ့ရသည်ကို လည်းကောင်း သတိမရတော့ပါ။

သူသည် ရွှေမင်းသမီးလေးအကြောင်းကိုသာ တဝဲလည်လည် တွေးတောစဉ်းစားရင်း ခြေဦးတည့်ရာ လျှောက်လှမ်းလျက်ရှိနေမိတော့သည်။

....ဝ....

ညနေဆည်းဆာချိန်ဖြစ်သည်။

ဝင်လုဆဲနေမင်းကြီးသည် ရှိသမျှအင်အားကို ဖျစ်ညှစ်လျက် နီရွှေးသောရောင်ခြည်ကို ထုတ်လွှင့်နေသည်။

ကောင်းကင်တစ်ခုလုံး ပုစွန်ဆီရောင် သန်းနေ၏။

အိပ်တန်းပျံ့ ခွက်များသည် အသံတစာစာပေးရင်း ပျံသန်းသွားကြသည်။

မကြာမီ တစ်နေ့တာအချိန် ကုန်ဆုံးသွားပြီး တစ်ညတာ အချိန် အစပျိုးလာပေတော့မည်။

ဖုကျိသည် ခြေဦးတည့်ရာ ထွက်လာရင်း ကျောက်တုံး ကျောက်ခဲပေါများသည့် တောင်ကုန်းကလေးတစ်ခုသို့ ရောက်ရှိလာလေသည်။

ထိုအခါမှ ဖုကျိ သတိဝင်လာသည်။

ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သောအခါ လူနေအိမ်ခြေ လုံးဝမတွေ့ရတော့ချေ။

သူတစ်ယောက်တည်းသာ ထီးထီးကြီးရှိနေတော့၏။

'ဒုက္ခပဲ၊ ဒီညတော့ ဖြစ်သလိုအိပ်ရတော့မယ် ထင်ပါရဲ့'

နေလုံးကြီးသည် အနောက်ဘက်မိုးကုပ်စက်ဝိုင်းသို့ ငုပ်လျှိုးဝင်ရောက်သွားပြီဖြစ်၏။

အနောက်ဘက် မိုးကောင်းကင်တစ်ခွင်လုံး ဆည်းဆာရောင်ခြည်ဖြင့် နီရဲလျက်ရှိသည်။

ဝန်းကျင်တစ်ခုလုံးကား အမှောင်ထု၏ဝါးမြိုမှုကို ခံနေရပြီဖြစ်သည်။

ဖုကျိသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ကျောက်တုံးကျောက်ခဲများကြား၌ တစ်ညတာအနားယူရန် ဆုံးဖြတ်လိုက်သည်။

ကျောက်တုံးကြီးနှစ်ခုကြားသို့ တိုးဝင်လဲလျောင်းလိုက်၏။



ဗိုက်တဲ၌ ဆာလောင်နေသည်ကတစ်ကြောင်း၊ ခရီးပန်းလာသည်ကတစ်ကြောင်း ကျောခင်းလိုက်ပြီး တစ်ခဏအကြာမှာပင် မှေးခနဲ အိပ်ပျော်သွားလေတော့သည်။

....၀....

မည်မျှကြာအောင် အိပ်ပျော်နေမှန်းမသိ။

စကားသံများ နားထဲသို့တိုးဝင်လာမှ ဖုကျိ ဖျတ်ခနဲ လန့်နိုးလာလေသည်။

လူသူဝေးလံ ခေါင်းပါးလှသည့်နေရာတွင် စကားပြောဆိုနေကြသူများမှာ မည်သူများ ဖြစ်ကြပါသနည်း။

ဖုကျိသည် ကျောက်တုံးကြားမှနေ၍ စကားသံထွက်ပေါ်လာရာဆီသို့ ချောင်းကြည့်လိုက်မိ၏။

ထိုအခါ မလှမ်းမကမ်းတွင် မီးပုံကြီးတစ်ခု ဖိုထားပြီး လူတစ်စု ဝိုင်းဖွဲ့ထိုင်နေကြသည်ကို တွေ့ရလေသည်။

ထိုလူများသည် မိမိအိပ်ပျော်နေချိန်တွင် ရောက်ရှိလာခြင်း ဖြစ်သည်ဟု ဖုကျိ နားလည်မိလေသည်။

'ဘယ်သူတွေပါလိမ့်'

တွေးရင်း မသိမသာ အကဲခတ် ကြည့်နေလိုက်မိလေသည်။

ထိုအချိန်မှာပင် စကားများ ထွက်ပေါ်လာပြန်သည်ကို ကြားရ၏။

'ဝမ်းရှောင်၊ ခင်ဗျားဘက်က အခြေအနေ ဘယ်လိုလဲဗျ'

'ကျုပ်ကတော့ အဆင်သင့်ပဲ'

'ဒါဖြင့် ကျုပ်တို့တတွေ တသွေးတသားတည်း ဖြစ်သွားကြပြီပေါ့ဗျာ'

'ဟုတ်တယ်၊ ရှေ့ဆက်ပြီး ခေါင်းငုံ့မနေနိုင်တော့ဘူး'

'နေဦး သူငယ်ချင်း၊ သိပ်လောလို့ မဖြစ်သေးဘူး၊ နောင်ကြီး လောက်တာ့ကို စောင့်ဦးမှဖြစ်မယ်'

'ဟုတ်တယ်၊ အစ်ကိုကြီးလောက်တာ့ ရောက်လာရင် အခြေအနေ အကုန်သိရမှာပဲကွ'

စကားသံများ တိတ်ဆိတ်သွားပြန်လေသည်။

ဖုကျိ ပင့်သက်ရှိုက်လိုက်မိသည်။

'အင်း....သူတို့ဟာ လျှို့ဝှက်ကိစ္စတစ်ခုကို တိုင်ပင်နေကြတာပဲ ဖြစ်မယ်၊ ငါဒီမှာပုန်းနေတာကိုသာ သိသွားကြရင် ချမ်းသာပေးမှာ မဟုတ်ဘူး၊ ဒုက္ခပါပဲ'

ဖုကျိမှာ တွေးရင်း စိုးရိမ်ပူပန်လာမိလေသည်။



ယခုအချိန်မှ ကျောက်တုံးကြားမှ ထွက်၍မဖြစ်နိုင်တော့သဖြင့် ဖုကျိသည် အသက်ပြင်းပြင်းပင် မရှူဝံ့ဘဲ ငြိမ်နေရှာတော့သည်။

မီးပုံအနီး၌ ဝိုင်းဖွဲ့ထိုင်နေကြသူများမှာ ကိုယ်ကျပ်အင်္ကျီများ ဝတ်ဆင်ထားကြခြင်းကြောင့် သိုင်းသမားများ ဖြစ်ကြောင်း သိနိုင်၏။

အချို့က အနီရောင်အဝတ်အစားများ ဝတ်ဆင်ထားကြပြီး အချို့က အပြာရောင် အဝတ်အစားများ ဝတ်ဆင်ထားကြသည်။

အချို့က ဓားများကိုင်ဆောင်ထားကြပြီး အချို့မှာ လှံတံများ ကိုင်ဆောင်ထားသည်ကို တွေ့ရလေသည်။

ဝတ်စားဆင်ယင်ပုံချင်း၊ ကိုင်ဆောင်ထားသော လက်နက်ချင်း မတူညီကြသော်လည်း လျှို့ဝှက်သော ကိစ္စတစ်ခု ပြုလုပ်ရန် ရည်ရွယ်ချက်ရှိပုံတွင်မူ တူညီနေကြဟန် ရှိလေသည်။

ဝမ်းရှောင်ဆိုသူသည် အနီရောင် အဝတ်အစားများ ဝတ်ဆင်ထားပြီး အသက်လေးဆယ်ခန့်ရှိသူ ဖြစ်သည်။

မျက်နှာ လေးထောင့်စပ်စပ်၊ မုတ်ဆိတ် ကျင်စွယ်များရှိပြီး ကြမ်းတမ်း ခက်ထန်သည့်အသွင် ဆောင်နေ၏။

'ဟေ့....ဘယ်သူလဲ၊ ထွက်လာစမ်း'

ဝမ်းရှောင်က ရုတ်တရက် ကျယ်လောင်စွာ အော်ငေါက်လိုက်လေသည်။

ထိုဖုံကျိ မျက်လုံး ပြူးသွားသည်။

ဖြစ်သည့်ကိုယ့်ကိုယ်ကို မလုံမလဲဖြစ်ကာ....

'ဒုက္ခပဲ....ငါပုန်းနေတာကို သိသွားပြီ ထင်ပါရဲ့'

ဖုံကျိမှာ ဆက်၍ မပုန်းဝံ့တော့ပါ။

ကျောက်တုံးကြီး နှစ်လုံးကြားမှ ထွက်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင်....

'ဟား....ဟား....ဟား....ဟား....'

ကျယ်လောင်သော ရယ်မောသံတစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'စိတ်ချ....ကျုပ် လာခဲ့မယ်'

စကားသံနှင့်အတူ လူတစ်ယောက် မြေကွက်လပ်ဆီသို့ ရိပ်ခနဲ ရောက်ရှိလာသည်ကို တွေ့မြင် လိုက်ရလေသည်။

ထို့ကြောင့် ဖုံကျိလည်း ပုန်းကွယ်ရာမှ မထွက်ဖြစ်တော့ဘဲ ဆက်၍ ပုန်းအောင်း နေလိုက်မိလေသည်။

မြေကွက်လပ်သို့ ရောက်ရှိလာသူမှာ အစိမ်းရောင် ဝတ်ဆင်ထားသူ တစ်ယောက် ဖြစ်သည်။

ထိုလူသည် ခါး၌ ဓားတစ်လက် ချိတ်ဆွဲထားပြီး လက်ထဲ၌ ယပ်တောင်တစ်လက် ကိုင်ဆောင်ထားသည်ကို တွေ့ရသည်။

ထိုသူ့ကို တွေ့မြင်လိုက်သည်နှင့်...

'ဟင်...ကျောက်ဘီလူး'



ဝမ်းရှောင်တို့ လွှတ်ခနဲ အော်လိုက်ကြလေသည်။

'ဟဲ....ဟဲ...ဟဲ...ဟုတ်ပါတယ်ဗျာ၊ မင်းတို့က ကျုပ်ကိုသိကြသေးတယ်ဆိုတော့ မင်းတို့ရဲ့အဖြစ်ကို ဒဏ်ခတ်ရမှာပေါ့'

ကျောက်ဘီလူးအမည်ရှိ ယပ်တောင် ကိုင်ထားသူက ရယ်ကျဲကျဲနှင့် ပြောလိုက်သည်။

ဖုံကျိသည် မြေကွက်လပ်မှ မြင်ကွင်းကိုကြည့်ရင်း ပို၍ စိတ်ဝင်စားသွားလေတော့သည်။

ဝမ်းရှောင်တို့လူစု လှုပ်လှုပ်ရှားရှား ဖြစ်နေကြ၏။

ချက်ချင်းပင် ကျောက်ဘီလူး ဆိုသူအား ဝိုင်း၍ ထားလိုက်ကြသည်။

ကျောက်ဘီလူးက...

'မင်းတို့တစ်တွေ....နတ်တောင်သခင်မကို အံတုဖို့ ကြိုးစားနေကြတယ် မဟုတ်လား'

'ဟုတ်တယ်...ကျုပ်တို့တစ်တွေ နတ်တောင်သခင်မရဲ့ လက်အောက်မှာ မနေနိုင်တော့ဘူး'

ဝမ်းရှောင်က ပြန်လည် အော်ပြောလေသည်။

ကျောက်ဘီလူးက မဲ့ပြုံးတစ်ချက် ပြုံးရင်း....

'ပြောစမ်းပါဦး၊ မင်းတို့ ဘာကြောင့် ခွဲထွက် ချင်ကြရတာလဲ'

'ခင်ဗျား မသိဟန် ဆောင်မနေစမ်းပါနဲ့ဗျာ၊ ကျုပ်တို့ ရှာဖွေလို့ ရသမျှ နတ်တောင်သခင်မကို အကုန် ဆက်သရတယ်၊

ဒါတောင် သူက စိတ်မထင်ရင် ကျုပ်တို့ကို အပြစ်ပေးသေးတယ်၊ သူ့လက်အောက်မှာ ဆက်နေလို့ ဘာ အကြောင်းထူးတော့မှာလဲ'

ဝမ်းရှောင်က မကျေမနပ် ပြောလိုက်ခြင်း ဖြစ်လေသည်။ ကျောက်ဘီလူး နှာခေါင်းရှုံ့လိုက်သည်။

'ခြော်....သခင်မက မင်းတို့ကို ကာကွယ် စောင့်ရှောက်ပေးရတာကြတော့ ထည့်မတွက်တော့ဘူးလား၊ မင်းတို့မှာ အခက်အခဲ ဖြစ်လာရင် သခင်မရှေ့ကဝင်ပြီး ရပ်တည် ပေးခဲ့ရတာချည်းပဲ မဟုတ်လား'

'မလိုချင်ဘူး....သူက စိတ်မထင်ရင် မထင်သလို သေဒဏ်ပေးနေတာ၊ ကျုပ်တို့က ရန်သူထက်တောင် သူ့ကို ပိုပြီး ကြောက်နေရသေးတယ်၊ ကျုပ်တို့ သူ့လက်အောက်မှာ ဘယ်နည်းနဲ့မှ မနေနိုင်တော့ဘူးဗျ'

ထိုစကား ကြားသည့်အခါ ကျောက်ဘီလူး၏ မျက်နှာသည် ခက်ထန် တင်းမာသွားလေတော့သည်။

'ဝမ်းရှောင်....မင်း သေချင်ပြီထင်တယ်'

ကျောက်ဘီလူးက ဒေါက်ငမ်းလိုက်သည်။

သို့သော် ဝမ်းရှောင်မှာ ဖြစ်လိုရာဖြစ်ဟု သဘောထားလိုက်ပုံရ၏။

လုံးဝ အရေးမစိုက်တော့ပေ။



'ကျောက်ဘီလူး...ခင်ဗျား သိသွားမှတော့ နတ်ဒေဝါ သခင်မနားထဲ ရောက်သွားတော့မယ်ဆိုတာ ကျုပ်တို့ သိတယ် ခုမှတော့ မထူးဘူး'

'မင်း ဘာလုပ်ချင်သလဲ'

'ခင်ဗျားကို ရှင်းပစ်ရမှာပေါ့'

ဝမ်းရှောင်က လက် ဝေ့ယမ်း ပြလိုက်လေသည်။

ထိုအခါ လူနှစ်ယောက် ခုန်ထွက်လာကြသည်ကို တွေ့မြင်လိုက်ရသည်။

ထိုလူ နှစ်ယောက်မှာ ဝမ်းရှောင်၏ လက်ရုံးနှစ်ယောက် ဖြစ်လေသည်။

'ဟော့....ကျားဖြူနဲ့ ကျားနက်၊ သူ့ကို မလွတ်စေနဲ့'

ကျားဖြူနှင့် ကျားနက်တို့က ဝမ်းရှောင်အား ဦးညွှတ် ဂါရဝပြုလိုက်ကြသည်။

ထို့နောက် ဓားကိုယ်စီ ဆွဲထုတ်လိုက်ကြလေသည်။

'ဟား....ဟား....ဟား....ဟား....'

ကျောက်ဘီလူးက ဟားတိုက် ရယ်မောလိုက်သည်။ လက်ထဲမှ ယပ်တောင်ကလေးကို ဟန်ပါပါ တဖျပ်ဖျပ် ခတ်ရင်း....

'ကောင်းပြီ....နတ်တောင် သခင်မကိုယ်စား ကျုပ်ကပဲ မင်းတို့ကို ဆုံးမရတော့မှာပေါ့၊ ကဲ....လာကြပေတော့'

ကျားဖြူနှင့် ကျားနက်တို့သည် တစ်ယောက်ကိုတစ်ယောက် အချက်ပေးလိုက်ကြပြီး....

'ယား....'

ဩသံပေးကာ ကျောက်ဘီလူးထံ တစ်ပြိုင်တည်း ခုန်ဝင် တိုက်ခိုက်လိုက်ကြလေသည်။

ကျောက်ဘီလူးက ရှောင်တိမ်းခြင်း မပြုပါချေ။

ယပ်တောင်ကို ဝေ့ယမ်းပြီး ကျားဖြူတို့၏ တိုက်ကွက်ကို ချေဖျက်လိုက်လေသည်။

'ဝုန်း....'

'အား....'

စူးရှ ကျယ်လောင်သော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

ကျောက်ဘီလူး၏ ယပ်တောင်ကြားမှ အသိပ်အပ်ကလေး တစ်ချောင်း ပစ်လွင့်လာပြီး ကျားဖြူ၏ နဖူးတည့်တည့်သို့ စိုက်ဝင်သွားသည်။

အော်ဟစ် ညည်းတွားသံနှင့်အတူ ကျားဖြူမှာ မြေပေါ်သို့ ဘိုင်းခနဲ လဲကျသွားလေသည်။

'ဟာ....'

ကျားနက် အထိတ်တလန့် ရေရွတ်ကာ နောက်ဆုတ်လိုက်လေသည်။

'မင်း ထွက်ပြေးလို့ မရပါဘူးကွ'



ကျောက်ဘီလူးက ပြောရင်း ယပ်တောင်ဖြင့် တစ်ချက်ခပ် လိုက်ပြန်သည်။

'ဝှစ်....'

လေတိုးသံနှင့်အတူ လက်နက်ပုန်းတစ်ခု ထွက်ပေါ်လာပြီး ကျားနက်၏နဖူးတွင် စိုက်ဝင်သွားပြန်လေသည်။

'အမယ်လေးဗျ'

ကျားနက်မှာ စူးရှစွာအော်ဟစ်ကာ မြေပေါ် လဲကျသွားသည်။

ကျားဖြူနှင့် ကျားနက်တို့သည် တိုက်ခိုက်မည်ကြံကာရှိသေးသည်။

ကျောက်ဘီလူး၏ လက်ချက်မိကာ သေပွဲဝင်သွားကြ၏။

ချောင်းကြည့်နေသည့် ဖုကျိမှာ ထိုမြင်ကွင်းကြောင့် ထိတ်လန့်တုန်လှုပ်သွားရသည်။

'ဟာ.... ကျောက်ဘီလူးဆိုတဲ့လူဟာ တော်တော် ကြောက်စရာ ကောင်းပါလား'

စိတ်ထဲမှလည်း ကြိတ်ပြီးရေရွတ်မိလေသည်။

ကျောက်ဘီလူးသည် နတ်တောင်သခင်မ၏လူဖြစ်သည်။

ကျောက်ဘီလူးပင်လျှင် ဤမျှ ကြောက်မက်ဖွယ်ကောင်းနေပါက ၎င်း၏ သခင်မဆိုသူမှာ ထို့ထက်ပို၍ ကြောက်မက်ဖွယ်ကောင်းနေမည်မှာ လွန်စွာသေချာလှပေတော့၏။

ထိုအချိန်တွင်....

'အားလုံးဝိုင်းတိုက်ကြစမ်း'

ဝမ်းရှောင်၏ အမိန့်ပေးသံထွက်ပေါ်လာသည်ကိုကြားလိုက်ရပြန်သည်။

ဝိုင်းရံထားကြသူများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြပြီး....

'တိုက်ကြဟေ့'

'ကျောက်ဘီလူးကို မလွတ်စေနဲ့'

'သူလွတ်သွားရင် နတ်တောင်သခင်မက ငါတို့အကြောင်း သိသွားလိမ့်မယ်'

တစ်ယောက်တစ်ပေါက် အော်ဟစ် ပြောဆိုလိုက်ကြပြီး ကျောက်ဘီလူးထံ မြေးဝင်တိုက်ခိုက်ကြလေသည်။

ကျောက်ဘီလူးကား စိုးစိမ်ထိတ်လန့်ဟန်မရှိချေ။

မဲ့ပြုံးတစ်ချက်ပြုံးကာ....

'ဟင်း.... ဟင်း.... မင်းတို့ ဘာတတ်နိုင်မှာမို့လဲ'

စကားဆုံးသည်နှင့် ယပ်တောင်ကို ဝေ့ယမ်းလိုက်ရာ...

'ဝှစ်.... ဝှစ်.... ဝှစ်....'

လက်နက်ပုန်းကလေးများသည် ဝမ်းရှောင်၏လူများထံသို့ ပစ်လွှင့်သွားလေသည်။

ထိုအခါ စူးရှသော အော်ဟစ်သံများ ဆူညံစွာထွက်ပေါ်လာ၏။

'ဝုန်း....'

'အား....'



'အမယ်လေး....'

ဝမ်းရှောင်၏လူများမှာ လက်နက်ပုန်းထိမှန်ကာ မြေပေါ် အတုံးအရုန်း လဲကျကုန်လေသည်။

ကျန်လူများလည်း ဆက်၍မတိုက်ခိုက်ဝံ့ကြဘဲနောက်ဆုတ်သွားကြ၏။

'ဟား.... ဟား.... ဟား.... ဟား....'

ကျောက်ဘီလူးက လှောင်ပြောင်ရယ်မောလိုက်ပြီး....

'ဝမ်းရှောင်၊ သတ္တိရှိရင် မင်းကိုယ်တိုင်ဝင်လာခဲ့ပါလား' ဟု စိန်ခေါ်လိုက်လေသည်။

'စိတ်ချ၊ ခင်ဗျား သေဖို့သာပြင်ထားပေတော့'

ဝမ်းရှောင်က ကြုံးဝါးရင်း ကျောက်ဘီလူးထံ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

ကျောက်ဘီလူးကား အပြုံးအရယ်မပျက်ဘဲ ဝမ်းရှောင်ကို ဆီးကြိုတိုက်ခိုက်လိုက်၏။

ဝမ်းရှောင်သည် အဖွဲ့ခေါင်းဆောင်တစ်ယောက် ဖြစ်သည်။

ငယ်ရွယ်စဉ်က ရှောင်လင်ကျောင်း၌ သိုင်းပညာသင်ကြားခဲ့ဖူးသူလည်း ဖြစ်သည်။

ထို့ကြောင့် သူ၏ဝင်တိုက်ခိုက်မှုမှာ ပြင်းထန်လှပေသည်။

သို့ရာတွင် ကျောက်ဘီလူးသည် လုံးဝအမှုထားဟန်မရှိချေ။

ပေါ့ပါးစွာ ရှောင်တိမ်းပေးရင်း ပြန်လည်တိုက်ခိုက်နေ၏။

သူတို့နှစ်ယောက် ထိပ်တိုက်ရင်ဆိုင်လိုက်ကြပြီး တစ်ခဏအတွင်းမှာပင် ဝမ်းရှောင်မှာ အရေးနိမ့်လာလေတော့သည်။

'ဝမ်းရှောင်၊ မင်း ဒူးထောက်ပြီး အညံ့ခံမယ်ဆိုရင် အသက်ချမ်းသာရာ ရလိမ့်မယ်'

'ကျုပ်က သေတောင် ဒူးမထောက်ဘူးဗျ'

ဝမ်းရှောင်သည် ကျောက်ဘီလူးအား အနိုင်ရမည် မဟုတ်ကြောင်း ရိပ်မိသော်လည်း မထူးတော့သဖြင့် အသေခံကာ တိုက်ခိုက်ရန် ဆုံးဖြတ်ထားပြီး ဖြစ်သည်။

အံတင်းတင်း ကြိတ်ကာ ပြင်းထန်စွာ ထိုးနှက် တိုက်ခိုက်သည်။

ကျောက်ဘီလူးသည် ရုတ်တရက် ရှေ့သို့ တိုးလာပြီး ဝမ်းရှောင်၏ ပခုံးကို ယပ်တောင်ဖြင့် ရိုက်ချလိုက်၏။

ဝမ်းရှောင်မှာ ရှောင်တိမ်းရန် ကြိုးစားသော်လည်း မည်သို့မျှ လွတ်အောင် မရှောင်နိုင်ခဲ့ချေ။

'ဖျောက်....'

'အင့်....'

မသဲမကွဲ အသံများ ထွက်ပေါ်လာလေသည်။

တစ်ဆက်တည်းမှာပင် ဝမ်းရှောင်၏ ခန္ဓာကိုယ်မှာ ဒယီးဒယိုင် ဖြစ်သွားလေသည်။

သူ၏ ဝဲဘက်လက်မှာ အောက်ဘက်သို့ တွဲလောင်းကျသွားသည်။



ကျောက်ဘီလူး၏ တိုက်ခိုက်မှုကြောင့် လက်တစ်ဘက် သွင်သွင်ကျိုးသွားပြီ ဖြစ်လေသည်။

ဝမ်းရှောင်က ဝေဒနာကို အံကြိတ်ခံရင်း ကျောက်ဘီလူး၏ ရင်ဝကို လက်သီးတစ်လုံးပစ်သွင်းလိုက်သည်။

သူ၏ လက်သီးထိုးချက်မှာ အားမာန်ပါလှ၏။ ထိမှန်သွားမည်ဆိုလျှင် သတ်သာလိမ့်မည် မဟုတ်ချေ။

ချက်ချင်းပင် လဲကျသေဆုံးသွားနိုင်လောက်၏။

'ဒီလိုနဲ့ ရရိုးလား'

ကျောက်ဘီလူးက လက်ဝေ့ယမ်းပြီး ကာကွယ်လိုက်လေသည်။

တစ်ဆက်တည်းပင် သူ၏ လက်ငါးချောင်းသည် ဝမ်းရှောင်၏လက်ကောက်ဝတ်ကို ဖမ်းဆုပ်လိုက်လေသည်။

ဝမ်းရှောင် မျက်နှာပျက်သွား၏။ ကပျာကယာ နောက်ဆုတ်ရှောင်တိမ်းရန် ကြိုးစားလိုက်သော်လည်း မရတော့ချေ။

ကျောက်ဘီလူး၏ လက်ငါးချောင်းသည် သူ၏လက်ကောက်ပေါ်ရှိ သွေးကြောတစ်နေရာသို့ ထောက်မိသွားသည်။

'အင်...'

မသဲမကွဲ ညည်းညူသံနှင့်အတူ ဝမ်းရှောင်မှာ ခွေခနဲလဲကျသွားလေတော့သည်။

ကျောက်ဘီလူးက ဝမ်းရှောင်၏ ရင်ဘတ်ကို ခြေဖစ်ဘက်ဖြင့် ဖိနှင်းထားလိုက်ပြီး....

'ကဲ....မင်း ဘာတတ်နိုင်သေးသလဲ'

ဝမ်းရှောင် မရှုမလှ အရေးနိမ့်သွားသည်ကို တွေ့မြင်လိုက်ရသောအခါ....

'ဟာ....'

'ဆရာဝမ်းရှောင်ဒုက္ခပါပြီ'

တပည့်များ၏ တစ်ယောက်တစ်ပေါက် ပြောဆိုသံများ ထွက်ပေါ်လာလေသည်။

ဝမ်းရှောင်၏ လူများသည် ကျောက်ဘီလူးအား တိုက်ခိုက်ဝံ့ကြခြင်း မရှိသည့်အပြင် နောက်သို့ပင် ဆုတ်သွားကြလေသည်။

ကျောက်ဘီလူးက အားလုံးကို ဝေ့ကြည့်လိုက်ပြီး....

'ကဲ....ဘယ်သူရင်ဆိုင်ချင်သေးသလဲ၊ ထွက်လာခဲ့စမ်း'

ဝမ်းရှောင်၏ လူများမှာ တုတ်တုတ်မျှပင် မလှုပ်ကြချေ။

ကျောက်ဘီလူးအား မျက်နှာချင်း မဆိုင်ဝံ့ဘဲ ခေါင်းငုံ့ထားလိုက်ကြလေသည်။

'မင်းတို့က ကျုပ်ကို ရင်မဆိုင်ရဲရင် နတ်တောင်သခင်မရဲ့ အမိန့်ကို နာခံကြရလိမ့်မယ်'

ကျောက်ဘီလူးက ခပ်ပြတ်ပြတ် ပြောလိုက်၏။



ဝမ်းရှောင်၏ လူများ ငြိမ်နေကြလေသည်။ ကျောက်ဘီလူးက ဆက်ပြောလိုက်သည်။

'ဝမ်းရှောင်က စည်းရုံးသိမ်းသွင်းခဲ့လို့ သာ မင်းတို့က နတ်တောင်သခင်မကို ရင်ဆိုင်နိုင်မယ်လို့ ထင်နေကြတာပဲ မဟုတ်လား၊ ကဲ....သခင်မအပေါ် သစ္စာခံမယ်ဆိုရင်မင်းတို့ကို အသက်ချမ်းသာခွင့်ပေးလိုက်မယ်'

မမျှော်လင့်သော စကားကို ကြားလိုက်ရသောအခါ ဝမ်းရှောင်၏ လူများဝမ်းသာ သွားကြလေသည်။

ကျောက်ဘီလူးသည် ၎င်းတို့ထံမှ စကားအပြန်ကိုပင် မစောင့်တော့ဘဲ....

ဝမ်းရှောင်ကို ငုံ့ကြည့်လိုက်သည်။

'ဝမ်းရှောင် မင်းရဲ့ အပြစ်က ခွင့်မလွှတ်နိုင်အောင်ဘဲ၊ ကဲ.... မင်း ဘာပြောချင်သေးလဲ'

'ကျုပ်ကို သတ်ပစ်လိုက်၊ မျက်တောင်တစ်ချက် မခတ်ဘူးဆိုတာ မှတ်ထား'

ဝမ်းရှောင်က အံတင်းတင်း ကြိတ်ရင်း ပြန်ပြောလိုက်လေသည်။

ကျောက်ဘီလူး ခေါင်းခါယမ်းလိုက်သည်။

'မင်း သေချင်တိုင်းသေလို့ မရပါဘူးကွာ၊ နတ်တောင်သခင်မက အမိန့်ပေးလိုက်တယ်၊ သခင်မကိုယ်တိုင် မင်းကိုစီရင်မယ်တဲ့....'

'ဟာ....'

ဝမ်းရှောင် ထိတ်လန့် တုန်လှုပ်သွားလေသည်။

သူ၏ လူများလည်း မျက်နှာပျက်သွားကြ၏။

နတ်တောင်သခင်မ လက်တွင်းသို့ ရောက်သွားပါက နည်းမျိုးစုံဖြင့် နှိပ်စက်ညှင်းပန်း ခံရလိမ့်မည်ကို အားလုံးက နားလည် ထားကြလေသည်။

'ကျုပ်ကို သတ်ပစ်လိုက်'

ဝမ်းရှောင်က အော်ဟစ်ရင်း ထရန် ကြိုးစားလိုက်၏။

ထိုအချိန်မှာပင်....

'ဝမ်းရှောင် မင်းဘာ ဖြစ်နေတာလဲ'

အဝေးမှ စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

အားလုံး လှမ်းကြည့်လိုက်ကြ၏။

ဖုကျိုလည်း စိတ်ဝင်စားစွာလှမ်းကြည့် လိုက်မိလေသည်။

ထိုအခါ အဝေးမှ လူတစ်ယောက် ပြေးလွှား လာနေသည်ကို တွေ့မြင် လိုက်ရလေ၏။

အော်ဟစ် မေးမြန်းသံ ဆုံးသွားသည်နှင့် ထိုလူလည်း မြေကွက်လပ်သို့ ရောက်ရှိ လာလေတော့သည်။

....o....



မြေကွက်လပ်ဆီသို့ လူတစ်ယောက် လှစ်ခနဲ ရောက်ရှိ လာသည်။

အသက်ငါးဆယ်ခန့်ရှိသော အဘိုးအိုတစ်ယောက်ဖြစ်သည်။

ထိုအဘိုးအိုသည် ခန္ဓာကိုယ် ပိန်ပိန်ပါးပါးရှိပြီး စာပေသမားတစ်ယောက်အသွင် ရှိသူဖြစ်၏။

အထုပ်ကြီးတစ်ထုပ်ကို ကျောပိုးထားသည့်တိုင် တောင်ဆိပ်တစ်ကောင်၏ လျင်မြန်ခြင်းမျိုးဖြင့် တစ်မုဟုတ်ခြင်း ရောက်လာ၏။

ထိုအဘိုးအိုအား တွေ့မြင်ရသည့်အခါ....

'ဟင်....အစ်ကိုကြီး လောက်တာ'

ဝမ်းရှောင်က ဝမ်းသာအားရ ခေါ်လိုက်သည်။

သူမျှော်လင့်နေသည့် လောက်တာဆိုသူ ရောက်ရှိလာပြီ ဖြစ်လေသည်။

'အင်း....ဝမ်းရှောင်ဆိုတဲ့လူဘက်က ကူမယ့်လူ ရောက်လာပြီ ပွဲကြီးပွဲကောင်းပဲ'

ဖုကျိုမှာ ဝမ်းသာအားရဖြစ်ကာ အခြေအနေကို အကဲခတ်ကြည့် နေလိုက်၏။

'ဟေး....ဟေး....'

'တို့ကို ကူညီမယ့်လူ ရောက်လာပြီကွ....'

'ကျောက်ဘီလူးကို မြန်မြန် ဆုံးမလိုက်ပါ'

ဝမ်းရှောင်၏ လူများက တစ်ယောက်တစ်ပေါက် ပြောလိုက်ကြလေသည်။

လောက်တာ့ဆိုသည့် အဘိုးအိုက အထုပ်ကြီးကို မြေပေါ်ချလိုက်သည်။

ထို့နောက် ဝမ်းရှောင်ထံသို့ လှမ်းသွားရင်း....

'ဟေ့....ဝမ်းရှောင် မှင်းဘယ်လို ဖြစ်နေတာလဲ....'

'အစ်ကိုကြီးလောက်တာ့ သူ့ကိုမြန်မြန် ဆုံးမလိုက်စမ်းပါ'

ဝမ်းရှောင်က ကျောက်ဘီလူးကို ညွှန်ပြရင်း အော်ပြောလိုက်၏။

ကျောက်ဘီလူး နှာခေါင်းရှုံ့လိုက်သည်။

'လက်စသတ်တော့ ဝမ်းရှောင်တို့က ခင်ဗျားကို အားကိုးပြီး နတ်တောင်သခင်မကို အခံကြတာကိုး'

လောက်တာ့က မဲ့ပြုံးပြုံးကာ....

'ကျုပ်က ငွေများများ ရမယ်ဆိုရင် ဘာမဆို စိတ်ဝင်စားပါတယ်ဗျာ....'

ဖုကျိသည် ချောင်းကြည့်ရင်း ဝမ်းရှောင်၊ ကျောက်ဘီလူးနှင့် လောက်တာ့တို့သည် အကြောင်းတစ်ခုခုနှင့် ပတ်သက်နေလိမ့်မည်ဟု နားလည် ထားလေသည်။

'နတ်တောင်သခင်မ အကြောင်းကို လူတိုင်း သိကြပါတယ်ဗျာ၊ ခင်ဗျားက သခင်မကို အတုမယ့် ဝမ်းရှောင်တို့ဘက်က ကူညီမယ်ဆိုရင် အမှားကြီး မှားသွားလိမ့်မယ်'



ကျောက်ဘီလူးကပြောရာ လောက်တာ့ ခေါင်းခါ ယမ်းလိုက်လေသည်။

'ကျုပ်မမှားဘူး၊ မင်းသာ မှားနေတာ'

'ဘာဗျ....'

'နတ်တောင်သခင်မဟာ သိုင်းပညာ တော်တယ်ဆိုပြီး ဒီနယ်တဝိုက်မှာဗိုလ်ကျနေခဲ့တာ ကြာပါပြီ၊ ဒီနယ်ထဲမှာရှိတဲ့ သိုင်းအဖွဲ့တွေကို သူ့လက်အောက်ကို သွတ်သွင်းပြီး သူ့ရဲ့အမိန့်ကို မနာခံတဲ နေလို့ မရအောင် ခြိမ်းခြောက်ခဲ့တယ်၊ သိုင်းအဖွဲ့ကလေးတွေဟာ သူ့ အပေါ် စိတ်ကုန်နေကြပါပြီ၊ ဘယ်သူကမှ သူ့ရဲ့ ဩဇာမခံချင်ကြတော့တာမို့ မကြာခင် နတ်တောင် သခင်မ ကျဆုံးသွားရတော့မယ်ဆိုတာ မင်းနားလည် ထားစမ်းပါ'

ကျောက်ဘီလူးမှာ မကျေမနပ် ဖြစ်သွားရလေသည်။

'ခင်ဗျားအခုလို ဝင်ရှုပ်တာကို နတ်တောင်သခင်မ သိသွားရင် လွယ်မှာ မဟုတ်ဘူး'

'ဟား....ဟွား....ဟား....'

ကျောက်ဘီလူး၏ ခြိမ်းခြောက်မှုကို လောက်တာ့က ဟားတိုက် ရယ်မောလိုက်လေသည်။

'ကျုပ်က သူ့ကိုမကြောက်လို့ သူ့ရဲ့ နန်းတော်ထဲကိုတောင် ရောက်ခဲ့သေးတယ်ဆိုတာ မှတ်ထားပါ'

'ဘာ....ဘာဗျ....'

လောက်တာ့က ကျောက်ဘီလူးအား စိုက်ကြည့်လိုက်ပြီး....

‘ကျုပ်ကသူ့ကို ဆုံးမလို့ သွားတာ ရှာလို့ မတွေ့တာနဲ့ ကျုပ်အကြောင်း သိသွားအောင် အခိုင်းအစေမလေး တစ်ယောက်ကိုတောင် ဖမ်းခေါ် ခဲ့သေးတယ်....’

အားလုံးသည် လောက်တာ့ ထမ်းပိုးလာခဲ့သည့် အဝတ်ထုပ်ဆီသို့အကြည့် ရောက်သွားကြလေသည်။

ထိုအဝတ်ထုပ်ကြီးမှာ လှုပ်စိ လှုပ်စိ ဖြစ်နေ၏။

အထုပ်ထဲ၌ လူတစ်ယောက် ရှိနေကြောင်း သိနိုင်ပေသည်။

အခြေအနေကို အကဲခတ်နေသော ဖုကျိမှာ အဖမ်းခံနေရသည့် အခိုင်းအစေမလေးအတွက် စိတ်မကောင်း ဖြစ်သွားမိလေသည်။

‘ရက်စက်လိုက်တာ လူတစ်ယောက်ကို အထုပ်ထဲ ထည့်ထားရတယ်လို့’

ဖုကျိသည် တွေးရင်း အခိုင်းအစေမလေးအား ကယ်တင်လိုစိတ်များ ဖြစ်ပေါ်လာလေသည်။

ထိုအချိန်တွင် ကျောက်ဘီလူးသည် ဒေါသခြောင်းခြောင်းထွက်လာပြီး....

‘ခင်ဗျာ က နန်းတော်ထဲကို ဝင်မွှေ ခဲ့သေးတယ်ပေါ့ တယ်လဲ စော်ကားပါလား’

လောက်တာ့က ပြုံးလိုက်ပြီး....

‘အခုတော့ အခိုင်းအစေမလေး မလိုအပ်တော့ပါဘူး။ မင်းကို ဆုံးမလိုက်ရင် နတ်တောင်သခင်မ ဆွေ့ ဆွေ့ ခုန်သွားမှာ သေချာတယ် ဟား....ဟား....ဟား....’

လောက်တာ့က လှောင်ရယ်....ရယ်နေရာ....



ကျောက်ဘီလူးမှာ ဒေါသကို မထိန်းနိုင်တော့ပါ။

‘သိကြသေးတာပေါ့....’

ကြုံးဝါးရင်း ဝမ်းရှောင်ကိုပင် အမှုမထား နိုင်တော့ဘဲ လောက်တာ့ထံသို့ ခုန်ဝင် တိုက်ခိုက်လေသည်။

‘ဝှစ်....ဝှစ်....ဝှစ်....’

စူးရှသော လေတိုးသံများနှင့်အတူ လက်နက်ပုန်းကလေးများမှ လောက်တာ့၏ ရင်ဝဆီသို့ တစ်ဟုန်ထိုး ပြေးဝင်သွားကြလေသည်။

လောက်တာ့ မဲ့ပြုံးပြုံးလိုက်သည်။

‘မင်းပညာ ဒါအကုန်ပဲလား’

လောက်တာ့က ပြောရင်း အင်္ကျီလက်ကို ဝေ့ယမ်းလိုက်ရာ....

‘ထောက်....ထောက်....ထောက်’

လက်နက်ပုန်းကလေးများသည် မြေပေါ်သို့ ပြုတ်ကျသွားလေသည်။

ထိုအချိန်တွင် ယပ်တောင်ကိုကိုင်ကာ ခုန်ဝင်လာသည့် ကျောက်ဘီလူးမှာ သူ၏အနီးသို့ ရောက်ရှိလာပြီ ဖြစ်လေသည်။

လောက်တာ့သည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ လက်ဝါးဖြင့် ရိုက်ချလိုက်၏။

‘ဝုန်း....’

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာ၏။

ကျောက်ဘီလူးသည် မသဲမကွဲအော်ဟစ်လိုက်ပြီး မြေပေါ်သို့ ခြေပစ်လက်ပစ် ပြုတ်ကျသွားလေသည်။

'ဟေး....'

ဝမ်းရှောင်၏ လူများသည် ကျောက်ဘီလူး အရေးနိမ့်သွား သည်ကိုမြင်သည့်အခါ ဝမ်းသာအားရ အော်ဟစ်လိုက်ကြ လေသည်။

လောက်တာ့က ဆက်၍တိုက်ခိုက်ခြင်း မပြုပါ။

ဤတွင် မြေပေါ်တွင် လဲကျနေသည့် ဝမ်းရှောင်သည် ခုန် ထလာပြီး....

'အစ်ကိုကြီး လောက်တာ့၊ သူ့ကို အရှင်ဖမ်းမှ ဖြစ်မယ်'

ဝမ်းရှောင်က အော်ဟစ်သတိပေးလိုက်လေသည်။

သို့သော်....

ကျောက်ဘီလူးမှာ မြေပေါ်မှ ပြန်ထမလာနိုင်တော့ပါ။

'ဝေါ့'

သွေးများ အန်ထုတ်လိုက်ပြီး ခန္ဓာကိုယ် တွန့်လိမ်သွား၏။ တစ်ခဏအကြာတွင် ပြန်လည် ငြိမ်သက်သွားပြီး သေဆုံးသွား လေတော့သည်။

'ဟာ....'

ဝမ်းရှောင်မှာ အားမလို အားမရ ဖြစ်သွားလေသည်။

'သူ့ကို အရှင်ဖမ်းလို့ရရင် သိပ်ကောင်းမှာပဲ'

မှန်ပါသည်။

ကျောက်ဘီလူးသည် နတ်တောင်သခင်မ၏ လူယုံတော် တစ်ယောက် ဖြစ်သည်မဟုတ်ပါလား။



လောက်တာ့က လက်ကာပြလိုက်သည်။

'သိပ်လဲ စိတ်ပျက်မနေပါနဲ့ကွာ၊ ငါဖမ်းလာတဲ့ အခိုင်း အစေမလေးတစ်ယောက် ရှိပါသေးတယ်ကွ'

ဝမ်းရှောင်က အဝတ်ထုပ်ကြီးဆီသို့ လှမ်းကြည့်လိုက်၏။ ထိုအချိန်မှာပင် မမျှော်လင့်သော အဖြစ်အပျက်တစ်ခု ဖြစ်ပေါ် လာလေသည်။

ရုတ်တရက် ကျောက်တုံးများကြားမှ လူတစ်ယောက် ခုန် ထွက်လာပြီး အဝတ်ထုပ်ကြီးအားထမ်းကာ ထွက်ပြေးသွားခြင်း ဖြစ်သည်။

ဝမ်းရှောင် ကြောင်အမ်းအမ်း ဖြစ်သွား၏။

'ဒါက ဘယ်လိုဖြစ်တာလဲ'

လောက်တာ့လည်း လှုပ်လှုပ် ရှားရှား ဖြစ်သွားလေ သည်။

'ဟေ့....မင်း ဘယ်လိုလုပ်လိုက်တာလဲကွ'

လောက်တာ့က အူလျှား ဖားလျှားဖြင့် အော်မေး လိုက်၏။

တစ်ဆက်တည်းပင် ဝမ်းရှောင်ဘက်သို့လှည့်ကာ....

'မင်းရဲ့လူလားကွ'

ထိုအခါမှ ဝမ်းရှောင်လည်း သတိဝင်လာပြီး....

'ဟာ....မဟုတ်ဘူး....မဟုတ်ဘူး'

ဤတွင် လောက်တာ့ ဒေါပွသွားလေတော့သည်။

'မပြေးနဲ့'

အောင်ပေါက်ရင်း အထုပ်ထမ်းကာ ထွက်ပြေးသွားသူ နောက်သို့ ဒရောသောပါး ပြေးလိုက်သွား၏။ ဝမ်းရှောင် လည်း မနေနိုင်တော့ပါ။

နှုတ်မှလည်း....

'ဟေ့....ဘာလုပ်နေတာလဲ၊ လိုက်ကြပါတော့လား'

သူ၏ လူများအား အောင်ပေါက်ရင်း လောက်ဘာ့နောက်သို့ ပြေးလိုက်သွားလေသည်။

ဝမ်းရှောင်၏ လူများလည်း မနေနိုင်တော့ဘဲ ဗြောသံပေးကာ ပြေးလိုက်သွားကြလေတော့သည်။

....o....

လွင်စာပေ
အမှတ် ၁၅/၁၃၈၊ ၆ လမ်း
တောင် ၄ ကြီး
ဖုန်း ၂၁၇၄၄

ထူးဆန်းသည့် ပညာ

ဖုကျိသည် မြေကွက်လပ်မှ အခြေအနေကို တိတ်တဆိတ် ချောင်းကြည့်နေခဲ့မိလေသည်။

လောက်ဘာ့က အခိုင်းအစေမလေး တစ်ယောက်အား ဖမ်းခေါ်လာသောအခါ ကယ်တင်လိုစိတ်များ တဖွားဖွား ဖြစ်ပေါ်လာလေသည်။

ထို့ကြောင့် လောက်ဘာနှင့် ကျောက်ဘီလူးတို့ တိုက်ခိုက်နေကြသည်ကို အခွင့်ကောင်းယူကာ ကျောက်တုံးကြားမှ ခုန်ထွက်ပြီး အဝတ်ထုပ်ကို ထမ်းကာ ပြေးထွက်လာခဲ့ခြင်း ဖြစ်လေသည်။

ပထမတွင် လောက်တာ့တို့လူစု ကြောင်အမ်းအမ်း ဖြစ်နေကြ၏။

နောက်မှ သတိဝင်လာကြကာ....

'လိုက်ဟေ့....လိုက်ဟ'

'မလွတ်စေနဲ့'

'မိရင်တော့လား သေဖို့သာ ပြင်ထား'

အော်ဟစ်သံ၊ ကြုံးဝါးသံများ ကျွက်ကျွက်ညံ ထွက်ပေါ်လာသည်။

ပြေးလိုက်လာသည့် ခြေသံများကလည်း ကမ္ဘာမြေကြီး တစ်ခုလုံး တုန်ခါသွားသည်ဟုပင် ထင်မှတ်ရလေသည်။

ဖုကျို ထိတ်လန့်သွား၏။

'ဒုက္ခပါပဲ၊ ငါ့ကိုသာ မိသွားကြရင် တစ်စစီ ဖြစ်အောင် ဆုတ်ဖြဲပစ်လိုက်ကြမှာ သေချာတယ်'

တွေးရင်း ဖုကျိုမှာ ဇောချွေးများပင် ပြန်လာ၏။

ကြောက်ရွံ့ ထိတ်လန့်စိတ်က ပို၍ လျင်မြန်စွာ ပြေးနိုင်ရန် ခွန်အားများ ဖြစ်ပေါ်စေခဲ့သည်။

ဖုကျိုသည် အထုပ်ကို ထမ်းရင်း အားကုန် ပြေးလွှားသွားလေသည်။

ကောင်းကင်ပေါ်တွင် လခြမ်းပဲ့ကလေး ရှိနေ၏။

ဝိုးတဝါး လရောင်သည် သိပ်သည်းလှသော အမှောင်ထုကို အရှုံးပေးနေရ၏။



ပတ်ဝန်းကျင်တွင် ဘာဆိုဘာမျှ သဲသဲကွဲကွဲ မမြင်ရအောင် အမှောင်ထု ဖုံးလွှမ်းနေ၏။

ထို့ကြောင့် ဖုကျိုသည် မည်သည့်အရပ်ဒေသသို့ ပြေးလာမိခဲ့သည်ကို မသိနိုင်တော့ပါ။

သစ်ပင်ချုံနွယ်များကြားမှ အတင်းတိုးဝှေ့ကာ လွတ်လျှင်ပြီးရော ဟူ၍ ပြေးနေခြင်းမျိုးသာ ဖြစ်လေသည်။

ပြေးရင်းလွှားရင်းပင် အော်ဟစ် ကြုံးဝါးသံများနှင့် တစ်စထက် တစ်စ ဝေးသွား၏။

အတန်ကြာ ပြေးလွှားလာမိသောအခါ နောက်ဘက်မှ ထွက်ပေါ်နေသော အသံများကို မကြားရတော့ပါ။

ဖုကျို၏ တစ်ကိုယ်လုံးလည်း ချွေးရွှဲရွှဲစိုနေပြီ ဖြစ်လေသည်။

လိုက်လာသူများအား မျက်ခြည်ပြတ်နိုင်ခဲ့ပြီဟု ယူဆမိမှ ခေါင်းလှမ်း ရပ်လိုက်လေသည်။

နဖူးပေါ်မှ ချွေးများကို သုတ်ပစ်ရင်း....

'ဟူး....တော်ပါသေးရဲ့'

မည်သို့ဆိုစေ လောက်တာ့တို့လူစုသည် နတ်တောင်သခင်မအား အံတုရန် ကြံစည်နေသည့် သူတို့၏ လျှို့ဝှက်ချက်အား သိသွားသဖြင့် သူ့အား သဲကြီးမဲကြီး လိုက်ရှာတော့မည်မှာ သေချာသည်။

ကျောက်ဘီလူးနှင့် လောက်တာ့တို့ရင်ဆိုင်တိုက်ခိုက်ခဲ့ကြပုံကို ပြန်လည်မြင်ယောင်လာသောအခါ ဖုကျို ထိတ်လန့် တုန်လှုပ်လာသည်။

လောကတ၏ သိုင်းပညာကား အံ့ဖွယ်လိလိပါတည်း။

'ဒုက္ခပဲ၊ ငါ ဘယ်လိုလုပ်ရပါ့မလဲ'

ဖုကျိုမှာ စိုးရွံ့ထိတ်လန့်စွာ ညည်းညူလိုက်မိသည်။

ပတ်ဝန်းကျင်တွင် သစ်ပင်ချုံနွယ်များ ဖုံးလွှမ်းနေ၏။

မြူခိုးများလည်းကျဆင်းနေသဖြင့် ဘာဆိုဘာမျှ သဲသဲကွဲကွဲ မမြင်ရဘဲ အရာရာတိုင်းသည် မပီဝိုးတဝါး ဖြစ်နေ၏။

ဖုကျို အားငယ်လာသည်။

'ငါ ဘယ်ကို ပြေးရပါ့မလဲ'

သူ၏ ညည်းညူသံနှင့် မဝေးမနှောင်းမှာပင်....

'ဟေ့....လူကြောက်၊ ဘယ်ကိုပြေးဖို့ စဉ်းစားနေတာလဲ'

အော်ငေါက်သံ တစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'ဟိုက်....လိုက်လာကြပြီ'

ဖုကျို လန့်ဖျပ်ကာ ထခုန်လိုက်သည်။

အရှေ့ အနောက်၊ တောင်မြောက် ဟူ၍ နေရာ မခွဲနိုင်တော့ဘဲ ခြေဦးတည့်ရာ ရှေ့တည့်တည့်သို့ တစ်ဟုန်ထိုး ထွက်ပြေးသွားလေသည်။

သစ်ပင်ချုံနွယ်များနှင့် တိုးမိ၊ တိုက်မိသည်။

မြေပေါ်မှ ကျောက်တုံး၊ ကျောက်ခဲများနှင့် တိုက်မိ၊ ဆောင့်မိသည်။ ဂရုမစိုက်နိုင်ပါ။



အခက်အခဲ အမျိုးမျိုး ဖြစ်ပေါ်လာသော်လည်း ဖုကျိုမှာ ရပ်တန့်ဖို့ စိတ်မကူးဘဲ ဆက်၍ ပြေးလွှားသွားလေသည်။

အတန်ကြာ ပြေးလွှားသွားမိမှ မဝံ့မရဲဖြင့် နောက်လှည့်ကြည့်လိုက်မိ၏။

ထိုအခါ သူ၏နောက်သို့ လိုက်လာသူ တစ်ယောက်တလေမျှ ကိုပင် မတွေ့ရဘဲ ရှိသည်။

ဖုကျို စိတ်သက်သာရာ ရသွားလေသည်။

'တော်ပါသေးရဲ့၊ ဘယ်သူမှ လိုက်မလာကြတော့ဘူး'

သူ၏ရေရွတ်သံအဆုံးတွင်....

'မင်း ယောကျ်ားမဟုတ်ဘူးလား၊ ဘာဖြစ်လို့ ပြေးဖို့ စိတ်ကူးနေတာလဲ'

'ဟာ....'

ဖုကျို လွှတ်ခနဲ အော်လိုက်မိ၏။

ရှေ့သို့ ကဆုန်ပေါက်ကာ ပြေးလွှားသွားပြန်လေသည်။

'တော်တော်ကြောက်တတ်တဲ့လူ'

'ထိုလူ အလှချည်လား'

'ဘယ်ထဲအောင် ပြေးနေဦးမှာလဲ'

စကားသံမှာ တစ်ခွန်းပြီးတစ်ခွန်း ထွက်ပေါ်လာသည်။

ဖုကျို တစ်ဟုန်ထိုး ပြေးလွှားနေသည့်တိုင် စကားသံသည် နောက်ကျောဘက်မှကပ်လျက် ထွက်ပေါ်နေလေသည်။

ဖုကျို စိတ်ဓာတ်ကျဆင်းလာရတော့၏။

'ငါက မြင်းတစ်ကောင်လို ပြေးနေတာတောင် မလွတ်ပါလား'

ဖုကျို၏ခြေလှမ်းများ နှေးကွေးလာလေတော့သည်။

'ဒီလောက်တောင် ကြောက်တတ်နေမှတော့ ဘာဖြစ်လို့ ဝင်ကယ်ရသေးတာလဲ၊ ဘယ်ထိအောင် လျှောက်ပြေးနေဦးမှာလဲ ပြောစမ်း'

စကားသံက သူ့နောက်ဘက်မှ ကပ်၍ထွက်ပေါ်လာနေဆဲ ဖြစ်သည်။

ဖုကျို မပြေးနိုင်တော့ပါ။

ဒူးများ ပျော့ခွေလာပြီး ရပ်တန့်လိုက်ရလေတော့သည်။

....o....

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

အရှေ့ဘက်တွင် ရောင်နီများ ပျို့အန်လာပြီဖြစ်၏။

တစ်ညတာအချိန်သည် မကြာမီ ကုန်ဆုံးသွားပေတော့မည်။ ညအမှောင်ထုသည် တရွေ့ရွေ့ နောက်ဆုတ်သွား၏။

'အောက်....အီး....အီး....အွတ်'



အဝေးမှ တောကြက်တွန်သံများ ဟိုမှ သည်မှ ထွက်ပေါ်လာ၏။

ဖုကျိုသည် အထုပ်ကိုထမ်းကာ မလှုပ်မယှက် ရပ်နေသည်။

သူ့အား အော်ငေါက်ကြိမ်းမောင်းခဲ့သူ၏ တိုက်ခိုက်မှုကို စောင့်ဆိုင်းနေခြင်းဖြစ်၏။

သို့သော်....

အတန်ကြာသည်အထိ မည်သူကမျှ တိုက်ခိုက်လာခြင်းမရှိပါ။ နေခြည်ထွက်ပေါ်လာရာ ပတ်ဝန်းကျင်မှာ လင်းလင်းချင်းချင်း ဖြစ်လာလေသည်။

ဖုကျို၏ နဖူးပေါ်မှ ချွေးစက်သည် ခြေထောက်ပေါ်သို့ ထောက်ခနဲ ကျသွား၏။

ဖုကျိုမှာ ဆက်၍ စောင့်ဆိုင်းမနေနိုင်တော့ပါ။

နောက်ဘက်သို့ ဖြည်းဖြည်းချင်း လှည့်ကြည့်လိုက်၏။

အနောက်ဘက်တွင် သစ်ပင်ချုံနွယ်များသာ ရှိနေပေသည်။

လူရိပ်လူယောင် လုံးဝ မတွေ့မြင်ရပါ။

သူ့အား ကြောက်တတ်သူဟု ကြိမ်းမောင်းခဲ့သူသည် သစ်ပင်များကြား၌ ပုန်းအောင်းနေလိမ့်မည်ဟု ယုံကြည်မိလေသည်။

ထိုလူက သူ့အား တိုက်ခိုက်ခြင်းမပြုသေးသည်မှာ အဘယ့်ကြောင့်ဆိုသည်ကို ဖုကျို စဉ်းစားမရအောင် ဖြစ်သွားသည်။

ဒုက္ခရောက်နေသည့် မိန်းကလေးတစ်ယောက်အား ကူညီခဲ့ခြင်း ဖြစ်သည်ကိုသာ ထိုလူသိသွားလျှင် မိမိအနေဖြင့် သက်သာရာရနိုင်သည်ဟု ဖုကျိုထင်မိလေသည်။

ထို့ကြောင့်....

'ကျုပ်က အခိုင်းအစေမလေးတစ်ယောက် ဒုက္ခရောက်မှာ စိုးလို့ ဝင်ကူမိတာပါဗျာ'

'ကူညီတယ်လဲဆိုသေး၊ ဘာဖြစ်လို့ ကြောက်နေရတာလဲ'

စကားသံတစ်ချက် ထွက်ပေါ်လာ၏။

ဖုကျို၏ခန္ဓာကိုယ် တောင့်တင်းသွားလေသည်။

ထိုစကားသံသည် သူအကဲခတ်ကြည့်နေသည့် သစ်ပင်ကြားမှ ထွက်ပေါ်လာခြင်း မဟုတ်ပါ။

သူ၏နောက်ကျောဘက်မှ ထွက်ပေါ်လာခြင်းကြောင့် ဖြစ်သည်။

တစ်ယောက်က ပုန်းလျှိုးကွယ်လျှိုးဖြင့် ဒုက္ခပေးရန်ကြံစည်နေပြီဟု ဖုကျို ထင်မှတ်လာမိလေတော့သည်။

အသံရှင်မှာ မည်သူမည်ဝါဖြစ်သည်ကို သိလိုစိတ်မြင်းပြလာခြင်းကြောင့် ချာခနဲ လှည့်ကြည့်လိုက်၏။

သို့သော်....

နောက်လှည့်ကြည့်မိသည်နှင့် မျော်လင့်ချက် ကွယ်ပျောက်သွားရပြန်သည်။

နောက်ကွယ်တွင် လူရိပ်လူယောင် လုံးဝမတွေ့ရပါ။

ပကတိ ရှင်းလင်းနေ၏။

လေတစ်ချက် ဝေ့ယမ်းလိုက်သည့်အခါ ချုံပုတ်များ လှုပ်ရှားသွား၏။

ဖုကျိုမကျေမနပ် ဖြစ်လာလေသည်။

အသံသာကြားရပြီး လူကိုမတွေ့မြင်ရခြင်းက သူ့အားပို၍ စိတ်လှုပ်ရှားစေခဲ့သည်။



'ခုမှတော့ မထူးတော့ပါဘူး၊ ဆက်ပြီးပြေးတာပဲ ကောင်းပါတယ်'

ဖုကျိုသည် အထုပ်ကိုထမ်းကာ ပြေးလွှားသွားလေသည်။

မကြာပါချေ။ တောင်ကုန်းကလေး အနီးသို့ ရောက်ရှိသွားလေသည်။

ဖုကျိုက တောင်ကုန်းပေါ်ပြေးတက်သွားရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင်....

'တောင်ပေါ်ရောက်သွားရင် ဆက်ပြေးဖို့ လမ်းမရှိတော့ဘူး၊ ပိတ်မိသွားမှာပဲ'

ကြည်လင်သော စကားသံ ထွက်ပေါ်လာပြန်လေသည်။

ဖုကျို တုံ့ခနဲ ရပ်သွားပြန်၏။

သူ၏စိတ်ထဲ၌ ခံပြင်းဒေါသ ထွက်နေပြီဖြစ်လေသည်။

'ဒါဖြင့် ကျုပ်က ဘယ်ကို ဆက်ပြေးရမှာလဲ'

ဖုကျိုက အရွဲ့တိုက်ကာ မေးလိုက်လေသည်။

သို့သော် အသံရှင်က စိတ်ဆိုးသွားဟန်မရှိဘဲ....

'မဝေးလှပ်စရာ နှစ်ခုပဲရှိတယ်'

ဟု ပြောလာ၏။

ဖုကျို နှာခေါင်းရှုံ့လိုက်သည်။

'ဟွန်း....အမိန့်ရှိပါဦးဗျာ'

'တစ်ခုက မင်းရဲ့နောက်ကို လိုက်လာတဲ့လူတွေကို သတ်ပစ်လိုက်ပါ'

'ဟာ....'

ကြားရသောစကားသံကြောင့် ထိတ်ခနဲဖြစ်ကာ ဖုကျံ ချက်ချင်း ခေါင်းခါယမ်းလိုက်လေသည်။

'မဖြစ်ဘူးဗျ'

'မင်း တော်တော်သတ္တိကြောင်တာပဲ'

ဖုကျံ မဲ့ပြုံး ပြုံးလိုက်သည်။

'ခင်ဗျား ပြောချင်သလို ပြောနိုင်တယ်၊ ကျုပ်ကလူ့အသက်ကို တန်ဖိုးမထားတတ်တဲ့လူ မဟုတ်ဘူးဗျ'

'ဩော်...မင်းက သူတော်ကောင်းကြီးပေါ့'

'ကျုပ်ကို ရွဲ့ပြီးမပြောနဲ့ဗျာ၊ ကျုပ်က သူများအသက်မသတ်ဘူး၊ သတ်သတ်လွတ်စားတဲ့ ကပ္ပိယလေးပါဗျာ'

'ကပ္ပိယလေးဟုတ်လား၊ ခစ်....ခစ်....ခစ်....'

ဖုကျံသည် အသံရှင်အား တွေ့လိုစိတ်များ ဖြစ်ပေါ်လာလေသည်။

'ခင်ဗျား ဘယ်သူလဲဗျ'

'မင်း ဘာလုပ်မလို့လဲ'

'ခင်ဗျားကို တွေ့ချင်လို့ပါဗျာ'

'ကောင်းပြီ၊ တောင်ကုန်းပေါ်ကို တက်သွားပါ၊ တောင်ကုန်းထိပ်ကနေပြီး ချောက်ထဲကို ခုန်ချလိုက်ပါ'



ဖုကျံသည် အကောင်းမှတ်၍ နားထောင်နေပြီးမှ အသံရှင်က အရွဲ့တိုက် ပြောဆိုလိုက်ခြင်းဖြစ်ကြောင်း သတိပြုမိလိုက်သည်။

'ဟာဗျာ....ခင်ဗျားကလဲ'

'မင်းပဲ တွေ့ချင်တယ်ဆို'

'ကျုပ် သေသွားတာက အကြောင်းမဟုတ်ဘူး၊ အထုပ်ထဲက မိန်းကလေးပါ ဒုက္ခရောက်သွားလိမ့်မယ်ဗျ'

'မင်းက သူ့အတွက် စိုးရိမ်တယ်ပေါ့'

ဖုကျံ သက်ပြင်းချလိုက်သည်။

'အပြစ်မရှိတဲ့ မိန်းကလေး တစ်ယောက်ပါဗျာ၊ သူ ဒုက္ခမရောက်စေချင်ပါဘူး'

'နေပါဦး၊ မင်းက ဘာကြောင့် သူ့ကို ကယ်ရတာလဲ'

'သူ အချောင်သေသွားတာကို မကြည့်ချင်လို့ပါဗျာ'

'မင်း တော်တော် စိတ်ကောင်းနှလုံးကောင်း ရှိတယ်ပေါ့'

'ဟာ....ဒီလောက်လဲ မဟုတ်ပါဘူးဗျာ'

'မင်းဟာ ကပ္ပိယဆိုတာ တကယ်ပဲလား'

'တကယ်ပေါ့၊ ဘာလဲ၊ ခင်ဗျားက မယုံလို့လား'

'ထားပါတော့လေ၊ ငါ့ကို အောက်ချပေးစမ်းပါဦး'

ဖုကျံ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

'အောက်ချပေးရမယ် ဟုတ်လား'

'အေးလေ'

'နေပါဦး၊ ခင်ဗျားက ဘယ်မှာလဲ'

'မင်းရဲ့ကျောပေါ်မှာပေါ့'

'ဗျာ....'

ဖုံကျော် ပါးစပ်အဟောင်းသား ဖြစ်သွားရလေသည်။

'ငါက မင်းထမ်းထားတဲ့ အထုပ်ထဲမှာရှိနေတာပေါ့၊ ကဲ.. ငါ့ကို အောက်ချပေးပါဦး'

အသံရှင်က သူ၏နောက်ကျောပေါ်ရှိ အထုပ်ထဲမှ ဖြစ်ကြောင်း ယခုမှ သိရတော့သည်။

ဖုံကျော်သည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ အဝတ်ထုပ်ကို မြေပေါ်သို့ ပစ်ချလိုက်မိသည်။

'ဖုန်း....'

'အား....'

အဝတ်ထုပ်မှာ တလှုပ်လှုပ်ဖြစ်လာသည်။

'ဗြံ'

မြည်သံနှင့်အတူ အထုပ်ထဲမှ မိန်းကလေးတစ်ယောက် ထွက်လာလေသည်။

အသက် ဆယ့်နှစ်နှစ်ခန့်ရှိသော မိန်းကလေး တစ်ယောက်ဖြစ်သည်။

သူမ၏မျက်နှာ ရှုံ့မဲ့နေ၏။



ခါးကို လက်ဖြင့်ပွတ်ရင်း....

'အရမ်းလုပ်ရသလား'

ဟူ၍ ဖုံကျော်အား အော်ငေါက်လိုက်လေသည်။ ဖုံကျော်က မျက်လုံးပြူးလိုက်ပြီး....

'မင်းပဲ အောက်ချပေးပါဆို'

မိန်းကလေး ဒေါသထွက်သွားသည်။

'မင်း တော်တော်ရိုင်းစိုင်းပါလား၊ လူကြီးသူမကို ဒီလိုပဲ ပြောရသလား'

'ဟော....'

ဖုံကျော်ပါးစပ်အဟောင်းသား ဖြစ်သွားရလေသည်။ မျက်လုံးအပြူးသားဖြင့် မိန်းကလေးအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်မိသည်။

ထိုမိန်းကလေးမှာ နန်းဝတ်နန်းစားများ ဝတ်ဆင်ထားသည်။

အပျိုတော်ကြီးတစ်ယောက်ပမာ ဆံထုံးထုံးထား၏။ သူမ၏လည်ပင်းတွင် ငွေရောင်ဆွဲပြားတစ်ခု ဆွဲထားသည်။

သူမ၏ ဝတ်စားဆင်ယင်ပုံမှာ ထူးခြားနေသည်သာ မက သူမ၏ မျက်နှာအမူအရာမှာလည်း အလွန်ပင် ထူးခြားနေလေသည်။

သူမ၏ မျက်လုံးအစုံသည် စူးရှတောက်ပလွန်းလှ၏။ မျက်နှာသည်လည်း အလွန်တည်ကြည်လေးနက်သည့်အသွင် ဆောင်နေလေသည်။

ဖုကျိသည် မိန်းကလေးအား မျက်လုံးပြူး၍ အတန်ကြာငေးမောကြည့်နေမိပါလေသည်။

မိန်းကလေးမှာ ခေါင်းရှုပြီး မြေပေါ် ငစ်ချက်ဆောင့်လိုက်သည်။

'မင်း တော်တော်ရိုင်းပါလား၊ လူကြီးသူမကို မျက်လုံးပြူးပြီး ကြည့်ရသလား'

ထိုမိန်းကလေး၏ ဟန်ပန်အမူအရာကို တွေ့ရသည့်အခါ ဖုကျိမှာ မနေနိုင်တော့ဘဲ ဟက်ခနဲ ရယ်မိလိုက်လေတော့သည်။

'ကလေးမလေးက တော်တော် ရယ်စရာ ပြောတတ်တာပဲ'

'ဘာ....ဘာ'

မိန်းကလေး လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။ ရှေ့တိုးလာပြီး ဖုကျိအား ပါးရိုက်ရန် လက်ရွယ်လိုက်သည်။ ဖုကျိ ကမျက်နှာ နောက်ဆုတ်လိုက်၏။

'မင်းက ဘယ်လိုသဘောလဲ၊ ငါက မင်းကိုလဲ ကယ်လာခဲ့ရသေးတယ်၊ မင်းက ငါ့ကို ပြန်ပြီး ပါးရိုက်ချင်သေးတယ်ဟုတ်လား'



သူ၏ စကားကြောင့် မိန်းကလေး တွေဝေသွားလေတော့သည်။

သို့သော်....

ချက်ချင်းပင် နှုတ်ခမ်းစူလိုက်ပြီး....

'မင်းက ရိုင်းလို့ ရိုင်းတယ် ပြောတာ ဘာဖြစ်သလဲ'

'နေစမ်းပါဦး... ကျုပ်ကို ရိုင်းတယ်လို့ ဘာကြောင့် စွပ်စွဲရတာလဲ'

'သြ....မင်း ငါ့ကို ကလေးမလေးလို့ ပြောခဲ့တာကို မေ့သွားပြီပေါ့လေ'

'ကလေးမလေးမို့ ကလေးမလေးလို့ ခေါ်တာ ဘာဖြစ်လဲ'

'ဖြစ်တာပေါ့၊ ငါက မင်း အသွားလောက်ရှိတာ ငါ့ကို ကလေးမလေးလို့ ခေါ်ရသလား'

'ဟား....ဟား....ဟား'

ဖုကျိ ဟားတိုက်ရယ်မောလိုက်မိလေသည်။ မိန်းကလေးကား စိတ်ဆိုးနေလေသည်။

'မင်း....မင်း ပါးစပ်ပိတ်ထားလိုက်စမ်း'

သူမ အမှန်တကယ် စိတ်ဆိုးနေမှန်း တွေ့ရသဖြင့် ဖုကျိမှာ ရယ်မောခြင်းကို ရပ်တန့်လိုက်လေသည်။

ထိုအချိန်မှာပင်....

မိန်းကလေးသည် ဖုကျိုအား ပါးရိုက်ချလိုက်သည်လေသည်။

ဖုကျိုက လက်ဖြင့်ကာလိုက်ရာ သူမသည် ဖုကျို၏သတ်ကို ဆုပ်ကိုင်မိသွားလေသည်။

'ဟင်....ဒါက ဘာလဲ'

မိန်းကလေးသည် ဖုကျို၏ လက်မှ လက်စွပ်ကလေးကို ဆုပ်ကိုင်မိလိုက်သဖြင့် ထိုလက်စွပ်ကို မျက်လုံးကျွတ်ထွက်မတတ် စိုက်ကြည့်မိလိုက်လေသည်။

'ဘာရမလဲ၊ လက်စွပ်ပေါ့'

'လက်စွပ်ဆိုတာတော့ ငါသိတာပေါ့'

မိန်းကလေးသည် ဖုကျို၏ လက်ကို မလွှတ်ဘဲ အတင်းဆွဲထားလိုက်၏။

သူမ၏ မျက်လုံးများသည် လက်စွပ်ကလေးမှ မခွာတော့ပါ။

ဖုကျိုထံတွင် ကိုလက်စွပ်ကလေးကို ဘွာလိုက်ရသဖြင့် အံ့ဩထိတ်လန့်နေပုံလည်း ရလေသည်။

'ပြောစမ်း....ဒီလက်စွပ်ကလေးကို မင်း ဘယ်က ခိုးလာတာလဲ'

မိန်းကလေး၏ စကားကြောင့် ဖုကျို ဒေါပွသွားလေသည်။

'ဘာဗျ'



ဖုကျိုသည် မိန်းကလေးကို မကျေမနပ် ကြည့်ကာ....

'ကျုပ်က ကျောင်းသင်ခန်းမှာ နေတဲ့ လူတစ်ယောက်ပါဗျ၊ သူများပစ္စည်းကို ဘာကြောင့် ခိုးရမှာလဲ'

မိန်းကလေးမှာ ဖုကျို၏ စကားကို သိပ်လက်ခံချင်ပုံမရပါ။

'ဒါဖြင့် ဘယ်လိုလုပ်ပြီး မင်းလက်ထဲ ရောက်လာတာလဲ'

'သူများပေးလိုက်လို့ပေါ့'

မိန်းကလေး၏ အသက်ရှူသံ မြန်လာသည်။

သူမ ဒေါသထွက်လာပုံရလေသည်။

'မင်း လိမ်ပြောနေတယ်ဆိုတာ ငါသိတယ်၊ ကဲ... ဘယ်လိုလုပ်ပြီး ရလာသလဲဆိုတာ မှန်မှန်ပြော၊ မပြောရင် သေဖို့သာ ပြင်ထား'

ဖုကျို အံ့ဩသွား၏။

မိန်းကလေးကို နားမလည်နိုင်စွာ ကြည့်လိုက်မိသည်။

'သူက ဘာကြောင့် ဒီလောက်တောင် သဲကြီးမဲကြီး ဖြစ်နေတာပါလိမ့်'

ဖုကျို တွေးတောစဉ်းစားနေစဉ်မှာပင် မိန်းကလေး၏ အော်ငေါက်သံ ထွက်ပေါ်လာပြန်လေသည်။

'ပြောစမ်း၊ မပြောရင် မင်းကိုငါသတ်ပစ်မယ်'

ဖုကျို ရယ်မောလိုက်သည်။

'ကဲပါ၊ ကလေးပီပီနေစမ်းပါကွာ၊ ဘာကြောင့်စကားကြီးစကားကျယ်ပြော....'

'ဖြန်း....'

ဖုကျိ၏ စကားမဆုံးမီမှာပင် မိန်းကလေး၏ လက်ဝါးက သူ၏ပါးပြင်ပေါ်သို့ ကျရောက်လာလေသည်။

ပါးရိုက်ခံလိုက်ရခြင်းကြောင့် ဖုကျိပါးပြင်တစ်ခုလုံး ပူထူသွားလေတော့သည်။

ဖုကျိ ဒေါသထွက်သွားပြီး....

'ဟေ့၊ မင်းဘယ်လိုလုပ်လိုက်တာလဲ'

'ပြောစမ်း၊ ဆင်းတိချူးရဲ့လက်စွပ်ကို မင်းဘယ်လိုလုပ်ရလာတာလဲ'

မိန်းကလေးက အော်ငေါက်မေးမြန်းလိုက်ရာ....

ဖုကျိ မျက်လုံးပြူးသွားလေသည်။

'မင်း.... မင်းက ဆရာကြီး ထင်တိချူးကို သိနေတယ်ဟုတ်လား'

'သိပ်သိတာပေါ့၊ သူကငါ့ကို အစ်မကြီးလို့ တောင်ခေါ်ရဦးမယ်'

'ဟာ.... မဖြစ်နိုင်တာဗျာ'

ဖုကျိသည် မိန်းကလေး၏စကားများကြောင့် အံ့သြပြီးရင်း အံ့သြနေရတော့၏။



ထိုမိန်းကလေးမှာ စိတ်မှကောင်းရဲ့လားဟုပင် ထင်မှတ်မိ၏။

'မင်းမယုံရင် သူ့ကိုသွားမေးကြည့်ပါလား'

ထင်းတိချူးမှာ သေဆုံးသွားခဲ့ပြီဖြစ်သည်။

မည်သို့ မေး၍ရနိုင်တော့မည်နည်း။

'ကျုပ်မမေးတော့ပါဘူးဗျာ'

မိန်းကလေးက မဲ့ပြုံးပြုံးရင်း....

'အေး.... မင်းသွားမေးရင်လဲ ငါပြောတဲ့အတိုင်း ပြန်ပြောမှာပဲ၊ သူက ငါ့ထက်ရှစ်နှစ်တောင် ငယ်တယ်၊ ဒါကြောင့် အစ်မကြီးလို့ ခေါ်တာ ဘာဆန်းသလဲ'

မိန်းကလေးသည် အသက်ဆယ်နှစ်ခန့်သာရှိမည်ဟု ထင်ရလေသည်။

သို့သော် အသက် ခုနစ်ဆယ်၊ ရှစ်ဆယ်ခန့်ရှိ အဘွားအိုတစ်ယောက်၏ လေသံမျိုးနှင့် ပြောဆိုနေခြင်းကြောင့် ဖုကျိ ခေါင်းကုတ်လိုက်မိသည်။

'နေပါဦး၊ မင်းကဘယ်သူလဲ၊ မင်းနာမည် ဘယ်လိုခေါ်သလဲ၊ ပြောစမ်းပါဦး'

ဖုကျိက မိန်းကလေးအား ခြေဆုံးခေါင်းဆုံးကြည့်ရင်း မေးလိုက်သည်။

မိန်းကလေးက လက်ကာပြလိုက်ရင်း....

'မင်း မေးပိုင်ခွင့်မရှိဘူး'

'ဘာပြောတယ်'

'မင်း ကျုပ်ကိုခေါ်ချင်တယ်ဆိုရင် ဘွားဘွားလို့ ခေါ်နိုင်တယ်'

'ကောင်းကွာ'

ဖုကျိမှာ ရှူးချင်စိတ်များပင် ဖြစ်ပေါ်လာလေတော့သည်။

မိန်းကလေးက....

'ငါ့ကို ဘွားဘွားလို့ မခေါ်ရင် ဒုက္ခရောက်သွားလိမ့်မယ်'

ဖုကျိ မကျေမနပ်ဖြစ်သွားသဖြင့်....

'ကောင်းပါပြီဗျာ၊ ခေါ်ပါ့မယ် ဘွားဘွား၊ ဘွားဘွား'

ဖုကျိမှာ ခေါ်ရင်း ရယ်ချင်လာသည်။

သို့သော် မရယ်ဘဲ ခပ်တည်တည်နေလိုက်၏။

မိန်းကလေးကား ဘွားဘွားဟု အခေါ်ခံရသဖြင့် စိတ်ဆိုးသွားခြင်း မရှိသည့်အပြင် ကျေနပ်သွားပုံရသည်ကိုတွေ့ရ၏။

'အေး.... ဒီလိုမှပေါ့'

ဖုကျိမှာ အံ့သြမဆုံးအောင် ဖြစ်နေရတော့သည်။

သူမသည် ဖုကျိ၏လက်စွပ်ကို ညွှန်ပြရင်း....

'မှန်မှန်ပြောစမ်း၊ ဒီလက်စွပ်ကို ဘယ်ကရတာလဲ'

'ထင်းတိချူးဆီက ရတာပေါ့'

မိန်းကလေး မျက်မှောင်ကြုတ်သွားပြီး....

'နေစမ်းပါဦး၊ မင်းပြောနေပုံက ထင်းတိချူးကပဲ မင်းကို ပေးလိုက်သလိုမျိုးပါလား'



'သူပေးလိုက်လို့ ရတာပေါ့၊ မပေးဘဲ လုယူလို့ ရပါမလား'

ယခုတစ်ကြိမ်တွင် မိန်းကလေးက ခေါင်းညိတ် သဘောတူလိုက်လေသည်။

'အေး ဒါတော့ ဟုတ်တယ်၊ သူ့ဆီက လုယူနိုင်တဲ့အရည်အချင်း မင်းမှာရှိတာမှ မဟုတ်တဲ'

ဖုကျိ အောင့်သက်သက် ဖြစ်သွားလေသည်။

'ဒီလက်စွပ်နဲ့ ပတ်သက်ပြီး သူ့မှာ အစီအစဉ်တစ်ခုရှိတယ်လို့ ငါကြားမိတယ်'

သူမသည် ဖုကျိအား စိုက်ကြည့်လိုက်ပြီး စကားဆက်လိုက်၏။

'သူက စစ်ဘုရင် ကွက်ဆန်းတစ်ခု တီထွင်ခဲ့တယ်မဟုတ်လား'

ဖုကျိ ခေါင်းညတ် လိုက်သည်။

'ဟုတ်တယ်'

မိန်းကလေးသည် ထင်းတိချူး၏ စစ်တုရင်ကွက်ဆန်းအကြောင်း အဘယ်ကြောင့် သိရှိနေပါသနည်းဟု စိတ်ဝင်စားလာလေသည်။

မိန်းကလေးက ဆက်ပြောပြန်၏။

'ဒီလက်စွပ် ရလာခဲ့တယ်ဆိုတော့၊ ကေန္ဒ မင်းဟာ သူ့ရဲ့ စစ်ညီရင်အကွက်ဆန်းကို နိုင်အောင် ကစားနိုင်ခဲ့တယ် မဟုတ်လား'

‘ဟုတ်ပါတယ်ဗျာ’

ဖုကျိုမှာ ပို၍အံ့သြရလေတော့သည်။

ထိုအချိန်မှာပင်....

‘မြန်မြန်လာကြဟေ့’

‘သူတို့ ဒီဘက်ကို ပြေးသွားတာပဲ ဖြစ်မယ်’

‘လိုက်ကြဟေ့၊ ဝေးဝေးကို ရောက်ဦးမှာ မဟုတ်သေးဘူး’

ခပ်လှမ်းလှမ်းမှာ ဆူဆူညံညံ အသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဖုကျို ရင်ထိတ်သွား၏။

‘ဟိုက်....ဟိုလူတွေ လိုက်လာကုန်ကြပြီ’

မွှုပြာပြီး မိန်းကလေးအားကြည့်လိုက်သည်။ ထိုမိန်းကလေးမှာ မျက်နှာတစ်ခုလုံး ဖြူဖွေးသွားသည်ကို တွေ့လိုက်ရသည်။ သူမသည်း ကြောက်ရွံ့ထိတ်လန့်သွားပုံ ရလေသည်။

‘ကဲ....မြန်မြန် ပြေးတော့လေ’

မိန်းကလေး လူပ်လူပ် ရှားရှား ဖြစ်သွားသည်။

‘ငါ....ဘယ်လိုလုပ် ပြေးရမှာလဲ’

ဖုကျိုက....

‘ဘွားဘွားမှာ ခြေထောက်ပါတာပဲ ခြေထောက်နဲ့ပြေးပေါ့’

‘ဘာ....ဘာ’



ထိုအချိန်တွင် ဆူဆူညံညံ အသံများ ပို၍ ထွက်ပေါ်လာသည်။

လောက်တတို့ လူစုသည် တစ်စထက်တစ်စ နီးကပ်လာပြီသည်။

‘မြန်မြန်ပြန်လေ’

ဖုကျိုက စိတ်မရှည်နိုင်ဟန်ဖြင့် ပြောလိုက်၏။

မိန်းကလေး ခေါင်းခါယမ်းလိုက်သည်။

‘ငါမပြေးနိုင်ဘူး’

‘ဪ....ဘွားဘွားက မကျေနပ်လို့ သူနဲ့ ရင်ဆိုင်မယ်ပေါ့ ဟုတ်လား’

‘သွားစမ်းပါ’

‘ဟင်....ဘယ်လိုဖြစ်တာလဲ’

မိန်းကလေးသည် ကျိတ်မနိုင် ခဲမရ ဖြစ်နေပုံမျိုးဖြင့်....

‘ငါက ခုချိန်မှာသိုင်ပညာကို သုံးလို့မရသေးလို့ သူများ ဖမ်းတာ ခံရတယ်ဆိုတာ မင်းမတွေ့ဘူးလား’

ဖုကျို ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

‘ဟုတ်တယ်....ဟုတ်တယ်၊ လောက်တာက ဘွားဘွားကို ဝက်တစ်ကောင်လို အိတ်ထဲထည့်ပြီး ဖမ်းခေါ်လာခဲ့တာပဲ’

‘ဟေ့....ငါ့ကိုဝက်တစ်ကောင်လို့ မပြောနဲ့’

ဖုကျို လက်ကာပြလိုက်လေသည်။

‘မပြောနဲ့ဆိုလဲ မပြောတော့ပါဘူးဗျာ’

သူသည် ရယ်ချင်စိတ်ကို ကြိတ်မှိတ် မြိုသိပ်ထားရလေသည်။

မိန်းကလေးက...

'ဟိုမှာ လိုက်လာနေကြပြီ'

သူမ၏အသံ တုန်တုန်ယင်ယင် ဖြစ်နေ၏။ ဖုကျို ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်....သူတို့ရောက်လာရင် မလွယ်ဘူး'

သူက မိန်းကလေးအား ဦးညွှတ်လိုက်ပြီး....

'ကဲ....ဘွားဘွား ကျွန်တော့်ကို သွားခွင့်ပြုပါဦးဗျာ'

စကားဆုံးလျှင် ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

'ဟော့....ဟော့....နေဦး'

မိန်းကလေးက အထိတ်တလန့်ဖြင့် ဟန့်တားလိုက်၏။ ဖုကျိုက လှည့်ကြည့်လိုက်ပြီး....

'ဘွားဘွား ဘာပြောချင်သေးလို့လဲ'

'မင်း ငါ့ကိုခေါ်မသွားတော့ဘူးလား'

'ဟင်.. ဘွားဘွားကို ခေါ်သွားရမယ် ဟုတ်လား'

'ဟုတ်တယ်၊ မြန်မြန်ခေါ်သွားစမ်း'

မိန်းကလေးသည် အဘွားအိုတစ်ယောက်အသွင် ဟန်ဆောင်နေသော်လည်း တကယ်တမ်း အန္တရာယ်နှင့် ကြုံတွေ့လာရသောအခါ မိမိ၏အကူအညီကို လိုလားနေကြောင်း ဖုကျို နားလည်လိုက်မိလေသည်။



သူမအား ကူညီရန် ဖုကျို ဆုံးဖြတ်ထားပြီး ဖြစ်လေသည်။ သို့သော်....

ကြီးကြီးကျယ်ကျယ်ပြောသည့် သူမအား ဆုံးမနိုင်ရန် တမင်အချိန်ဆွဲထားခြင်း ဖြစ်လေသည်။

'ဘွားဘွားက ကျွန်တော့်နောက်ကို လိုက်မယ်ဆိုရင်တော့ ကျွန်တော့်စကားကို နားထောင်ရလိမ့်မယ်'

'ဘာလဲ'

ဖုကျိုက မြေပေါ်တွင် ကျနေသည့် အဝတ်အိတ်ကြီးကို ညွှန်ပြရင်း....

'ဘွားဘွား အိတ်ထဲကို ပြန်ဝင်လိုက်ပါ၊ ကျွန်တော် ထမ်းခေါ်သွားမယ်'

မိန်းကလေး အံကြိတ်လိုက်သည်။

'ကောင်းပြီ၊ တစ်နေ့ မင်းကို ငါဆုံးမမယ်ဆိုတာ မှတ်ထားပါ'

မိန်းကလေးသည် မကျေမနပ်ဖြင့် ကြိမ်းမောင်းရင်း အဝတ်အိတ်ကြီးအတွင်းသို့ ဝင်လိုက်လေသည်။

'ဟား....ဟား....ဟား'

ဖုကျို သဘောကျစွာ ရယ်မောလိုက်သည်။

ထိုစဉ်....

'ဟော့....ဟိုဘက်က ရယ်မောသံကြားတယ်ကွ'

'ဟုတ်တယ်....သွားကြည့်ကြရအောင်'

'မြန်မြန်လာကြဟေ့'

သူဆူညံသံ အသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဖုကျိ မနေနိုင်တော့ပါ။

မိန်းကလေးဝင်နေသည့် အဝတ်အိတ်ကြီးကို ပခုံးပေါ် ကပျာကယာ ထမ်းလိုက်ပြီး လျင်မြန်စွာ ပြေးလေတော့သည်။

....၀....

ဖုကျိသည် ရှေ့သို့ တစိုက်မတ်မတ် ပြေးလွှားသွားနေ၏။ သူသည် တောအုပ်တစ်ခုကို ဖြတ်ကျော်ပြီးသောအခါ လွင်ပြင်တစ်ခုသို့ ရောက်ရှိလာ၏။

ညဘက်က ကျဆင်းခဲ့သည့် နှင်းပွင့်များသည် လွင်ပြင်တစ်ခုလုံး ဖုံးလွှမ်းလျက် ရှိနေသည်။

ဖုကျိက လွင်ပြင်ကိုဖြတ်၍ ပြေးသွား၏။



အတန်ကြာ ပြေးလွှားပြီးမှ နောက်လှည့်ကြည့်လိုက်သောအခါ နှင်းမြေပေါ်တွင် ခြေရာများ အတိုင်းသား ထင်ကျန်နေရစ်ခဲ့သည်ကို တွေ့ရလေသည်။

'ဟာ....ဒုက္ခပါပဲ'

ဖုကျိ လွှတ်ခနဲ ရေရွတ်လိုက်မိသည်။

ရန်သူများ ခြေရာခံလိုက်လာနိုင်ရန် လမ်းပြသလို ဖြစ်နေပြီမဟုတ်ပါလား။

'ဘာဖြစ်တာလဲ...,ဘာဖြစ်တာလဲ'

မိန်းကလေးက ကျောပိုးအိတ်အတွင်းမှနေ၍ ပျာပျာသလဲ မေးလိုက်၏။

ဖုကျိက လွင်ပြင်ပေါ်၌ ခြေရာထင်ကျန်ခဲ့ကြောင်းကို ရှင်းပြလိုက်ရာ မိန်းကလေး ဒေါသထွက်သွားသည်။

'မင်းတော်တော် အသုံးမကျတဲ့ကောင်ပဲ'

'ဘာပြောတယ်ဗျ'

ဖုကျိသည် သူမအား လွင်ပြင်ထဲ၌ ထားပစ်ခဲ့ရန်အထိပင် ဒေါသထွက်သွားမိလေသည်။

မိန်းကလေးက....

'ကိုယ်ဖော့ပညာ အသုံးပြုပြီး ပြေးမှပေါ့၊ မင်း ဒီလောက်တောင် အ,ရသလား'

ဖုကျိ မကျေမနပ် ဖြစ်သွားသည်။

'ကျုပ်မှ ကိုယ်ဖော့ပညာမတတ်တာ'

'ဘာပြောတယ်၊ မင်းမတတ်ဘူးဟုတ်လား'

'ဟုတ်တယ်'

'ငါ့ကိုမလိမ်နဲ့၊ မင်းဟာ အတွင်းအား အင်မတန်ကောင်းတဲ့ လူဆိုတာ ငါသိတယ်၊ ကိုယ်ဖော့ပညာ ဘာဖြစ်လို့ မတတ်ရမှာလဲ'

'မတတ်လို့ မတတ်ဘူး ပြောတာပေါ့ဗျ'

မိန်းကလေးက စိတ်မရှည်နိုင်တော့ဘဲ....

'အေး....မတတ်ရင် ငါ သင်ပေးမယ်၊ ငါ ပြောသလို လုပ်'

ဖုကျို နှာခေါင်းရှုံ့လိုက်သည်။

'ကောင်းပါပြီဗျာ၊ ကျုပ်ကိုသင်ပေးပါ'

မိန်းကလေးက....

'မင်းရဲ့ဒူးနှစ်ဘက်ကို ကွေးထား၊ အတွင်းအားကို ချက်နေရာမှာ စုစည်းထားလိုက်၊ ပြီးတော့မှ ခန္ဓာကိုယ်ထဲကို တဖြည်းဖြည်းချင်း လှည့်ပတ်လိုက်၊ သွေးလည်ပတ်မှုအတိုင်း အတွင်းအားပါ လှည့်ပတ်နေပြီဆိုမှ မင်းရဲ့ကြွက်သားကို ဖြည်လျှော့ထားလိုက်၊ မင်းရဲ့စိတ်ထဲမှာ ယို့စင်းသွေးကြောနေရာကို အာရုံစူးစိုက်ထားပြီး တစ်ကိုယ်လုံး အပေါ်ကိုကြွတက်သွားတယ်လို့ တွေးနေရမယ်၊ ခြေဖျားထောက်ပြီး မြေပေါ် အားယူခုန်ရမယ်'

ဖုကျို အံ့သြသွားသည်။



ထိုမိန်းကလေးနှင့် ပတ်သက်ပြီး နားမလည် နိုင်လောက်အောင်လည်း ဖြစ်သွားရလေသည်။

မည်သို့ဆိုစေ သူမ ပြောသည့်အတိုင်း လုပ်ကြည့်ခြင်းက မမှားနိုင်ဟု ယူဆသဖြင့် ချက်ချင်းပင် လုပ်ကြည့် လိုက်လေသည်။

ယို့စင်း သွေးကြောနေရာကို သူမသိပါ။

ထို့ကြောင့် သူနားလည်သလို ပြုလုပ်လိုက်လေသည်။

ရုတ်တရက် သူ၏ ခန္ဓာကိုယ် နွေးနွေးထွေးထွေး ဖြစ်လာသည်။

ပေါ့ပါး လန်းဆန်း လာသလို ခံစားရ၏။

မြေပေါ် ခြေဖျားကို အားပြုလိုက်သည်နှင့် ရုတ်တရက် သူ၏ ခန္ဓာကိုယ်မှာ အပေါ်သို့ ကြွတက်သွားလေသည်။

'ဟာ....'

ဖုကျို လွှတ်ခနဲ လန့်အော်လိုက်၏။

'ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ....'

မိန်းကလေးက အထိတ်တလန့် မေးလေသည်။

ဖုကျို ခေါင်းယမ်းကာ ...

'ဘာမှ မဖြစ်ပါဘူးဗျာ....'

မိန်းကလေး ကျဲမြီး တိုသွား၏။

'ဘာမှ မဖြစ်ဘဲနဲ့ အော်နေရသလား'

ဖုကျ ိ၏ သဘောကျစွာ ပြုံးလိုက်ပြီး....

'ဘွားဘွားပြောတဲ့အတိုင်းလုပ်တာ ကျွန်တော့်ရဲ့ ခန္ဓာကိုယ်အပေါ်ကို ကြွတက်သွားလို့ဗျ....'

'အဲဒါ ဘာဖြစ်သလဲ....'

'ဘာဖြစ်ရမလဲ ကျွန်တော် ကိုယ်ဖော့ပညာ တတ်သွားပြီပေါ့ဗျ'

'ဟွန်း.... ဒီလောက်ကလေးနဲ့များ မင်းက ဂုဏ်ယူနေရသလား၊ ကဲ... မြန်နိုင်သလောက် မြန်အောင်ခုန်၊ ဝေးဝေးရောက်အောင် ခုန်စမ်း'

ဖုကျ ိသည် ဘာမျှ ပြန်မပြောတော့ဘဲ သူမပြောသည့်အတိုင်း ပြုလုပ်လိုက်လေသည်။

ထိုအခါ သူ၏ ခန္ဓာကိုယ်မှာ ဗွေ့ခနဲ ဗွေ့ခနဲဖြင့် အဝေးသို့ လျင်မြန်စွာ ရောက်ရှိ သွားလေတော့သည်။

နောက်လှည့်ကြည့်လိုက်သောအခါ နှင်းမြေပေါ်၌ ခြေရာထင် ကျန်နေရစ်ခဲ့သည်ကို မတွေ့ရတော့ချေ၊ ကိုယ်ဖော့ပညာအမှန်တကယ်ပင် တတ်မြောက်ခဲ့ပြီဖြစ်ကြောင်း ထင်ရှား နေချေပြီ....

'ဟေ့....ငါ ကိုယ်ဖော့ပညာ တတ်ပြီကွ....'

ဖုကျ ိသည် ဝမ်းသာအားရ အော်ဟစ်ပြီး ပို၍ လျင်မြန်စွာ ပြေးလွှား သွား၏။



လေထုကို ထိုးခွင်းသွားသော မြားတစ်စင်းပမာ သူ၏ ခန္ဓာကိုယ်သည် လွင်ပြင်ပေါ်၌ ရိပ်ခနဲ ရိပ်ခနဲ ဖြတ်သန်းသွားပြီး အဝေးသို့ ရောက်ရှိသွားကာ မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

....o....

အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင် အောက်၌ ဖုကျ ိနှင့် မိန်းကလေးတို့ မျက်နှာခြင်းဆိုင် ထိုင်နေကြလေသည်။

ဖုကျ ိမျက်နှာ ပြုံးရွှင်နေ၏။

အဝေးမှ ပြေးလာခဲ့ရသည့်တိုင် လုံးဝ ချွေးထွက်ခြင်း မရှိချေ။

မောပန်း နွမ်းနယ်ခြင်းလည်း မရှိပါ။

ဤသို့ ဖြစ်ရသည်မှာ ကိုယ်ဖော့ပညာ၏ အစွမ်းသတ္တိကြောင့် ဖြစ်လေသည်။

ကိုယ်ဖော့ပညာ တတ်ပြီဟူသော အတွေးဖြင့် ဖုကျိုမှာ ဝမ်းသာ ပျော်ရွှင်နေလေတော့သည်။

'ဟင်း...ဘာပြုံးနေတာလဲ...'

မိန်းကလေး၏ စကားသံ ထွက်ပေါ်လာလေသည်။

သို့သော်....ဖုကျိုမှာ ကိုယ့်အတွေးနှင့်ကိုယ်ဖြစ်၍ ဘာမျှ ပြန်မပြောဖြစ်ချေ။

'မင်းက နှောင်ကြိုးမဲ့ဂိုဏ်းရဲ့ ဂိုဏ်းချုပ် ဖြစ်နေပြီဆိုတာကို တွေးပြီး သဘောကျနေတာမို့လား'

မိန်းကလေး ဆက်ပြောလိုက်၏။

ထိုစကားကြားမှ နှောင်ကြိုးမဲ့ဂိုဏ်းဟူသည့် အမည်ကို သတိရလာလေသည်။

ဇောစင်းဟိုကသူအား နှောင်ကြိုးမဲ့ဂိုဏ်း၏ ဂိုဏ်းချုပ်ဖြစ်ပြီ ဟု ပြောခဲ့လေသည်။

နှောင်ကြိုးမဲ့ ဂိုဏ်း မည်သည့်နေရာတွင် တည်ရှိနေသည်ကို ဖုကျိုမသိပါ။ နှောင်ကြိုးမဲ့ ဂိုဏ်းသားများမှာလည်း မည်သူ မည်ဝါဖြစ်သည်ကို မသိပါ။

'ထင်းတီချူးက သူ့ရဲ့စစ်တုရင် ကွက်ဆန်းကို နှစ်ပေါင်း သုံးဆယ်လုံးလုံး အပင်ပန်းခံပြီး တီထွင်ထားခဲ့တာ၊ မင်းက ဘယ်လိုလုပ်ပြီး အနိုင်ယူနိုင်ခဲ့တာလဲ'

မိန်းကလေးက ဆက်၍ မေးလိုက်ပြန်သည်။



သူမသည် ထင်းတီချူးနှင့် ပတ်သက်ပြီး တိတိကျကျ သိရှိထားပုံရသည်ဟု ဖုကျို ထင်နေမိလေသည်။

သို့သော် ကြီးကြီးကျယ်ကျယ် နိုင်လှသ မကျေနပ်သဖြင့်....

'လွယ်လွယ်ကလေးပါဗျာ....'

ဟု ခပ်ပေါ့ပေါ့ပင် အဖြေပေးလိုက်လေသည်။

မိန်းကလေး မကျေမနပ် ဖြစ်သွား၏။

'ကဲ...လွယ်တယ်ဆိုရင် လက်တွေ့ပြစမ်းပါ'

သူမသည် သစ်ကိုင်းချောက် တစ်ခုကို ကောက်ယူလိုက်ပြီး မြေပေါ်တွင် ရေးခြစ် လိုက်လေသည်။

ခဏအတွင်း မြေပေါ်၌ စစ်တုရင်ကွက်တစ်ခု ဖြစ်ပေါ်လာလေသည်။

ထိုစစ်တုရင်ကွက်ကို မြင်သည့်အခါ....

'ဟာ....'

ဖုကျိုလွှတ်ခနဲ အော်လိုက်မိ၏။

အံ့သြလွန်းသောကြောင့် မျက်လုံးများပင် ပြူးသွား လေသည်။

ဇောစင်းဟိုနှင့် ခြင်္သေ့မင်းသားတို့ ယှဉ်ပြိုင်ခဲ့ကြသော စစ်တုရင်ကွက်နှင့် ယခု မိန်းကလေး ရေးခြစ်ထားသော စစ်တုရင်ကွက်မှာ တပုံစံတည်း ဖြစ်နေသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်သည်။

မိန်းကလေးသည် မိုးထိတောင် သိုင်းသမားကြီး ထင်းတိချူး တပ်ဆင်ထားသည့် စစ်တုရင် ကွက်ဆန်းကို အဘယ့်ကြောင့် သိရှိနေပါသနည်း။

ဖုကျိသည် မိန်းကလေးအား တအံ့တသြ ငေးကြည့်နေမိလေတော့သည်။

'ကဲ…. ကြည့်စမ်းပါဦး၊ ဟောဒီ စစ်တုရင်ကွက်က မှားနေသလား'

မိန်းကလေးက မေးလိုက်သည်။

ဖုကျိ ခေါင်းခါယမ်းလိုက်၏။

'မမှားပါဘူး'

မိန်းကလေးက သဘောကျစွာ ရယ်လိုက်သည်။

'ကောင်းပြီ၊ မမှားဘူးဆိုရင် မင်းက ဘယ်လိုလုပ်ပြီး အနိုင်ယူခဲ့တာလဲ၊ ပြောစမ်းပါဦး'

'ကျွန်တော်က ဟောဒီရွှေ့ကွက်ကို ရွှေ့ခဲ့လို့ပါ ဘွားဘွား'

သူရွှေ့ခဲ့သည့် ရွှေ့ကွက်ကို ပြသလိုက်လေသည်။

မိန်းကလေးက မျက်မှောင်ကြုတ်ကာ ငေးကြည့်နေ၏။

သူမ၏ မျက်လုံးအစုံတွင် ထူးခြားသည့် အရိပ်အယောင်များ ထွက်ပေါ်နေလေသည်။

အတန်ကြာမှ သက်ပြင်းချလိုက်ပြီး….

'အင်း…. ဒီရွှေ့ကွက်ကို ရွှေ့မယ်လို့ ဘယ်သူကထင်မိမှာတဲ့လဲ'



မိန်းကလေးက ခပ်ညည်းညည်းလေသံဖြင့် မှတ်ချက်ချလိုက်သည်။

ပြီးနောက်….

ဖုကျိကို သဘောကျစွာကြည့်ရင်း….

'မင်း ဘယ်ဆိုးလို့လဲ'

ဟု ချီးကျူးလိုက်လေသည်။

ဖုကျိက ရယ်ကျဲကျဲဖြင့်….

'ကျွန်တော် ကံကောင်းသွားလို့ပါ ဘွားဘွား'

ဖုကျိက အမှန်အတိုင်းပြောလိုက်ခြင်း ဖြစ်သည်။

မိန်းကလေးက….

'မင်းကို ထင်းတိချူးက အဖွဲ့ချုပ်နေရာ ပေးလိုက်တယ်ဆိုတော့၊ အင်း…. အင်း…. နှံ့နှံ့အအနဲ့ ဒုက္ခရောက်ဦးမှာ မြင်ယောင်သေးတယ်'

'ဗျာ…'

'အံ့မသြနဲ့၊ အဖွဲ့ချုပ် တစ်ယောက်အဖို့ ဘယ်လောက်တာဝန်ကြီးတယ်ဆိုတာ မင်းသိသလား'

ဖုကျိ ရင်လေးသွားလေသည်။

သူ့အနေဖြင့် အဖွဲ့ချုပ်လုပ်ရန် ဆန္ဒမရှိပါ။

သိုင်းလောကဥ္စ ကျင်လည်ကျက်စားရန်လည်း ရည်ရွယ်ချက်မရှိပါ။

မမျှော်လင့်ဘဲ ဒဏ်ရာပြင်းထန်စွာရကာ ကျောင်းသင်ခန်းသို့ ရောက်လာသည့် သိုင်းသမားတစ်ယောက်ကြောင့် ရှောင်လင်ကျောင်းသို့ ထွက်လာရခြင်းဖြစ်သည်။

လမ်းခရီးတွင် မမျှော်လင့်ဘဲ အရူးမအော့လျံနှင့် တွေ့ပြီး ဒုက္ခရောက်ခဲ့ရာမှ မမျှော်လင့်ဘဲ အတွင်းအားကောင်းသူ ထင်းတီချူး၏ ပညာအမွေကို ဆက်ခံခဲ့ရခြင်းဖြစ်သည်။

ထင်းတီချူးထံမှ ရရှိခဲ့သည့် အတွင်းအားကို အခြေခံကာ မိန်းကလေးပြောပြသည့် နည်းလမ်းအတိုင်း ပြုလုပ်ခဲ့ရာမှ ကိုယ်ဖော့ပညာကိုပင် အသုံးပြုနိုင်သည့် အခြေအနေသို့ ရောက်ရှိလာ၏။

ယင်းသို့ဖြင့် ဖုကျံသည် သိုင်းသမားတစ်ယောက် ဖြစ်မှန်းမသိ ဖြစ်လာခဲ့ရခြင်းပင်....။

ဖြစ်လာသည်မှာလည်း ရိုးရိုးသိုင်းသမားမဟုတ် 'နှောင်ကြိုးမဲ့ အဖွဲ့ချုပ်' ဖြစ်လာခဲ့ရသည်။

အဖွဲ့ချုပ်ဘဝသည် အဆင့်အတန်း မြင့်မားလွန်းလှပေသည်။

သူ့လို ကပ္ပိယလေးတစ်ယောက်နှင့် မထိုက်တန်ဟု ဖုကျံ ယူဆမိလေ၏။

ထို့ကြောင့်....

'ကျွန်တော်ကလဲ အဖွဲ့ချုပ်လုပ်ဖို့ စိတ်ကူးမရှိပါဘူးဗျာ'

'ဒါဖြင့် မင်းရဲ့လက်စွပ် ငါ့ကိုပေးမလား'

မိန်းကလေးက ကောက်ကာငင်ကာပင် မေးလိုက်လေသည်။



နဂိုကပင် သိုင်းလောကသားဖြစ်ရန် ရည်ရွယ်ချက်မရှိသော ဖုကျံမှာ လျော့လျော့လျူလျူပင် ခေါင်းညိတ်လိုက်လေ၏။

'ဘွားဘွား လိုချင်တယ်ဆိုရင်ယူပါ'

ဖုကျံမှာ မိန်းကလေးအား အရွဲ့တိုက်ကာ ဘွားဘွားဟု ခေါ်ရင်း တဖြည်းဖြည်း နှုတ်ကျိုးလာကာ ဘွားဘွားဟုပင် ခေါ်နေမိလေတော့၏။

'ဒါဖြင့် လက်စွပ်ချွတ်ပေး'

မိန်းကလေးက လက်ဖြန့်တောင်းလိုက်ရာ ဖုကျံက လက်စွပ်ကို ချွတ်ပေးလိုက်လေသည်။

မိန်းကလေးမှာ ဝမ်းသာအားရဖြစ်သွား၏။

'မင်းကို ကျေးဇူးတင်ပါတယ်ကွယ်'

သူမသည် လက်စွပ်ကိုယူကာ သူမ၏လက်တွင် စွပ်ထားလိုက်သည်။

ထိုအခါမှ ထူးဆန်းသောအဖြစ်ကို ဖုကျံ တွေ့မြင်လိုက်ရလေသည်။

မိန်းကလေး၏ လက်အဆစ်များသည် အရွယ်နှင့် မလိုက်အောင် ကြီးမားနေပြီး လက်ခလယ်တွင် လက်စွပ်ကို စွပ်၍မရဘဲ ဖြစ်နေတော့၏။

သူမသည် လက်ချောင်းကလေးများ၌ တစ်ချောင်းပြီး တစ်ချောင်း ပြောင်း၍စွပ်ရာ နောက်ဆုံး လက်သန်းတွင် စွပ်၍ရသွားလေသည်။

'ဘော်သေးတာပေါ့၊ ပေးတဲ့လူက ပေးတာတောင် စွပ်လို့မရရင် မယူနိုင်တဲ ဖြစ်သွားတော့မလို့'

ခပ်ညည်းညည်းပြောရင်း လက်စွပ်ကို အကျအန စွပ်လိုက်သည်။

'ထင်းတီချူးက မင်းကို တခြား ဘာမျာ: ပေးလိုက်သေးသလဲ'

ဖုကျုံကား သိုင်းလောကသား မဟုတ်သည့်အပြင် လူ့လောက၊ လူ့စရိုက်နှင့်ပတ်သက်၍ ဘာမျှသိရှိသူ မဟုတ်သော ကြောင့်....

'ပန်းချီကားတစ်ချပ် ပေးလိုက်ပါသေးတယ်ဗျာ'

အမှန်အတိုင်း ပြောလိုက်လေသည်။

မိန်းကလေးမှာ စိတ်ဝင်စားသွားပြန်သည်။

'ပန်းချီကား ဟုတ်လား၊ ပြောစမ်းပါဦး'

လက်ဖြန့်ကာ တောင်းလိုက်သည်။

ဖုကျုံက ဆီစိမ်စက္ကူကိုထုတ်ကာ ပေးလိုက်၏။

မိန်းကလေးက လှမ်းကာယူကာ ဖြန့်ကြည့်လိုက်လေသည်။

ပန်းချီကားထဲမှ လှပချောမောသော မိန်းကလေးတစ်ဦး၏ ချပ်ပုံကို မြင်သည့်အခါ မျက်နှာတစ်ချက် ရှုံ့မဲ့သွား၏။

'ဟွန်း....သူက အကျင့်ကိုမဖျောက်နိုင်သေးဘူး'



မိန်းကလေးက နှာခေါင်းရှုံ့ရင်း ဖြစ်တတ်ပြောဆိုလိုက်လေသည်။

ဖုကျုံ မျက်မှောင်ကြုတ်သွား၏။

မိန်းကလေးသည် ထင်းတီချူးအကြောင်းကို သိသားသူဖြစ်သည်မှာ မှန်ပေသည်။

ဤသို့ဆိုလျှင် သူမသည် အမှန်တကယ်ပင် သူ၏အဘွား အရွယ် ရှိနေသည်လော။

'မဖြစ်နိုင်ဘူး'

စဉ်းစားတွေးတောရင်း ဖုကျုံ ခေါင်းခါယမ်းလိုက်မိလေသည်။

မိန်းကလေးက ဖုကျုံအား ဂရုမစိုက်ပါ။

ပန်းချီကားကို စိုက်ကြည့်နေသော သူမ၏မျက်လုံးအစုံတွင် မုန်းတီးစက်ဆုပ်သည့် အရိပ်အယောင်များ ထွက်ပေါ်လာ၏။

'တောက်....ဒီပန်းချီကားကို သူရေးဆွဲခဲ့တာ ဟုတ်လား၊ သူက စွဲစွဲလမ်းလမ်းဖြစ်နေတယ်ပေါ့လေ၊ သွားစမ်း'

မိန်းကလေးသည် ပြောဆိုရင်း ပန်းချီကားကို လွှင့်ပစ်လိုက်လေသည်။

ပန်းချီကားမှာ မြေပေါ်ကျသွား၏။

မိန်းကလေးသည် ထိုမျှနှင့် ကျေနပ်ဟန်မတူ။

ပန်းချီကားကို ခြေထောက်ဖြင့် တက်နင်းလိုက်ပြန်သည်။

'ကဲ....ဘာတတ်နိုင်သေးသလဲ'

နှုတ်မှလည်း အော်ဟောက်နေသေး၏။

ဖုကျို ရင်ထိတ်သွားသည်။

'ဟာ....ဒီလိုတော့ မလုပ်ပါနဲ့ဗျာ'

ဖုကျိုက ပြောရင်း ပန်းချီကားကို ပြေးကောက်လိုက်လေသည်။

ပန်းချီကားမှာ စိုစွတ်နေသည့် မြေပေါ်၌ ကျသွားသည် ဖြစ်ရာ ချက်ချင်းပင် ညစ်ပတ်ပေကျံသွားလေတော့သည်။

ဖုကျို စိတ်မကောင်းဖြစ်သွား၏။

ပေကျံသွားသော ဖုန်မှုန်များကို သုတ်ပစ်လိုက်လေသည်။

'ခင်ဗျား မလိုချင်ဘူးဆိုရင်တော့ ကျုပ်ပဲ သိမ်းဆည်းထားလိုက်ပါမယ်ဗျာ၊ ဒီလိုတော့ မလုပ်ပါနဲ့'

ဖုကျိုက နှုတ်မြှောဟန်ဖြင့်ပြောကာ ပန်းချီကားကို ကောက်ယူ သိမ်းဆည်းထားလိုက်၏။

'သိမ်းထား... သိမ်းထား၊ မင်းလဲ သူ့ခြေရာ နင်းမယ့်လူ မီးခပေ့မယ့်လူပဲ'

မိန်းကလေးက မကျေမနပ်ဖြင့် တဗျစ်တောက်တောက်ပြောလိုက်သဖြင့်....

'ဟောဗျာ....'

ဖုကျိုမှာ ပါးစပ်အဟောင်းသား ဖြစ်သွားရ၏။

'ဘာ ကြောင်တောင်တောင်လုပ်နေတာလဲ၊ ထင်းတီချိုးကာ မင်းကိုရှေးလိုက်တာ ဒါလဲပါလိမ့်မယ်'



ဖုကျို ခေါင်းခါယမ်းကာ ပါးစပ်ပိတ်ထားလိုက်၏။

မိန်းကလေးကား ဒေါသတကြီး ပြစ်တင် ပြောဆိုနေလေတော့သည်။

...o....

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။

မိန်းကလေးသည် ၊၊ဗျစ်တောက်တောက် ကြိမ်းမောင်းပြောဆိုနေဆဲပင် ဖြစ်၏။

ဖုကျိုက ငြိမ်နေ၏။

လက်စွပ်ကို ပေးလိုက်သော်လည်း ပန်းချီကားကို သူက သိမ်းဆည်းထားပြီး ဖြစ်လေသည်။

အမှန်တော့ ပန်းချီကားကို မိန်းကလေးက မလိုချင်သဖြင့် သူက ပြန်လည်သိမ်းဆည်းထားလိုက်ခြင်းသာ ဖြစ်ပေသည်။

မိန်းကလေး ပြစ်တင်ပြောဆိုနေသမျှကိုလည်း မကြားချင်ဟန် ဆောင်နေလိုက်လေသည်။

ကြာသော် မိန်းကလေးသည် ပြောရင်း မောဟိုက်လာလေတော့သည်။

ဖုကျိုကို ကြည့်လိုက်ပြီး....

'မင်းက ငါ့ကို လက်စွပ်ပေးလိုက်ပြီဆိုတော့ နှောင်ကြိုးမဲ့ ဂိုဏ်းချုပ် မဟုတ်တော့ဘူး၊ ကပ္ပိယလေး ပြန်ဖြစ်သွားပြီ'

'ကပ္ပိယလေးဘဝပဲ ကောင်းပါတယ်ဗျာ'

ဖုကျိုက ကျေကျေနပ်နပ်ပင် ပြန်ပြောလိုက်၏။

'ကဲ....ကပ္ပိယလေးရေ၊ ငါတော့ ဗိုက်ဆာလာပြီ၊ မင်းကော မဆာသေးဘူးလားကွယ့်'

သူမ၏စကားကြားမှ ဗိုက်ထဲ၌ တကြုတ်ကြုတ် မြည်ကာ ဆာလောင်လာနေသည်ကို ဖုကျို သတိပြုမိလိုက်တော့သည်။

ထို့ကြောင့် ခေါင်းညိတ်လိုက်ပြီး....

'ဟုတ်တယ်၊ ဗိုက်ဆာနေပြီဗျ'

'ဒါဖြင့် စားစရာသောက်စရာလေး လိုက်ရှာပါလားကွယ်'

ခိုင်းစရာရှိသည့် အခါတွင်တော့ မိန်းကလေး၏ စကားသံက ချိုသာနေပေတော့သည်။

ဖုကျိုပင် သူမအား သနားသွားမိလေသည်။

ထို့ကြောင့်....



'ကောင်းပြီလေ'

ဟိုဟိုသည်သည် အကဲခတ်ကြည့်လိုက်သောအခါ မလှမ်းမကမ်းတွင် သစ်တော်သီးပင် တစ်ပင်ရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ဖုကျို ဝမ်းသာသွား၏။

'အတော်ပဲ၊ သစ်တော်သီး ခူးစားရမယ်'

ပြောပြောဆိုဆို သစ်တော်သီးပင်ရှိရာသို့ လျှောက်သွားရန် ဟန်ပြင်လိုက်လေသည်။

'နေဦး'

မိန်းကလေးက လှမ်း၍ဟန့်တားလိုက်သဖြင့် ဖုကျို ခြေလှမ်းရပ်သွားလေသည်။

နားမလည်နိုင်ဟန်ဖြင့် မိန်းကလေးကို လှမ်းကြည့်လိုက်ပြီး....

'ဘာဘာ....ဘာပြောမလို့လဲ'

မိန်းကလေးက မျက်နှာရှုံ့မဲ့ရင်း....

'ငါ သစ်တော်သီး မစားချင်ဘူး'

'ဟင်....ခင်ဗျားပဲ ဗိုက်ဆာတယ်ဆို'

'အေး....ဆာတော့ ဆာတာပေါ့'

'ဆာရင် သစ်တော်သီး စားလိုက်ပါ'

မိန်းကလေး ခေါင်းခါယမ်းလိုက်သည်။

'ငါမှ မစားချင်တာ'

သူမ၏ အသံသည် စိတ်ပျက်နေသော အသံမျိုး ဖြစ်လေသည်။

ဖုကျုံ မသိမသာ သက်ပြင်းချလိုက်သည်။

'ကဲ....ပြောစမ်းပါဦး၊ သစ်တော်သီး မစားချင်ဘူးဆိုရင် ဘွားဘွားက ဘာများစားချင်လို့လဲ'

'ငါ့အတွက် တောကောင် တစ်ကောင်လောက် ရှာပေးစမ်းပါ'

'ဗျာ....တောကောင် ဟုတ်လား'

'ဟုတ်တယ်၊ ယုန်ဖြစ်ဖြစ် ငှက်တစ်ကောင်ဖြစ်ဖြစ်၊ အင်း.... သမင်တစ်ကောင်လောက်ရရင် ပိုကောင်းသေးတယ်၊ တစ်ခါတည်း ဗိုက်ဝသွားတာပေါ့'

ဖုကျုံ သက်ပြင်းချလိုက်မိပြန်သည်။

'လက်စသပ်တော့ ဘွားဘွားက အသားစားချင်တာကိုး'

'ဟုတ်တယ်....ဟုတ်တယ်'

မိန်းကလေးက အားတက်သရော ပြောလေသည်။



သို့သော် ဖုကျုံမှာမူ စိတ်ပျက်လက်ပျက်ဖြစ်ကာ ခေါင်းခါယမ်းလိုက်သည်။

'အသားစားချင်တယ် ဆိုရင်တော့ ကိုယ့်ဘာသာ လိုက်ရှာပေတော့၊ ကျွန်တော်ကတော့ ကပ္ပိယဆိုတော့ အသားမစားဘူး၊ သက်သက်လွတ်ပဲစားတယ်ဗျ'

ဖုကျုံ၏စကားကြောင့် မိန်းကလေး မကျေမနပ် ဖြစ်သွားလေသည်။

'မင်းက ရှာမပေးနိုင်ဘူး ဆိုပါတော့'

'ဟုတ်တယ်'

မိန်းကလေးသည် မြေပေါ် ခြေဆောင့်လိုက်ပြီး....

'ငါခိုင်းတာ မလုပ်ရင် မင်းကို ငါ သတ်ပစ်မယ်'

ဟု အော်ငေါက်လိုက်လေသည်။

သို့သော် ဖုကျုံအနေဖြင့် ကြောက်ရွံ့ခြင်း အလျဉ်းမဖြစ်မိချေ။

မိန်းကလေးအား မျက်လုံး ပြူးပြလိုက်ပြီး....

'ဘွားဘွားသဘောပဲ၊ ကျွန်တော်က အသက်သာ အသေခံမယ်၊ ဘယ်တော့မှ အသားမစားဘူးဗျ'

ဖုကျုံက ယတိပြတ်ပင် ပြောလိုက်သည်။

မိန်းကလေးက ဖိုကျိုအား ခိုင်း၍မရနိုင်းသိသည့်အခါ စိတ်ပျက်သွားလေတော့သည်။

သူမသည် ဘာမျှမပြောတော့ဘဲ ငူငူကြီး ထိုင်နေလေသည်။

ထိုအချိန်တွင် အဝေးမှ ပြေးလွှားလာနေသော ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

....o....

သိုင်းဂွက်

ပြေးလွှားလာသည့် ခြေသံများ ထွက်ပေါ်လာလေသည်။

လေသင့်နေသဖြင့် ဖိုကျိုလည်း ခြေသံများကို ကောင်းစွာကြားရလေသည်။

'ဟောဗျာ....လာကုန်ကြပြီ'

ဖိုကျိုက လွှတ်ခနဲ ရေရွတ်ရင်း မိန်းကလေးအား လှမ်းကြည့်လိုက်၏။

မိန်းကလေးသည် ခြေသံများ ထွက်ပေါ်လာရာဆီသို့ တစ်ချက်ကြည့်ပြီး အရှေ့ဘက်ဆီသို့ မျှော်ကြည့်လိုက်၏။

ထို့နောက် သက်ပြင်း ချလိုက်လေသည်။

သူမသည် ပြေးလမ်းကို ကြည့်လိုက်ခြင်းဖြစ်ပြီး မလွတ်နိုင်တော့မှန်းသိ၍ စိတ်ပျက်သွားခြင်း ဖြစ်ကြောင်း ဖိုးကျော်ရိပ်မိလိုက်လေသည်။

'ဘွားဘွား....ကျွန်တော်တို့ သွားကြရင်ကောင်းမယ်'

မိန်းကလေးက ခေါင်းခါ ယမ်းလိုက်လေသည်။

'ခုမှတော့ ပြေးလို့ လွတ်မှာ မဟုတ်တော့ဘူး'

ဖိုးကျော်က မျက်လုံးပြူးသွားသည်။

'ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ'

'သူတို့ကို ခုခံတိုက်ခိုက်ရမှာပေါ့'

'ဗျာ....'

ဖိုးကျော် ပို၍မျက်လုံးပြူးသွားရလေ၏။

'ခုခံတိုက်ခိုက်ရမယ် ဟုတ်လား၊ ဘယ်သူက တိုက်ခိုက်မှာလဲ၊ ဘွားဘွားလား'

'ဘယ်ဟုတ်မလဲ၊ မင်းပေါ့'

'ဟာ....မဟုတ်တာပဲဗျာ'

'ဟုတ်တယ်လေ၊ ငါက သိုင်းပညာ အသုံးမပြုနိုင်သေးတော့ မင်းပဲ ခုခံတိုက်ခိုက်ရမှာပေါ့'



'မဖြစ်နိုင်တာဘဲဗျာ၊ ကျွန်တော်မှ သိုင်းပညာ မတတ်တာ၊ ဘယ်လိုလုပ်ပြီး ခုခံနိုင်မှာလဲ'

ဖိုးကျော်က ခေါင်းခါခါ လည်ခါခါဖြင့် ငြင်းဆန်လိုက်၏။

မိန်းကလေးက လက်ကာပြလိုက်သည်။

'ဘာမှမပူနဲ့၊ ငါသင်ပေးပါ့မယ်'

'ဘွားဘွား သင်ပေးမယ် ဟုတ်လား'

'ဒါပေါ့၊ မင်းဟာ ကိုယ့်ကိုယ်ကို အတွင်းအားကောင်းတဲ့လူဆိုတာတောင် မသိတော့ဘူးလား၊ အတွင်းအားဟာ သိုင်းပညာရဲ့အဓိကကျတဲ့ အခြေခံပညာပဲ'

ဖိုးကျော် ပါးစပ်ပိတ်ထားလိုက်လေသည်။

မိန်းကလေးက ဆက်ပြောသည်။

'ကဲ....ငါ့အနားကိုလာ၊ မင်းကို ငါသင်ပေးမယ်'

'ဖြစ်ပါ့မလားဗျာ'

'ဟိတ်....စကားမရှည်နဲ့၊ ငါသင်ပေးတဲ့အတိုင်း မှတ်ထားပြီး ခုခံမယ်ဆိုရင် မဖြစ်နိုင်စရာ ဘာအကြောင်းမှ မရှိဘူး'

'ဒါဆိုလဲ ကောင်းပါပြီဗျာ'

ဖိုးကျော်က မိန်းကလေးအနီးသို့ မဝံ့မရဲဖြင့် ချဉ်းကပ်သွားလေသည်။

မိန်းကလေးက နားစွင့်ရင်း....

'ခြေသံကိုနားထောင်ကြည့်၊ လာနေတဲ့လူဟာ ငါးယောက်တိတိပဲ၊ သူတို့ဟာ ထိပ်သီးသိုင်းသမားတွေ ဖြစ်ကြတယ်ဆိုတာ သေချာတယ်၊ ဒီတော့ မင်းလက်တစ်ဘက်က အိတ်ကိုကိုင်ထား၊ အိတ်အဝကို ဖွင့်ထားပြီး မင်းရဲ့ဝဲဘက်လက်နဲ့ ရန်သူရဲ့ခါးကို တစ်ချက်ရိုက်ထုတ်ရင် ရန်သူဟာ အိတ်ထဲကို ရောက်သွားလိမ့်မယ်'

သူမ ဝင်နေခဲ့သည့် အဝတ်အိတ်ကြီးကို ညွှန်ပြကာ ပြောလိုက်လေသည်။

'ဖြစ်နိုင်ပါ့မလားဗျာ'

ဖုကျုံက မယုံကြည်နိုင်ဟန်ဖြင့် ပြန်မေးလိုက်သည်။

မိန်းကလေးမှာ စိတ်ပျက်သွားဟန်ဖြင့် မျက်နှာရှုံ့သွားသည်။

'လာပြန်ပြီလား ဒီစကား၊ ငါပြောသလို တစ်သဝေမတိမ်းလုပ်မယ်ဆိုရင် မဖြစ်နိုင်စရာအကြောင်း ဘာမှမရှိဘူး'

'ဘွားဘွားပြောတာ လွယ်ပါတယ်၊ ကျွန်တော်က မလုပ်တတ်တော့ ခက်နေတာပေါ့'

'ဘာမှ ခက်စရာ မလိုဘူး၊ ငါလုပ်ပြမယ်ကြည့်ထား'



မိန်းကလေးက ထိုင်ရာမှမထဘဲ လက်ဟန်ခြေဟန်ဖြင့် ပြုလုပ်ပြလိုက်လေသည်။

ဖုကျုံက သေသေချာချာ ကြည့်ရှုမှတ်သားထားလိုက်၏။

'ကဲ....မင်းမှတ်မိပြီလား'

ဖုကျုံ ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့....မှတ်မိပါပြီဗျာ'

'ဒါဖြင့်....လက်တွေ့လုပ်ကြည့်စမ်း'

ဖုကျုံက မိန်းကလေး ပြုလုပ်ပြသည့်အတိုင်း တစ်သဝေမတိမ်းတူညီအောင် ပြုလုပ်ပြလိုက်လေသည်။

မိန်းကလေးက မျက်မှောင်ကြုတ်ကာ ကြည့်နေပြီးမှ....

'နည်းနည်းနှေးသေးတယ်၊ ဒီထက် မြန်မြန်လုပ်စမ်း'

ဖုကျုံက ခပ်မြန်မြန်ပြုလုပ်ပြလိုက်လေသည်။

မိန်းကလေးက ခေါင်းခါယမ်းလိုက်ပြန်သည်။

'မဟုတ်သေးဘူး၊ မြန်လွန်းတယ်'

'ဟင်....နှေးတော့လဲ နှေးတယ်၊ မြန်တော့လဲ မြန်တယ်လို့ပြောတော့၊ ကျွန်တော် ဘယ်လိုလုပ်ရမလဲ ဘွားဘွားရဲ့'

'စကားမရှည်နဲ့၊ ငါပြောသလိုလုပ်'

ဖုကျိ မကျေမနပ် ဖြစ်သွားသော်လည်း သူမပြောသည့် အတိုင်း ပြုလုပ်လိုက်ရပြန်လေသည်။

သုံးလေးကြိမ်မျှ ပြုလုပ်ပြီးသောအခါမှ မိန်းကလေး သဘောကျသွားလေသည်။

'အေး....ဒီလိုမှပေါ့၊ မင်းမှတ်မိပြီနော်'

'မှတ်မိပါပြီဗျာ'

'ကောင်းပြီ၊ အဲဒီသိုင်းကွက်ကိုပဲ ခပ်မြန်မြန် လုပ်ကြည့်စမ်း'

'ဗျာ....'

'ငါပြောသလိုလုပ်'

ဖုကျိမှာ အလူကြောင်ကြောင်ဖြစ်ကာ....

'ဘယ်လိုလုပ်ရမှာလဲ'

'မြန်နိုင်သမျှ မြန်အောင်လုပ်'

'ကောင်းပါပြီဗျာ'

ဖုကျိက ခပ်မြန်မြန် ပြုလုပ်လိုက်လေသည်။

မိန်းကလေး ခေါင်းညိတ်လိုက်၏။

'အေး....ဒီလိုမှပေါ့၊ ကဲ....ခပ်နှေးနှေးလုပ်ကြည့်စမ်း'



ဖုကျိမှာ စိတ်ထဲမှနေ၍ ညည်းညူလိုက်မိသည်။

'လာပြန်ပြီတစ်မျိုး'

မိန်းကလေးခိုင်းသည့်အတိုင်း ပြုလုပ်လိုက်ရ ပြန်လေသည်။ သူက တမင်အရွဲ့တိုက်ကာ တကယ့်ကို နှေးကွေးစွာ ပြုလုပ်လိုက်ခြင်း ဖြစ်သည်။

သို့သော်....မိန်းကလေး သဘောကျသွားလေ၏။

'ကောင်းတယ်၊ မင်းတော်သားပဲ'

ဖုကျိမှာ အရွဲ့တိုက်၍ လုပ်ပြကာမှ ချီးကျူးခံရသောကြောင့် ပါးစပ်အဟောင်းသား ဖြစ်သွားရလေသည်။

'ငါသင်ပေးတဲ့ သိုင်းကွက်ကို ပုံမှန်အတိုင်း အသုံးပြုရင် သိုင်းကွက်တစ်ကွက်၊ အေး....ခပ်မြန်မြန်အသုံးပြုရင် နှစ်ကွက်၊ ခပ်နှေးနှေးလုပ်ရင် သုံးကွက်၊ ခုဆိုရင် မင်းသိုင်းကွက်သုံးကွက် တတ်သွားပြီ'

ဖုကျိမှာ သိုင်းကွက်သုံးကွက် တတ်ပြီဟု ကြားရသောအခါ ဝမ်းသာသွားလေသည်။

'ကျွန်တော်က ကိုယ်ဖော့ပညာလဲတတ်ပြီ၊ သိုင်းကွက်သုံးကွက်တတ်ပြီ၊ ဒါဆိုတော့ သိုင်းသမားတစ်ယောက် ဖြစ်ပြီပေါ့'

သူ၏စကားကို ကြားသည့်အခါ မိန်းကလေးမှာ မျက်နှာ ရှုံ့မဲ့သွားလေတော့သည်။

'ကျွန်တော်ပြောတာ မှန်ရဲ့လားဗျ'

ဖုကျိကာ အားမလိုအားမရဖြင့် မေးလိုက်၏။

မိန်းကလေးက....

'အေး....မှန်တာ မှားတာ အရေးမကြီးဘူး၊ တို့မှာ မုပင်ဆိုတဲ့ လူ လာနေပြီ၊ သတိသာထားပေတော့'

သူမ၏ စကားကြောင့် ဖုကျိလှမ်းကြည့်လိုက်၏။

ထိုအခါ လူတစ်ယောက်သည် သူတို့ထံသို့ ဦးတည်ကာ လျင်မြန်စွာ ပြေးလွှား လာနေသည်ကို တွေ့မြင်လိုက်ရ လေတော့သည်။

....o....



လူတစ်ယောက် လျင်မြန်စွာ ပြေးလွှား လာနေ၏။

ထိုလူ၏ ပြေးလွှားပုံကိုကြည့်ကာ ဖုကျိ မျက်လုံး ပြူးသွားရလေသည်။

'မြင်းတကောင် ဒုန်းစိုင်း ပြေးလာတဲ့ အတိုင်းပဲ'

နှုတ်မှလည်း လွှတ်ခနဲ ရေရွတ်လိုက်မိလေသည်။

မိန်းကလေးက....

'အဲဒီလူဟာ သိုင်းလောကမှာ သံလက်ဝါးမုပင် လို့ နာမည်ကြီးနေတဲ့ သိုင်းသမား တစ်ယောက်ပေါ့၊ ဝမ်းရှောင်တို့ လူစုက သူ့ကိုသွားပြီး အကူအညီ တောင်းထားကြပုံပဲ၊ ကဲ.... မင်းသွားပြီး ရင်ဆိုင်လိုက်ပါ'

မိန်းကလေးက တစ်ဆက်တည်းပင် ဖုကျိအား အမိန့် ပေးလိုက်လေသည်။

ဖုကျိ မျက်လုံးပြူးသွား၏။

'ကျွန်တော်သွားပြီး ရင်ဆိုင်ရမယ် ဟုတ်လား'

'အေးလေ...မင်းရင်ဆိုင်နိုင်အောင် ငါက သိုင်းကွက်တွေ သင်ပေးထားပြီးပြီ မဟုတ်လား'

ဖုကျိ ခေါင်းကုပ်လိုက်သည်။

ကိုယ့်ကိုယ်ကိုလည်း မယုံမရဲ ဖြစ်နေမိသည်။

'ဖြစ်ပါ့မလားဗျာ၊ သူက နဂါးမည်ကြီး သိုင်းသမား တစ်ယောက်ဆိုဗျ....'

'ဟေ့....ဘယ်လောက်ပဲ နာမည်ကြီးကြီး ငါ့ရဲ့ သိုင်းကွက်ကို သူခံနိုင်မှာ မဟုတ်ဘူး'

မိန်းကလေးက ခပ်ပြတ်ပြတ် ပြောလိုက်ရာ ဖုကျိုမှာ ပါးစပ်ပိတ်သွားတော့၏။

ထိုအချိန်တွင်....

'မင်းတို့ ဘယ်ပြေးမလဲ....'

မုပင်ဆိုသူသည် အောင်ပေါက်ရင်း တိုက်ခိုက်ရန် တစ်ဟုန်ထိုး ပြေးဝင်လာလေသည်။

ဖုကျိုမှာ ရှေ့ထွက် ရင်မဆိုင်၍ မဖြစ်တော့မှန်း နားလည်မိသဖြင့် သစ်ပင်အောက်မှ လှမ်းထွက်လိုက်ရ၏။

'ရော့....အိတ်ကြီး ယူသွားဦး'

မိန်းကလေးက ပြောရင်း အဝတ်အိတ်ကြီးကို ပစ်ပေးလိုက်၏။

ဖုကျို မတတ်သာတဲ့ ယူလိုက်ရလေသည်။

ပြေးဝင်လာသည့် မုပင်နှင့် ရင်ဆိုင်တွေ့သည့်အခါ လက်တစ်ဘက်က အိတ်အဝကိုဖွင့်ကာ ကိုင်ထားရင်း ကျန်လက် တစ်ဘက်က တိုက်ခိုက်ရန် အသင့်ပြင်ထား လိုက်၏။



မုပင်သည် ဖုကျို၏ ပုံသဏ္ဌာန်ကိုမြင်လျှင်....

'အံမယ် ကိုရှိ ကားယားနဲ့ သေချင်ပြီထင်တယ်'

မုပင်က အောင်ပေါက်ကာ လက်ဝါးဖြင့် ရိုက်ချရန် ဟန်ပြင်လိုက်လေသည်။

သူ၏ နာမည်ကျော် သံမဏိလက်ဝါးဖြင့် ရိုက်ချခြင်း ခံရပါက ဖုကျိုပွဲချင်းပြီး သေဆုံးသွားရမည်သာ ဖြစ်လေသည်။

ဖုကျိုမှာ ကြောင်းအမ်းအမ်း ဖြစ်နေ၏။

မိန်းကလေးက အားမလို အားမရဖြစ်ကာ....

'ခပ်မြန်မြန် တိုက်လိုက်လေ၊ ဘာလုပ်နေတာလဲ....'

ဟု လှမ်းအော်လိုက်၏။

ဖုကျို မနေသာတော့ပါ။

မိန်းကလေး သင်ပေးထားသည့်အတိုင်း လက်ဝါးကို ရှေ့သို့ လျင်မြန်စွာ ရိုက်ထုတ်လိုက်သည်။

ထိုသို့ တိုက်ခိုက်လိုက်သောအခါ လေတိုးသံ တဟူးဟူးမြည်ကာ ထွက်ပေါ်လာ၏။

မုပင် ဒေါသ ထွက်သွားလေသည်။

'မင်းကများ ငါ့ကို တိုက်ခိုက်ဝံ့သလား....'

အောင်ပေါက်ရင်း ပြန်လည်တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

သို့သော် ပိုကျိ အား အသင်သေးမိခြင်းကြောင့် နောက်ကျသွားပြီ ဖြစ်လေသည်။

ပုကျိ ၏ လက်ဝါးသည် သူ၏ ရင်ဝတည့်တည့်သို့ တိုးဝင်လာသဖြင့် ထိတ်လန့်ပြီး ကပျာကယာ ရှောင်လိုက်၏။

ဤတွင် ရှေ့တိုးလိုက်သည်။

ပုကျိ နှင့် ဝင်တိုက်မိမလို ဖြစ်သွားရသည်။

မုပင်မှာ ခန္ဓာကိုယ် အရှိန်မထိန်းနိုင်တော့ဘဲ ရှေ့သို့ ငိုက်ကျသွားရာ ပုကျိ ၏ လက်ထဲမှ အဝတ်အိတ်ထဲသို့ ခေါင်းလျှိုဝင်လိုက်သလို ဖြစ်သွားလေသည်။

'ဟာ....'

ပုကျိ သည် မမျှော်လင့်ဘဲ အနိုင်ရလိုက်ခြင်းကြောင့် ဝမ်းသာ သွားလေသည်။

ဆက်၍ တိုက်ခိုက်ခြင်း မပြုတော့ဘဲ မိန်းကလေးဘက်သို့ လှည့်ကာ...

'ကျွန်တော် နိုင်ပြီဗျ....'

မိန်းကလေး ဒေါသ ထွက်သွားလေသည်။

မြေပေါ် ခြေဆောင့်လိုက်ပြီး....

'မြန်မြန် သတ်ပစ်လိုက်စမ်း....'



သူမ၏ စကားသံကြောင့် ပုကျိ စိတ်ပျက် သွားလေတော့သည်။

ထို့နည်းတူ မုပင်လည်း ထိတ်လန့်သွား၏။

ကပျာကယာ အိတ်ထဲမှ ရုန်းထွက်ပြီး ချာခနဲလှည့်ကာ ထွက်ပြေးသွားလေတော့သည်။

....ဝ....

'ဟား....ဟား....ဟား....'

ပုကျိ သဘောကျစွာ ရယ်မောလိုက်လေသည်။

ရန်သူတစ်ယောက်အား ထိပ်တိုက်ရင်ဆိုင်ကာ အနိုင်ယူလိုက်နိုင်ခဲ့ပြီ မဟုတ်ပါလား....

'မင်း....ဘာရယ်တာလဲ....'

မိန်းကလေး၏ အော်ဟောက်သံ ထွက်ပေါ် လာလေသည်။

'ရန်သူထွက်ပြေးသွားပြီလေဗျာ၊ကျွန်တော်က အနိုင်ရလိုက်တာကို မရယ်ဘဲ ငိုနေရမှာလား....'

ဖုကျိက မဲ့ရွဲ့ကာ ပြန်ပြောလိုက်သည်။ မိန်းကလေးက နှာခေါင်း ရှုံ့လိုက်ပြီး....

'အေး....ရယ်....ရယ်....မင်းဘယ်လောက် ရယ်နိုင်မှာလဲ၊ ဟိုမှာ မင်းအဘ လောက်တာ့ လာနေပြီ'

'ဟင်....'

ဖုကျိမှာ ထိတ်လန့်တကြားဖြစ်ပြီး ကပျာကယာ လှည့်ကြည့်လိုက်သည်။

ထိုအခါ လောက်တာ့ ပြေးလွှားလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

လောက်တာ့၏ မျက်နှာမှာ ဒေါသကြောင့် နီရဲခက်ထန်နေသည်ကို တွေ့ရလေသည်။

သူ၏လက်ထဲ၌ ဓားတစ်လက် ကိုင်ဆောင်လာသည်ကိုလည်း တွေ့မြင်ရ၏။

ဖုကျိ မျက်လုံးပြူးသွားလေသည်။

ဓားကိုင်ထားသူကို မည်သို့ရင်ဆိုင်ရမှန်း သူမသိချေ။

'ရှေ့ထွက်ပြီး ရင်ဆိုင်လိုက်လေ၊ ဘာလုပ်နေတာလဲ'



မိန်းကလေးက အားမလိုအားမရဖြင့် အော်ပြောလိုက်ပြန်သည်။

ဖုကျိက ရှုံ့တွန့်တွန့်လုပ်ရင်း....

'သူ့လက်ထဲမှာ ဓားကြီးနဲ့ဗျ'

'ဓားကိုင်ထားတော့ရော ဘာဖြစ်သလဲ၊ မြန်မြန် ရင်ဆိုင်လိုက်စမ်း'

'ကျွန်တော် မလုပ်ရဲဘူးဗျ'

'မင်း....မင်း....'

မိန်းကလေးမှာ ဒေါသထွက်ကာ စကား ဆက်မပြောနိုင်အောင် ဖြစ်သွားရသည်။

ထိုအချိန်မှာပင်....

'သေပေတော့'

လောက်တာ့က အော်ဟောက်ရင်း ဖုကျိထံ ခုန်ဝင်တိုက်ခိုက်လာလေသည်။

'အမယ်လေးဗျ'

ဖုကျိ အထိတ်တလန့် အော်ဟစ်လိုက်၏။

ဓားကိုင်ထားသည့် လောက်တာ့ကို ရင်မဆိုင်ဝံ့ဘဲ ကပျာကယာ နောက်ဆုတ်ရှောင်တိမ်းလိုက်လေသည်။

'မင်း ပြေးလို့ လွတ်မလား'

လောက်တာ့က ကြုံးဝါးရင်း လိုက်လံတိုက်ခိုက်လိုက်၏။

ဖုကျိမှာ သစ်ပင်ကို ပတ်ပြေးနေရလေတော့သည်။

မိန်းကလေးသည် ဖုကျိကို မကျေမနပ် ဖြစ်နေသော်လည်း လောက်တာ့က လက်တစ်ကမ်းအကွာ၌ ရှိနေပြီဖြစ်၍ အသာ ငြိမ်နေလိုက်ရလေသည်။

လောက်တာ့သည် ဖုကျိအား ထိခိုက်သွားစေရန် တိုက်ခိုက် နိုင်ခြင်းမရှိသောအခါ ခံပြင်းလာပြီး ပို၍ပြင်းထန်စွာ တိုက်ခိုက် လိုက်လေသည်။

'ဝှစ်....ဝှစ်....ဝှစ်'

လေတိုးသံများ ထွက်ပေါ်လာသည်။

ဓားရိပ်များသည် ဖုကျိ၏တစ်ကိုယ်လုံးကို ဖုံးလွှမ်းသွား လေသည်။

ဇောချွေးများပင် ပြန်လာရလေတော့သည်။

ဆက်၍ ပြေးလွှား ရှောင်တိမ်းနေသည့်တိုင် လွတ်မြောက် နိုင်မည်မဟုတ်ဟု ယုံကြည်မိသည်။

ထို့ကြောင့် မိန်းကလေး လမ်းညွှန်ပေးထားသည့်အတိုင်း ကိုယ်ဖော့ပညာအသုံးပြုကာ သစ်ပင်ပေါ်သို့ ခုန်တက်လိုက်လေ သည်။



'ဒုတ်....'

လောက်တာ့၏ဓားချက်သည် ဖုကျိအား လွဲချော်သွားပြီး သစ်ပင်ကြီးအား ခုတ်ချလိုက်မိ၏။

ဖုကျိမှာ လက်မတင်ကလေး လွတ်မြောက်ကာ သစ်ပင်ပေါ် ရောက်ရှိသွား၏။

ခပ်နိမ့်နိမ့်အကိုင်းတွင် မနေဝံ့သဖြင့် သစ်ကိုင်း တစ်ကိုင်းမှ တစ်ကိုင်း ခုန်ကူးကာ ထိပ်ဖျားသို့ တက်နေလိုက်လေသည်။

ဖုကျိ လွတ်မြောက်သွားသဖြင့် လောက်တာ့မှာ ကြိတ်မနိုင် ခဲမရ ဖြစ်သွား၏။

အရေးနိမ့်သွားမှန်း သိသော်လည်း သစ်ပင်ပေါ် လိုက်လံ တိုက်ခိုက်ခြင်းလည်း မပြုဝံ့ချေ။

ထို့ကြောင့်....

'ဟေ့ကောင်....ဆင်းလာခဲ့စမ်း'

လောက်တာ့က အော်ခေါ်လိုက်၏။

ဖုကျိက သစ်ပင်ပေါ်မှ မဆင်းပါ။

'ဟာ....ကျုပ်ဆင်းလို့ ဘယ်ဖြစ်မလဲဗျ'

ဖုကျိက ပြန်လည်အော်ပြောလိုက်၏။

လောက်တာ့သည် ဖုကျိကို တိုက်ခိုက်နိုင်ခြင်း မရှိသည့် အဆုံးတွင် မိန်းကလေးဘက်သို့ မြားဦးလှည့်သွားတော့သည်။

နိုင်ကွက်ကိုကိုင်ရန် ချက်ချင်း မိန်းကလေးအနီးသို့လှမ်းသွားပြီး ခါးနှင့် ထောက်ထားလိုက်၏။

'ကဲ....မင်း သစ်ပင်ပေါ်က ဆင်းမလာရင် သူ့ကို သတ်ပစ်လိုက်မယ်'

ဖုကျိုကို လှမ်း၍ ခြိမ်းခြောက်လိုက်၏။

လောက်တာ့မှာ မိန်းကလေးအား နတ်တောင်သခင်မ၏ အိမ်ဖော်မလေးတစ်ယောက်ဟု ယူဆထားလေသည်။

သူမအား ဖုကျိုက ကယ်သွားသဖြင့် ဖုကျိုသည် နတ်တောင်သခင်မ၏လူ ဖြစ်ရမည်ဟုလည်း ထင်မှတ်ထား၏။

ထို့ကြောင့်....

မိန်းကလေးထက် ဖုကျိုကို ပိုပြီး သဲကြီးမဲကြီးဖြစ်နေခြင်း ပင်တည်း။

ဖုကျိုမှာ မိန်းကလေးဒုက္ခရောက်နေသည်ကို မြင်သည့်အခါ မျက်လုံးပြူးသွား၏။

ဥပေက္ခာပြုမထားနိုင်တော့ပေ။

'ဟာ....ဒီလိုတော့ မလုပ်ပါနဲ့ဗျာ'

ပျာပျာသလဲ ပြန်လည်အော်ပြောလိုက်၏။

လောက်တာ့က နှုတ်ခမ်းမဲ့ရင်း....



'သူ့သေသွားမှာကို မကြည့်ချင်ဘူးဆိုရင် ဆင်းလာခဲ့'

ဖုကျို သက်ပြင်းချလိုက်သည်။

'အင်း....သူ ဒုက္ခရောက်နေမှတော့ ငါက မကူညီဘဲ ထွက်ပြေးသွားလို့ ဘယ်တရားပါ့မလဲ'

ဖုကျို၏စိတ်ထဲမှ တွေးတောမိလိုက်ခြင်း ဖြစ်သည်။

'ကောင်းပြီ၊ ကျုပ်ဆင်းလာပါမယ်ဗျာ'

ဖုကျိုသည် စကားဆုံးသည်နှင့် သစ်ပင်ပေါ်မှ ခုန်ဆင်းလိုက်လေသည်။

သူ၏လက်ထဲ၌ အဝတ်အိတ်ကို ကိုင်ထားဆဲဖြစ်ရာ ခုန်ဆင်းလိုက်သောအခါ....

'ရှုပ်ပါတယ်၊ သွားစမ်းကွာ'

စိတ်ရှုပ်ရှုပ်ဖြင့် အဝတ်အိတ်ကို လွှင့်ပစ်လိုက်၏။

ဤတွင် အဝတ်အိတ်သည် လေနှင့်အတူ လွင့်မျောသွားပြီး မော့ကြည့်နေသည့် လောက်တာ့၏ဦးခေါင်းကို စွပ်မိလျက်သား ဖြစ်သွားလေတော့သည်။

ထိုသို့ဖြစ်လာမည်ဟု ဖုကျိုရော၊ လောက်တာ့ပါ လုံးဝ မထင်မှတ်မိကြပါချေ။

'ဒါ ဘာလုပ်တာလဲ'

လောက်တာ့က အော်ငေါက်ရင်း ခါးကိုလွှတ်ချကာ အဝတ်အိတ်ကို ဖယ်ရှားရန် ကြိုးစားလိုက်၏။

ဖုကျိုမှာ မမျှော်လင့်တဲ့ အခွင့်အရေးရလိုက်သည်ကို တွေ့သည့်အခါ ဝမ်းသာသွား၏။

'မြန်မြန်လာ'

ဖုကျိုသည် အော်ပြောကာ မိန်းကလေးကိုပွေ့ချီး ထွက်ပြေးရန် ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင် မုပင်နှင့်အတူ လူသုံးယောက် ပြေးလွှားလာနေကြသည်ကို တွေ့ရသဖြင့် ကြံရာမရဖြစ်သွားကာ သစ်ပင်ပေါ် ပြန်လည်ခုန်တက်လိုက်၏။

တစ်ခဏအတွင်းမှာပင် သစ်ပင်ထိပ်ဖျားသို့ ရောက်ရှိသွားပြန်လေတော့သည်။

....ဝ....



ဖုကျိုနှင့် မိန်းကလေးတို့သည် သစ်ပင်ထိပ်ဖျားသို့ ရောက်ရှိနေကြပြီ ဖြစ်လေသည်။

သစ်ပင်ပေါ်၌ အနီရောင် သစ်သီးကလေးများ ဝေဝေဆာဆာ သီးပွင့်နေသည်ကို တွေ့ရသည်။

ဖုကျိုမှာ သစ်သီးခူးစားရန် စိတ်ပင် မကူးမိပါ။

လောက်တာ့နှင့် မုပင်တို့လူစုသည် သစ်ပင်အောက်မှ ဝိုင်းရံထားကြသည် မဟုတ်ပါလား။

'ဟော့....ဆင်းလာခဲ့ကြစမ်း'

လောက်တာ့က အော်ခေါ်လေသည်။

သို့သော်....ဖုကျိုတို့ မဆင်းကြပါ။

လောက်တ ဒေါသ ထွက်သွားပြီး....

'သစ်ပင်ကို ခုတ်လှဲပစ်လိုက်မှ ထင်တယ်'

လောက်တာ့၏ စကားကို ကြားသည့်အခါ မုပင်နှင့် ကျန်လူသုံးယောက်တို့ သဘောကျသွားကြသည်။

'ဟုတ်တယ်....သစ်ပင်လဲသွားရင် သူတို့ဘာခံနိုင်တော့မှာလဲ'

'ခုချက်ချင်း ခုတ်ပစ်လိုက်မယ်'

တစ်ယောက်တစ်ပေါက် ပြောဆိုကာ ဓားများ ဆွဲထုတ်လိုက်ကြ၏။

ထို့နောက် ပင်စည်ကို တက်ညီလက်ညီ ဝိုင်းခုတ် ကြလေတော့သည်။

လောက်တာ့တို့၏ လုပ်ရပ်ကို မြင်သည့်အခါ ဖုကျိုခေါင်းယမ်းမိလေသည်။

'သူတို့ ရူးများ နေကြသလား မသိဘူး'

ဟုလည်း လွှတ်ခနဲ ပြောလိုက်မိလေသည်။

မိန်းကလေးက....

'သူတို့ မရူးဘူး....အတွင်းအားကို အသုံးချပြီး ခုတ်နေတာ၊ မကြာမီ သစ်ပင်ကြီး လဲသွားလိမ့်မယ်'

'ဗျာ....'

မိန်းကလေး၏ စကားကြောင့် ဖုကျိုမှာ မယုံကြည် နိုင်လောက်အောင် ဖြစ်သွားရလေသည်။

လူတစ်ဘက်စာမျှ ကြီးမားသော သစ်ပင်ကြီး လဲကျသွားမည် ဆိုခြင်းကို သူ့အနေဖြင့် လက်မခံနိုင်အောင် ဖြစ်မိသည်။

'မင်း မယုံဘူးလား၊ ဟိုမှာ ကြည့်လိုက်စမ်း'

မိန်းကလေးက လောက်တာ့တို့ ဝိုင်းခုတ်နေသည့် သစ်ပင်၊ ပင်စည်တို ညွှန်ပြကာ ပြောလေသည်။

ဖုကျို လှမ်းကြည့်လိုက်ရာ ပင်စည်မှာ ထက်ဝက်ခန့် ပြတ်နေပြီဖြစ်ကြောင်း တွေ့မြင်လိုက်ရလေသည်။



ဖုကျို အနေဖြင့် မယုံ၍ မရတော့ချေ။

မျက်လုံးများ ပြူးကျယ်လာကာ....

'ဟိုက်....ဒုက္ခပဲ....'

အထိတ်တလန့် ရေရွတ်လိုက်မိသည်။

မိန်းကလေးက....

'ကဲ....တွေ့ပြီမဟုတ်လား၊ တို့ ဒီအတိုင်းနေလို့တော့ မဖြစ်ဘူး'

'ဒါဆို....ဘယ်လို လုပ်ကြမလဲ ဟင်'

မိန်းကလေးက အဖြေမပေးသေးဘဲ တွေးတော စဉ်းစားနေလေသည်။

ထိုအချိန်တွင်....

'သစ်ပင်မလဲခင် ဆင်းလာရင် မင်းကို အသက်ချမ်းသာပေးလိုက်မယ်၊ ဒါမှ မဟုတ်ရင်တော့ သေဖို့သာ ပြင်ထား'

လောက်တာ့၏ စကားသံ ထွက်ပေါ်လာလေသည်။

သို့သော် ဖုကျိုနှင့် မိန်းကလေးတို့က သစ်ပင်ပေါ်မှ မဆင်းကြပါ။

လောက်တာ့က အံတစ်ချက် ကြိတ်လိုက်ပြီး....

'ကောင်းပြီ... သစ်ပင်ကို လှဲပစ်လိုက်ရတော့မှာပေါ့'

ပြောရင်း ပို၍ အားစိုက်ကာ ခုတ်လိုက်လေသည်။

ငါးယောက်သား တက်ညီလက်ညီ ခုတ်လိုက်ကြရာ တဒုတ်ဒုတ် မြည်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေတော့သည်။

ကြာသော် သစ်ပင်ကြီးမှာ တုန်ခါ၍ လာလေသည်။

သစ်ကိုင်းခြောက်များ၊ သစ်ရွက်များ တဖြုတ်ဖြုတ် ကြွေကျကုန်လေသည်။

မကြာမီ သစ်ပင်ကြီး လဲကျသွားတော့မည် ဖြစ်သည်။

ဖိုးကျီ ထိတ်လန့်လာ၏။

သစ်ပင်ကြီး လဲကျသွားပါက သူတို့အဖို့ အသက်ရှင်ရန် လမ်းစ မမြင်ချေ။

မိန်းကလေးကို ကြည့်လိုက်သောအခါ မိန်းကလေးသည် တစ်စုံတစ်ခုအား လေးလေးနက်နက် စဉ်းစားနေသည်ကို တွေ့မြင်ရလေသည်။

ဖိုးကျီ မနေနိုင်တော့ပါ။

'ကျွန်တော်တို့ ဘယ်လို လုပ်ကြမလဲ၊ ပြောစမ်းပါဦး ဘွားဘွားရဲ့'

ဖိုးကျီက မိန်းကလေးကို အလောတကြီး မေးလိုက်၏။



ထိုအခါမှ မိန်းကလေးက....

'ငါ ခိုင်းသလို မင်းလုပ်မလား'

'ကျွန်တော် ဘယ်လို လုပ်ရမှာလဲ'

ဖိုးကျီက ပျာပျာသလဲ ပြန်မေးသည်။

မိန်းကလေးက....

'နားထောင်၊ အတွင်းအားကို ပခုံးပေါ် အရှင်ရောက်အောင် စုစည်းလိုက်ပါ၊ အဲဒီကနေပြီး တံတောင်ဆစ်က ထိကျင်း သွေးကြောနေရာဆီကို ရောက်အောင် ပို့လိုက်ပါ၊ တစ်ခါ လက်ကောက်ဝတ်က ယမ်းတိ သွေး ကြော နေရာကို ရောက်သွားပါစေ၊ ပြီးရင် ယမ်းလု၊ ယမ်းကု၊ ယမ်းတိ သွေးကြောတွေကို ရောက်အောင် တစ်ဆင့်ပြီးတစ်ဆင့် ပို့ရမယ်'

သူမသည် ပါးစပ်မှလည်း ပြော....လက်တစ်ဘက်ကလည်း ဖိုးကျီ၏ သွေးကြောနေရာများကို ထောက် ပြလိုက်လေသည်။

'ကဲ....ငါပြောသလိုလုပ်'

မိန်းကလေးက အမိန့်ပေးလိုက်သည့်အခါ ဖိုးကျီသည် စိတ်ကို တည်ငြိမ်အောင်ထားပြီး ပခုံးရင်းသို့ အာရုံစူးစိုက်လိုက်သည်။

ခွန်အားကို ညှစ်ကာ ပခုံးဆီသို့ ပို့ဆောင်လိုက်သည်။

ပြီးနောက် မိန်းကလေး ထောက်ပြသည့် သွေးကြောနေရာများသို့ တစ်ဆင့်စီ ပို့ဆောင်လိုက်လေသည်။

ထိုအခါ သူ၏ ခန္ဓာကိုယ်အတွင်း၌ အပူစီးကြောင်းတစ်ခု ဖြစ်ပေါ်လာသည်ဟု ခံစားလိုက်ရသည်။

'အတွင်းအသား စုစည်းပြီးပြီလား'

မိန်းကလေးက မေးလိုက်သည်။

'ပြီးပါပြီဗျာ'

မိန်းကလေးက လက်လှမ်းမီသော အနီရောင် အသီးကလေးလေးငါးသယ်လုံးခန့်ကို ခူးယူကာ ဖုကျို၏လက်ထဲ ထည့်လိုက်သည်။

ထို့နောက်....

'ကဲ....အောက်က သစ်ပင်ခုတ်နေတဲ့ လူတွေဆီကို ပစ်ပေါက်လိုက်ပေတော့'

မိန်းကလေးအနေဖြင့် အကြောင်းမရှိဘဲ ထိုသို့ ခိုင်းမည် မဟုတ်ဟု ဖုကျို နားလည်ထားလေသည်။

ထို့ကြောင့် မိန်းကလေး ခိုင်းသည့်အတိုင်း သစ်ပင်ခုတ်နေသူများအား သစ်သီးဖြင့် ပစ်ပေါက်လိုက်လေသည်။

'ဖောက်'



သစ်သီးကလေးတစ်လုံးသည် မုပင်၏နံဘေးမှကပ်၍ဖြတ်ကာ မြေပေါ်ထိမှန်သွား၏။

မုပင် ထခုန်လိုက်သည်ကို တွေ့ရ၏။ မုပင်သည် သစ်ပင်ပေါ် တစ်ချက် မော့ကြည့်လိုက်သည်။

သို့သော် ဘာမျှမပြောဘဲ ဆက်၍ခုတ်နေလိုက်လေသည်။

'မင်းတော်တော်ညံ့တာပဲ'

မိန်းကလေးက ပြစ်တင်ပြောဆိုလိုက်ပြီး....

'ထပ်ပစ်ပေါက်လိုက်ဦး'

ဟု အမိန့်ပေးပြန်လေသည်။

ဖုကျိုသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ထပ်မံပစ်ပေါက်လိုက်ပြန်၏။

သစ်သီးလေးငါးလုံးမျှဖြင့် ဆက်တိုက် ပစ်ပေါက်လိုက်ခြင်း ဖြစ်လေသည်။

ယခုတစ်ကြိမ်တွင် သစ်သီးတစ်လုံးသည် မုပင်နှင့်အဖော်ပါလာသူတစ်ယောက်အား ထိမှန်သွားရာ....

'အမယ်လေးဗျ'

ထိုလူသည် စူးရှစွာ အော်ဟစ်ပြီး မြေပေါ်လဲကျသွားသည်ကို တွေ့ရလေသည်။

မိန်းကလေး ဝမ်းသာသွား၏။

'ပစ်....ပစ် မြန်မြန်ပစ်စမ်း'

မိန်းကလေးက ထပ်မံပစ်ရန် တိုက်တွန်းပြန်သည်။

ဖုကျိမှာလည်း သစ်ပင်ကြီးကိုဆက်၍ ခုတ်လှဲပစ်ခြင်း မပြုနိုင်ရန် တားဆီးလိုသဖြင့် သစ်သီးများဖြင့် ဆက်ကာ ဆက်ကာ ပစ်ပေါက်လိုက်လေသည်။

ထိုအချိန်တွင် လဲကျသွားသူ၏ အဖော်နှစ်ယောက်သည် သူတို့၏အဖော် ခံလိုက်ရသည်ကိုမြင်သဖြင့် ထိတ်လန့်သွားကြပြီး မော့ကြည့်လာကြလေသည်။

ဖုကျိကအဆက်မပြတ်ပစ်ပေါက်နေသဖြင့် ထိုလူနှစ်ယောက် မော့ကြည့် လာသောအခါ ရှောင်တိမ်းနိုင်ခြင်း မရှိတော့ပါ။

သစ်သီးများ ထိမှန်ခံလိုက်ရပြီး....

'အား....'

'အမယ်လေး'

စူးရှစွာ အော်ဟစ်ကာ မြေပေါ်လဲကျ သွားကြလေတော့သည်။



မုပင်နှင့်လောက်တာ့တို့ ဒေါသခြောင်းခြောင်း ထွက်သွားကြလေ၏။

'သစ်ပင်ပေါ် ခုန်တက်ပြီး တိုက်ခိုက်ကြရအောင်'

လောက်တာ့က ပြောလိုက်ရာ မုပင် သဘောတူလိုက်လေသည်။

'ကောင်းပြီ'

သူတို့နှစ်ယောက်သည် ဗြာသံပေးကာ မြေပေါ်ခြေဆောင့်လိုက်ကြပြီး ခုန်တက်လာကြလေတော့သည်။

မိန်းကလေး စိုးရိမ်သွားဟန်ရှိ၏။

'မြန်မြန်ပစ်ပေါက်လိုက်စမ်း'

ဖုကျိကို ခပ်လောလောအော်ပြောလိုက်သည်။

ဖုကျိမှာ သူ၏လုပ်ရပ်ကြောင့် မည်သို့ဖြစ်ပေါ်လာနိုင်သည်ကို မသိပါ။

လောက်တာ့တို့အား ဟန့်တားလိုစိတ်တစ်ခုတည်းဖြင့် သစ်သီးများနှင့် ပစ်ပေါက်လိုက်လေသည်။

အဆက်မပြတ် ပစ်လွှင့်လာသည့် သစ်သီးများကို လောက်တာ့တို့လည်း မရှောင်နိုင်ကြတော့ပါ။

သစ်သီးများ ထိမှန်ခံရကာ....

'ဝုန်း....'

'အား....'

သစ်ပင်ပေါ်မှနေ၍ နှစ်ယောက်သား မြေပေါ် ခြေပစ် လက်ပစ် ပြုတ်ကျသွားကြလေတော့သည်။

....o....

လောက်တာ့တို ငါးယောက်သည် မြေပေါ်တွင် အတုန်းအရုန်း လဲကျနေကြပြီဖြစ်လေသည်။ ဖုကျိ ကြောင်အမ်းအမ်းဖြစ်နေ၏။

မိန်းကလေးက....

'အောက်ကိုဆင်းကြမယ်'

ဟု ပြောမှ ဖုကျိ သတိပြန်ဝင်လာသည်။

မိန်းကလေးကို ပွေ့ချီကာ အောက်ဘက်ခုန်ဆင်းလိုက်လေသည်။



မြေပေါ်သို့ ရောက်သည့်အခါမှ သူ၏လုပ်ရပ်သည် ဆိုးကျိုးဖြစ်ပေါ်နေသည်ကို တွေ့မြင်ရလေတော့သည်။

မုပင်နှင့် အဖော်းသုံးယောက်သည် မျက်လုံးကြီးများပြူးကာ မြေပေါ်တွင် စန့်စန့်ကြီး လဲကျနေကြလေသည်။

လောက်တာ့မှာ နှုတ်ခမ်းထောင့်မှ သွေးများစီးကျကာ တအင်းအင်းညည်းညူနေ၏။

ဖုကျိ ယူကြုံးမရ ဖြစ်သွားလေသည်။

လောက်တာ့အနီးသို့ ကပျာကယာ ချဉ်းကပ်သွားပြီး မေးမ လိုက်သည်။

'ခု....ခုလို....ဖြစ်ရတာ စိတ်မကောင်းပါဘူးဗျာ'

ဖုကျိက အမှန်တကယ် စိတ်မကောင်းဟန်ဖြင့် တောင်းပန် လိုက်ခြင်း ဖြစ်သည်။

လောက်တာ့က အံကြိတ်ရင်း....

'မင်း....ငါ့ကို သတ်ချင်ရင် သတ်ပစ်လိုက်ပါ၊ ဒီလိုတော့ မစော်ကားပါနဲ့'

အော်ပြောရင်း လောက်တာ့မှာ ချောင်းတဟွပ်ဟွပ် ဆိုး လာလေသည်။

'ဝေါ့'

သွေးများ အန်ထုတ်လိုက်သည်။ ဖုကျိ ပို၍ စိတ်မကောင်း ဖြစ်သွား၏။

'ကျွန်တော်က သစ်သီးနဲ့ပစ်လိုက်တာ၊ ဒီလောက်တောင် ဒဏ်ရာပြင်းပြင်းထန်ထန် ရသွားမယ်ဆိုတာ မသိတာအမှန်ပါ၊ သစ်ပင်ကြီးလဲသွားရင် ကျွန်တော်တို့ ဒုက္ခရောက်မှာမို့ ကြံရာမရတာနဲ့ ဟန့်တားမိတာပါ၊ ကျွန်တော် တောင်းပန်ပါတယ်ဗျာ'

ဖုကျိ၏စကားကို ကြားသည့်အခါ မိန်းကလေးက နှာခေါင်းရှုံ့လိုက်သည်။

သို့သော် ဘာတစ်ခုမျှတော့ ဝင်ပြောခြင်းမပြုချေ။

လောက်တာ့ မဲ့ပြုံးပြုံးလိုက်သည်။

'အေးပေါ့လေ၊ မင်းက မြောက်အရပ်က အတွင်းအားပညာကို တတ်မြောက်ထားတယ်ဆိုတော့ ပြောအားရှိတာပေါ့'

'ဗျာ....'

ဖုကျိ ကြောင်အမ်းအမ်း ဖြစ်သွား၏။

လောက်တာ့ကို နားမလည်နိုင်စွာကြည့်ရင်း....

'မြောက်အရပ်က အတွင်းအားပညာ ဟုတ်လား'

လောက်တာ့ အံ့ဩသွားပုံရသည်။

'ကိုယ်တတ်ထားတဲ့ပညာ ဘာလဲဆိုတာတောင် မင်းမသိတော့ဘူးလား၊ ကျုပ်ကို မစော်ကားချင်စမ်းပါနဲ့'



ဖုကျိက မိန်းကလေးအား လှမ်းကြည့်လိုက်လေသည်။

မိန်းကလေးက ...

'အေး....ငါက စေတနာထားပြီး မင်းကို သင်ပေးလိုက်တာပဲ၊ မင်း ဘာပြောချင်သလဲ'

မိန်းကလေး၏ ငေါက်ငမ်းမှုကြောင့် ဖုကျိ ခေါင်းကုတ်လိုက်မိလေတော့သည်။

မိန်းကလေးက အင်္ကျီရင်ဘတ်ကြားမှ ဘူးကလေးတစ်ခု နှိုက်ယူလိုက်၏။

ထို့နောက် ဘူးထဲမှ ရွှေရောင်ဆေးလုံးကလေးတစ်လုံး နှိုက်ယူကာ ဖုကျိအား လှမ်းပေးလိုက်သည်။

'သူ့ကို တိုက်လိုက်ပါ'

ထိုဆေးလုံးကလေးသည် အသက်ကယ်ဆေး ဖြစ်ရမည်ဟု ဖုကျိ ရိပ်မိလေသည်။

ထို့ကြောင့်....

'ကောင်းပါပြီဗျာ'

ဆေးလုံးကလေးကိုယူကာ လောက်တာ့အား တိုက်ကျွေးရန် ဟန်ပြင်လိုက်လေသည်။

လောက်တာ့က ငြင်းဆန်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် ရွှေရောင်ဆေးလုံးကလေး၏ အသွင်သဏ္ဍာန်နှင့် ဆေးလုံးလေးမှ ထွက်ပေါ်နေသော ထူးခြားသည့် မွှေးရနံ့ကို ရှူရှိုက်မိလိုက်ပြီး....

'ဒဏ်တစ်ရာကျေ အသက်ကယ်ဆေးပါလား'

လောက်တာ့၏နှုတ်မှ လွတ်ခနဲ ရေရွတ်လိုက်မိလေသည်။

'ဟုတ်တယ်၊ ရှင် ကံကောင်းတယ်မှတ်ပါ'

မိန်းကလေးက ပြောရင်း ဖုံကျုံအား စိုက်ကြည့်လိုက်ကာ....

'တိုက်လိုက်ပါ'

ဟု အမိန့်ပေးလိုက်လေသည်။

ဖုံကျုံက ဆေးတိုက်ကျွေးလိုက်၏။

လောက်တာ့လည်း ငြင်းဆန်ခြင်းမပြုတော့ဘဲ သောက်ချလိုက်၏။

ဖုံကျုံ ဝမ်းသာသွားလေသည်။

'ခင်ဗျား သက်သာသွားပြီ မဟုတ်လား'
ဟု မေးလိုက်၏။

လောက်တာ့က အဖြေမပေးပါချေ။

မိန်းကလေးအား ခြေဆုံးခေါင်းဆုံး စိုက်ကြည့်လိုက်ပြီး....



'မင်းက ဘာကြောင့် ငါ့အသက်ကို ကယ်ရတာလဲ'

လောက်တာ့က နားမလည်နိုင်ဟန်ဖြင့် မိန်းကလေးအား မေးလိုက်သည်။

မိန်းကလေးက နှာခေါင်း ရှုံ့လိုက်သည်။

'ကျုပ်က ကယ်ချင်လို့ ကယ်တယ်များ မှတ်နေသလား၊ မင်းကို အသုံးချစရာရှိလို့ ဆိုတာ မှတ်ထားစမ်းပါ'

သူမသည် လောက်တာ့ထက်ပင် အသက်ကြီးရင့်သူ တစ်ယောက်အလား ပြောဆိုနေ၏။

သူမအကြောင်းကို သိထားသည့် ဖုံကျုံ ဘာမျှမဖြစ်သော်လည်း လောက်တာ့မှာ တအံ့တဩ ဖြစ်သွားရလေတော့သည်။

'မင်း တော်တော်ရိုင်းပါလား'

မိန်းကလေး မျက်လုံးပြူးသွားသည်။

'ငါက ရိုင်းတယ်ဟုတ်လား၊ မင်းကသာ လူကြီးသူမကို မရိုသေတာ'

'ဘာပြောတယ်'

မိန်းကလေးက ဆက်မပြောတော့ဘဲ ကောင်းကင်ပေါ် မော့ကြည့်လိုက်လေသည်။

နေဝန်းနီမှာ ကောင်းကင်အလယ်ဗဟိုတည့်တည့်သို့ ရောက်ရှိနေပြီဖြစ်သည်။

မိန်းကလေးက သက်ပြင်းချလိုက်သည်။

ထို့နောက် ဖုကျိုကိုကြည့်ကာ....

'ကျုပ်က နေမွန်းတည့်ချိန်မှာ သိုင်းပညာ လေ့ကျင့်ဖို့ရှိနေတယ်'

ဟု လှမ်းပြောသည်။

ဖုကျိုက မည်သို့မျှ သဘောမထားဘဲ....

'ဘွားဘွား သဘောအတိုင်းပါပဲဗျာ'

ဟု ပြန်ပြောလိုက်လေသည်။

မိန်းကလေးက ဖုကျိုကို စိုက်ကြည့်လိုက်ပြီး....

'ငါသိုင်းပညာ လေ့ကျင့်နေတဲ့အချိန်မှာ ဘယ်သူမှလာပြီး မနှောက်ယှက်ရအောင် မင်းတာဝန်ယူပြီး စောင့်ရှောက်ရလိမ့်မယ်'

သူမသည် အမြဲတမ်း ကြီးကြီးကျယ်ကျယ် ပြောတတ်သကဲ့သို့ ယခုလည်း ပြောနေပြန်ပြီဟု ဖုကျိုတွေးကာ ပြုံးလိုက်မိလေသည်။

'ငါပြောတာ မင်းကြားတယ် မဟုတ်လား'

မိန်းကလေးက ဟိတ်ကြီးဟန်ကြီးဖြင့် ပြောလိုက်ပြန်လေသည်။

'ကြားပါတယ် ဘွားဘွားရယ်'



'အေး....မင်းကို ငါသိုင်းပညာသင်ပေးထားပြီးပြီ၊ တကယ်လို့ ငါသိုင်းလေ့ကျင့်နေတုန်း ရန်သူရောက်လာရင် ငါသင်ပေးထားတဲ့ပညာနဲ့ ဆုံးမလိုက်ပေတော့'

'ကောင်းပါပြီဗျာ'

နေမွန်းတည့်နေပြီဖြစ်ရာ မိန်းကလေးမှာ အချိန်မဖြုန်းနိုင်တော့သည့်အလား မြေပေါ် တင်ပျဉ်ခွေ ထိုင်ချလိုက်လေသည်။

သူမသည် မျက်လုံးစုံမှိတ်သွားပြီး လက်တစ်ဘက်ကအပေါ် မြှောက်၍ လက်ချောင်းကို နေဝန်းရှိရာသို့ညွှန်ကာ ကျန်လက်တစ်ဘက်က အောက်စိုက်ထားပြီး လက်ချောင်းနှစ်ချောင်းက မြေကြီးကိုညွှန်သည့် ပုံသဏ္ဌာန် ပြုလုပ်လိုက်သည်။

ထို့နောက် အသက်ကို မှန်မှန်ရှူရှိုက်နေလိုက်သည်။

ဖုကျိုနှင့် လောက်တာ့တို့မှာ သူမ သိုင်းပညာ လေ့ကျင့်နေပုံကို တအံ့တသြ ငေးမော ကြည့်ရှုနေမိကြလေတော့သည်။

....●....

မိန်းကလေးသည် အတွင်းအားပညာကို လေ့ကျင့်နေခြင်း ဖြစ်၏။

ဖုကျိုနှင့် လောက်တာ့တို့က ငေးမော ကြည့်နေမိကြလေ သည်။

လောက်တာ့မှာ ငေးကြည့်ရင်း သူခံစားနေရသော ဝေဒနာ များ တဖြည်းဖြည်း သက်သာလာသည်ဟု ခံစားရလေ၏။

မိန်းကလေး၏ ရွှေရောင်ဆေးလုံးကလေးကို သောက်လိုက် ပြီး မကြာမီ တစ်ကိုယ်လုံး နွေးနွေးထွေးထွေးဖြစ်ကာ သက် သာလာခြင်းပင်ဖြစ်ပေသည်။

'ငါက သူ့ကို ဒုက္ခပေးမိတယ်၊ သူကတော့ ငါ့ကို အသက် ကယ်ခဲ့ပါလား'

လောက်တာ့သည် တွေးရင်း မိန်းကလေးအား ကြိတ်၍ ကျေးဇူးတင်နေမိလေသည်။

ထိုအချိန်တွင် ထူးခြားသော ဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာ သည်ကို တွေ့မြင်လိုက်ရလေသည်။

မိန်းကလေးမှာ တင်ပျဉ်ခွေထိုင်နေရာမှ သူမ၏ ဖြူဖပ် ဖြူ ရော် မျက်နှာလေးမှာ သွေးရောင် လွှမ်းကာ တဖြည်းဖြည်း ပန်းနုရောင်သန်းလာသည်ကို တွေ့မြင်လိုက်ရခြင်း ဖြစ်လေသည်။

လောက်တာ့သာမက ဖုကျိုပါ စိတ်ဝင်စားသွား၏။



မိန်းကလေးအား မျက်တောင်မခတ် စိုက်ကြည့်နေမိကြလေ တော့သည်။

မိန်းကလေး၏မျက်နှာသည် သွေးရောင်ကြောင့် ပန်းနုရောင် သန်းသွားရာမှ အရောင်ရင့်ကာ တဖြည်းဖြည်း နီရဲလာ၏။

မကြာပါချေ။

မီးတောက်မီးလျှံ တစ်ခုပမာ မျက်နှာတစ်ခုလုံး ရဲရဲနီလာ လေတော့သည်။

လွန်စွာ ထူးဆန်းအံ့သြဖွယ်ရာ ကောင်းလှတော့သည်။

'ဘယ်လိုဖြစ်တာပါလိမ့်'

ဖုကျို လွှတ်ခနဲ ရေရွတ်မိလေသည်။

လောက်တာ့ကလည်း....

'အတော့်ကို ထူးဆန်းတယ်'

ဟု မအောင့်အည်းနိုင်တော့ဘဲ ပြောလေသည်။

သူတို့နှစ်ယောက် စိတ်ဝင်စားစွာ ကြည့်နေကြစဉ်မှာပင် ပြောင်းလဲမှုများ ဆက်တိုက်ဖြစ်ပေါ်လာလေသည်။

ရုတ်တရက် ရဲရဲနီနေသော မိန်းကလေး၏ မျက်နှာသည် အဖြူရောင်သို့ ကူးပြောင်းသွား၏။

မျက်နှာတစ်ခုလုံး ဖြူဖွေးသွားပြီး မကြာမီ သူမ၏ဦးခေါင်းမှ အဖြူရောင် အခိုးအငွေ့များ တထောင်းထောင်းထလာသည်ကို တွေ့မြင်ကြရလေသည်။

'မိုးအောက်မြေပြင်ပညာ'

ကြည့်ရင်းကြည့်ရင်းမှပင် လောက်တာ့၏နှုတ်မှ လွှတ်ခနဲရေတ်လိုက်မိလေသည်။

ဖုကျို က သူ့အား မျက်မှောင်ကြုတ်ကာ ကြည့်လိုက်သည်။

'ကျုပ်မမှားနိုင်ဘူး၊ သူဟာ မိုးအောက်မြေပြင် ပညာကို လေ့ကျင့်နေတာပဲ၊ ဒီလိုပညာရပ်မျိုးကို နှစ်ပေါင်းငါးဆယ်လောက် အတွင်းအား ကျင့်ကြံပြီးခဲ့တဲ့ လူမှသာ လေ့ကျင့်နိုင်တာ'

လောက်တာ့က တအံ့တဩ ပြောလိုက်၏။

ဖုကျို မျက်မှောင်ကြုတ်သွားသည်။

'သူက နှစ်ပေါင်းငါးဆယ် အတွင်းအားလေ့ကျင့်ခဲ့တဲ့လူ ဖြစ်နိုင်ပါ့မလားဗျာ'

လုံးဝ မယုံကြည်နိုင်ဟန်ဖြင့် ဖုကျို က ပြန်ပြောလိုက်ခြင်းဖြစ်သည်။



လောက်တာ့ ငိုင်သွား၏။

မိန်းကလေးအား သေသေချာချာ စိုက်ကြည့်လိုက်သည်။

သူမ၏ အသွင်သဏ္ဍာန်မှာ အသက်ဆယ်နှစ်ကျော် အရွယ်မျှသာ ရှိသေးသည်ဟု ထင်မှတ်ရ၏။

မည်သူမဆို သူမအား အသက်ဆယ်နှစ်ကျော် အရွယ်မျှသာ ရှိသေးသော မိန်းကလေးဟု ထင်မှတ်ကြမည်သာဖြစ်သည်။

သူတို့ ကြည့်နေစဉ်မှာပင် သူမ၏ဦးခေါင်းပေါ်၌ အဖြူရောင် အခိုးအငွေ့များ တထောင်းထောင်း ထွက်ပေါ်လျက်ရှိသည်။

လောက်တာ့ မည်သို့ပြောရမှန်း မသိတော့သဖြင့် ပါးစပ်ပိတ်ထားလိုက်ရလေတော့သည်။

ထိုအချိန်မှာပင် မယုံကြည်နိုင်စရာကောင်းသည့် ပြောင်းလဲမှုတစ်ရပ်အား ဖုကျို နှင့် လောက်တာ့တို့ မြင်တွေ့လိုက်ရပြန်လေသည်။

မိန်းကလေး၏မျက်နှာမှာ တဖြည်းဖြည်းရင့်လာပြီး အသက်နှစ်ဆယ်ခန့်ရှိသော မိန်းကလေးအသွင်မှ အသက်ဆယ့်ခုနစ်နှစ်၊ ဆယ့်ရှစ်နှစ်ခန့်အရွယ် မျက်နှာသွင်ပြင်သို့ ကူးပြောင်းသွားခြင်းဖြစ်လေသည်။

ဖျော့ကျ ိ နှင့် လောက်တတွ်ို ကြက်သေသေကာ ငေးကြည့်နေမိစဉ်မှာပင်....

'ဝုန်း....'

ကျယ်လောင်သော မြည်ဟည်းသံနှင့်အတူ မိန်းကလေးသည် မြေပေါ်မှ ခုန်ထလာလေတော့သည်။

(ပထမပိုင်း....ပြီး၏။)

ဒုတိယပိုင်း ဇာတ်သိမ်း ဆက်လက်ဖတ်ရှုပါရန်

မိုးကျော်သူ